
စိတ်ကူးချိုချိုအနုပညာ



# နိုးဂရိုးတော်လှန်ရေး

## အထောက်တော်လှအောင်

မြန်လေညီရိုက်နှိပ်ခြင်း

mgyoe.com

"တော်လှန်ရေး"ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်သည်
အဟောင်းတို့ကို ချုပ်ငြိမ်းစေပြီး အသစ်တို့ကို ပေါ်ထွန်းစေခြင်းပင် ဖြစ်ပါ၏။
အမေရိကန်ပြည်ထောင်စုရှိ နီးဂရိုးတို့၏ အုံကြွလှုပ်ရှားမှုကြီးသည်
ယင်းအင်္ဂါရပ်များကို ဆောင်ယူသည်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများကို
နီးဂရိုးတို့ ဆုံးရှုံးနေကြရ၏။ လူသားတိုင်း ရသင့်ရထိုက်သည့်
လူမှုအခွင့်အရေးများ ရုပ်သိမ်းခြင်း ခံနေကြရ၏။
ထို လောကပါလတရားများ၊ လူမှုအခွင့်အရေးများ ပြန်လည်ရရှိရန်အတွက်
နီးဂရိုးတို့ အုံကြွတောင်းဆိုကြသည်။ ထိုမှတစ်ဆင့်
တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲလာကြသည်။

ဖိနှိပ်သူများ၊ ကျူးကျော်သူများဘက်က တရားလက်လွတ်
ပိုမိုပြုကျင့်လာသည်နှင့်အမျှ အဖိနှိပ်ခံရသူများ၊ အကျူးကျော်ခံရသူများသည်
ပိုမိုစည်းလုံးစမြဲ ဖြစ်သည်။ ပိုမိုအုံကြွစမြဲ ဖြစ်သည်။
နီးဂရိုးတို့သည် အမေရိကန်နိုင်ငံသားများပင် ဖြစ်၏။
အမေရိကန်ပြည်ထောင်စုကြီးနှင့် ကောင်းတူဆိုးဖက် ခေတ်အဆက်ဆက်တွင်
နေထိုင်ခဲ့ကြ၏။ အမေရိကန်ပြည် လွတ်မြောက်ရေးတိုက်ပွဲများတွင်
စွမ်းစွမ်းတမံ ပါဝင်ဆင်နွှဲခဲ့ကြ၏။ ပြည်ပရန်မှန်သမျှကိုလည်း
လူဖြူများနှင့် ဒိုးတူပေါင်ဖက် အတူတကွ ရင်ဆိုင်ခဲ့ကြ၏။
သို့သော် လူဖြူနှင့် နီးဂရိုးတို့၏ စည်းလုံးညီညွတ်ရေးမှာမူ ပျက်ပြား၍နေချေသည်။
တစ်နိုင်ငံတည်းသားချင်း စည်းလုံးညီညွတ်မှု ပျက်ပြားကြသောအခါ၊
ပဋိပက္ခဖြစ်ပွားကြသောအခါ၊ အထင်အမြင် လွဲမှားကြသောအခါ
အဖြေရှင်းရခက်လေ့ ရှိစမြဲပင်။

တစ်ပြည်ထောင်ဖွား တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးသည်
တိုင်းပြည်တစ်ပြည်အတွက် မရှိမဖြစ် လိုအပ်သော အချက်ပင်ဖြစ်၏။
တိုင်းရင်းသားချင်း အထင်အမြင် မလွဲမှားရေး၊ စည်းလုံးညီညွတ်ရေးကသာလျှင်
နိုင်ငံတစ်ခု၏ ကံကြမ္မာအဆိုးအကောင်းကို ဖန်တီးကြောင်း
လူ့သမိုင်း၏ အတွေ့အကြုံများအရ
ကျွန်တော်တို့ သိရှိနားလည်ခဲ့ကြပါသည်။

Today Book Store
4200.00Ks.
N01636

mgyoe.com

နီးဂရိုးတော်လှန်ရေး အထောက်တော်လှအောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၉၆++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၆၈၊ ယမင်းစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၄ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


- စာရေးသူအမှာ (က)
၁။ တော်လှန်ရေးခေါင်းလောင်းသံ ၁
၂။ လောကတစ်ခု ပျက်သုဉ်းခြင်း ၆
၃။ အမေရိကန်တော်လှန်ရေးနှင့် နောက်ပိုင်းကာလ ၁၉
၄။ ပြည်တွင်းစစ်ကြိုခေတ် ၄၂
၅။ ပြည်တွင်းစစ်ကာလ ၅၀
၆။ ပြည်တွင်းစစ်ပြီးကာလ ၆၃
၇။ ကျွန်ဘဝသို့ ပြန်ပို့ခြင်း ၇၆
၈။ နီးဂရိုး အဖွဲ့အစည်းများ ၈၇
- နီးဂရိုးများ တိုးတက်ရေး အမျိုးသားအဖွဲ့ ၉၀
- မြို့နေနီးဂရိုး အမျိုးသားအဖွဲ့ချုပ် ၉၇
- တောင်ပိုင်းနယ် ခရစ်ယာန်ခေါင်းဆောင်မှုအဖွဲ့ ၉၈
- လူမျိုးမရွေး အခွင့်အရေးတန်းတူခံစားရေး ကွန်ဂရက် ၁၀၀
- ကျောင်းသားများ အကြမ်းမဖက်ရေး
ပူးပေါင်းဆောင်ရွက်မှုကော်မတီ ၁၀၁
- တော်လှန်ရေး လှုပ်ရှားမှုအဖွဲ့ ၁၀၅
- ကာကွယ်ရေးနှင့် တရားမျှတရေး တိုက်ပွဲဝင်များအဖွဲ့ ၁၀၆
- လူမည်းအာဏာအဖွဲ့ ၁၀၆
၉။ အထင်သေးရေး ဘူးသွင်းခြင်း ၁၁၄
၁၀။ မာတင်တိုက်ပွဲများ ၁၂၁


mgyoe.com

mgyoe.com


၁၁။ လွတ်လပ်မှု ချီတက်ပွဲ ၁၃၃

၁၂။ တရားမျှတသော လူဖြူများ ၁၅၈

၁၃။ နစ်နာခြင်းနှင့် တိုးတက်ခြင်း ၁၇၀

- ပညာရေး ၁၇၀
- နိုင်ငံရေး ၁၈၁
- အလုပ်သမားရေး ၁၈၅
- နီးဂရိုးဘုရားရှိခိုးကျောင်းများ ၁၉၁

၁၄။ နီးဂရိုးများနှင့် အမေရိကန်အစိုးရ ၁၉၅

၁၅။ နီးဂရိုးတော်လှန်ရေးနှင့် ကမ္ဘာ့သဘောထား ၂၀၉

၁၆။ မူဆလင်မည်း ၂၁၈

၁၇။ သွေးချောင်းစီးသော တိုက်ပွဲများ ၂၃၂

- နွေရာသီရောဂါ ၂၃၃
- ယမ်းပုံမီးကျခြင်း ၂၃၄
- ၁၂ လမ်း သို့မဟုတ် စစ်မြေပြင် ၂၃၆
- စုံစမ်းစစ်ဆေးရေး ၂၅၁
- ပထမဆုံး နီးဂရိုးမြို့တော်ဝန် ၂၅၆

၁၈။ နောက်ဆက်တွဲ (၁) ၂၅၉

၁၉။ နောက်ဆက်တွဲ (၂) ၂၆၁

၂၀။ နောက်ဆက်တွဲ (၃) ၂၆၃

၂၁။ နောက်ဆက်တွဲ (၄) ၂၆၅

၂၂။ နောက်ဆက်တွဲ (၅) ၂၆၉

- သူ့ဘဝ ၂၈၇
- သူ့စကား ၂၈၉
- သူ့ကိုသတ်သူ ၂၉၀
- အဓိကရုဏ်းကြီးများ ၂၉၁

၂၃။ ညှိနှိုင်းကိုးကားသောကျမ်းများ ၂၉၅




mgyoe.com

mgyoe.com

## စာရေးသူအမှာ

ဟောင်းနွမ်းဆွေးမြေ့ကာ ပျက်စီးယိုယွင်းလာသော စနစ်တစ်ခုကို အပြီးတိုင်ဖယ်ရှားပြီး သစ်လွင်သော၊ တိုးတက်သော၊ မှန်ကန်သော စနစ်တစ်ခုဖြင့် အစားထိုးခြင်းသည် လူ့လောကအတွက် လိုအပ်သည်။

ယင်းကဲ့သို့ စနစ်ဟောင်းနှင့်စနစ်သစ်တို့ အပြောင်းအလဲလုပ်ကြခြင်းကို **"တော်လှန်ရေး"** ဟု ဆိုရပါမည်။

"တော်လှန်ရေး"ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်သည် အဟောင်းတို့ကို ချုပ်ငြိမ်းစေပြီး အသစ်တို့ကို ပေါ်ထွန်းစေခြင်းပင် ဖြစ်ပါ၏။ မတရားသော၊ ခေတ်နှင့် အံမဝင်သောစနစ်ကို တရားသော၊ ခေတ်နှင့် အံဝင်သောစနစ်ဖြင့် သုတ်သင်ဖယ်ရှားခြင်းပင် ဖြစ်ပါ၏။ မမှန်ကန်သောစနစ်ကို မှန်ကန်သောစနစ်ဖြင့် အစားထိုးခြင်းပင် ဖြစ်ပါ၏။ ထိုသို့သော အင်္ဂါရပ်တစ်ခုခု ပါဝင်လျှင် တော်လှန်ရေး မည်ပါသည်။

အမေရိကန်ပြည်ထောင်စုရှိ နီးဂရိုးတို့၏ အုံကြွလှုပ်ရှားမှုကြီးသည် ယင်းအင်္ဂါရပ်များကို ဆောင်ယူသည်။ ထို့ကြောင့် တော်လှန်ရေးမည်ပေရာ ဤစာအုပ်ကို **"နီးဂရိုး တော်လှန်ရေး"** ဟု ကျွန်တော် အမည်ပေးပါသည်။

mgyoe.com

mgyoe.com



လွတ်လပ်ခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလ တရားများကို နီးဂရိုးတို့ ဆုံးရှုံးနေကြရ၏။ လူသားတိုင်း ရသင့်ရထိုက်သည့် လူမှုအခွင့်အရေးများ ရုပ်သိမ်းခြင်း ခံနေကြရ၏။ ထို လောကပါလတရားများ၊ လူမှုအခွင့်အရေးများ ပြန်လည်ရရှိရန်အတွက် နီးဂရိုးတို့ အုံကြွတောင်းဆိုကြသည်။ ထိုမှတစ်ဆင့် တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲလာကြသည်။

စနစ်ကျသော တော်လှန်ရေးတစ်ရပ်ကား မဟုတ်သေးပါ။ လူလားမြောက်ပြီဖြစ်သော တော်လှန်ရေးကား မဟုတ်သေးပါ။ မြေစမ်းခရမ်းပျိုးစ၊ လမ်းလျှောက်သင်စ တော်လှန်ရေးမျှပင် ရှိပါသေးသည်။

ဖိနှိပ်သူများ၊ ကျူးကျော်သူများဘက်က တရားလက်လွတ် ပိုမိုပြုကျင့်လာသည်နှင့်အမျှ အဖိနှိပ်ခံရသူများ၊ အကျူးကျော်ခံရသူများသည် ပိုမိုစည်းလုံးစမြဲ ဖြစ်သည်။ ပိုမိုအုံကြွစမြဲ ဖြစ်သည်။ စည်းလုံးခိုင်မာ၍ အုံကြွမှု ပြင်းထန်လာသောအခါတွင် တော်လှန်ရေးဒီရေသည် အရှိန်အဟုန် ကြီးမားပြင်းထန်စမြဲ ဖြစ်၏။ တော်လှန်ရေးဒီရေအဟုန် ကြီးမားပြင်းထန်သည်နှင့်အမျှ ပို၍ပို၍ စနစ်ကျသော တော်လှန်ရေးတစ်ရပ်အဖြစ်သို့ မလွဲမသွေ ရောက်ရပေမည်။

ထို့ကြောင့် ယနေ့ဆင်နွှဲနေသည့် နီးဂရိုးတော်လှန်ရေးသည် ပီပီပြင်ပြင် မဖြစ်သေးသော်လည်း ဖိနှိပ်သူများ၊ ကျူးကျော်သူများဘက်က နောက်မဆုတ်တမ်း ဆက်လက်ဖိနှိပ် ကျူးကျော်လာပါမူ တစ်နေ့သောအခါတွင် စနစ်ကျသည့် တော်လှန်ရေးကြီးတစ်ရပ် မုချ ပေါ်ပေါက်လာရပါမည်။

နီးဂရိုးတို့သည် အမေရိကန်နိုင်ငံသားများပင် ဖြစ်၏။ အမေရိကန်ပြည်ထောင်စုကြီးနှင့် ကောင်းတူဆိုးဖက် ခေတ်အဆက်ဆက်တွင် နေထိုင်ခဲ့ကြ၏။ အမေရိကန်ပြည် လွတ်မြောက်ရေးတိုက်ပွဲများတွင် စွမ်းစွမ်းတမံ ပါဝင်ဆင်နွှဲခဲ့ကြ၏။ ပြည်ပရန်မှန်သမျှကိုလည်း လူဖြူများနှင့် ဒိုးတူပေါင်ဖက် အတူတကွ ရင်ဆိုင်ခဲ့ကြ၏။

mgyoe.com

mgyoe.com



သို့သော်. . . လူဖြူနှင့် နီးဂရိုးတို့၏ စည်းလုံးညီညွတ်ရေး မှာမူ ပျက်ပြား၍နေချေသည်။ တစ်နိုင်ငံတည်းသားချင်း စည်းလုံး ညီညွတ်မှု ပျက်ပြားကြသောအခါ၊ ပဋိပက္ခဖြစ်ပွားကြသောအခါ၊ အထင်အမြင် လွဲမှားကြသောအခါ အဖြေရှာရခက်လှေ့ ရှိစမြဲပင်။ ယခုလည်း ဖြေရှင်း၍ မပြေလည်နိုင်အောင်၊ မပြီးပြတ်နိုင်အောင် ဖြစ်နေရသည်။

တစ်ပြည်ထောင်ဖွား တိုင်းရင်းသားအချင်းချင်း စည်းလုံး ညီညွတ်ရေးသည် တိုင်းပြည်တစ်ပြည်အတွက် မရှိမဖြစ် လိုအပ် သော အချက်ပင်ဖြစ်၏။ တိုင်းရင်းသားချင်း အထင်အမြင် မလွဲမှား ရေး၊ စည်းလုံးညီညွတ်ရေးကသာလျှင် နိုင်ငံတစ်ခု၏ ကံကြမ္မာ အဆိုးအကောင်းကို ဖန်တီးကြောင်း လူ့သမိုင်း၏ အတွေ့အကြုံများ အရ ကျွန်တော်တို့ သိရှိနားလည်ခဲ့ကြပါသည်။

တိုင်းရင်းသားချင်း မညီညွတ်မှုကြောင့် မီးဟုန်းဟုန်း တောက်နေရသည့် အမေရိကန်ပြည်၏ ယနေ့အခြေအနေသည် ကျွန်တော်တို့ကို လမ်းမှားမလိုက်မိစေရန် ဟန့်တားသည်နှင့်လည်း တူညီပါသည်။ ကျွန်တော်တို့နိုင်ငံအတွင်း တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို ပိုမိုခိုင်မြဲသည်ထက် ခိုင်မြဲအောင် တည်ဆောက်ရန် တိုက်တွန်းနေသည်နှင့်လည်း တူညီပါသည်။ သတိပေးနေသည်နှင့် လည်း တူညီပါသည်။

ထို့ကြောင့် "နီးဂရိုးတော်လှန်ရေး" ကို ကြီးမားသော ရည် ရွယ်ချက်၊ ခိုင်မာသောယုံကြည်ချက်ဖြင့် အားကြိုးမာန်တက် ကျွန်တော် ရေးပါ၏။

မူလက ဤစာအုပ် ဤမျှကျယ်ပြန့်လာလိမ့်မည် မထင်ပါ။ စာရေးဆရာ အောင်ဗလက (The Negro Revolt) ဟူသော စာအုပ်တစ်အုပ် ကျွန်တော့်ကိုပေးသည်။ ဘာသာပြန်လိုက ပြန်ရန် ဖြစ်သည်။ ၁၉၆၇ ခုနှစ် ဇူလိုင်လအတွင်းက ထိုစာအုပ် ကျွန်တော့် လက်ထဲ ရောက်လာခဲ့၏။ ဖတ်ကြည့်ရာ သဘောကျသဖြင့် ဘာသာ ပြန်ရန် ပြင်ဆင်သည်။

mgyoe.com

mgyoe.com



ပြင်ဆင်နေရင်းဖြင့်ပင် နီးဂရိုးတို့နှင့် ပတ်သက်သည့် တွေ့သမျှစာအုပ်များကို ဝယ်ယူစုဆောင်းမိသည်။ တဖြည်းဖြည်းနှင့် နီးဂရိုးအရေးအခင်း စာအုပ်တွေ ပုံလာ၏။ ဆရာ အောင်ဗလ၏ စာအုပ်တစ်အုပ်တည်းကို ဘာသာပြန်မည့်အစား လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကို စေ့ငုလေ့လာပြီး "နီးဂရိုးတော်လှန်ရေး" စာအုပ်တစ်အုပ်ရေးရန် ကျွန်တော် ပိုင်းဖြတ်ခဲ့ပါသည်။

သို့ဖြင့် ကျွန်တော့်လုပ်ငန်းသည် စာအုပ်တစ်အုပ်ကို ဘာသာပြန်ရသော လုပ်ငန်းထက် ပိုပြီး ကြီးထွားကျယ်ပြန့်သွားတော့၏။ ကြီးထွားကျယ်ပြန့်လာလျှင် ကျွန်တော် အချိန်ယူရတော့မည်။ လုံလောက်သောအချိန်ကို ရပါမှ စိတ်တိုင်းကျ လေ့လာနိုင်မည်။ စိတ်တိုင်းကျ ရေးနိုင်မည်။ ပို၍ပို၍ ပြည့်စုံသော စာအုပ်တစ်အုပ်ဖြစ်လာအောင် ဖန်တီးနိုင်မည်။

ဗလာစာအုပ်များတွင် မှတ်စုများ တေးရင်းဖြင့်လည်းကောင်း၊ ရေးနိုင်သလောက် ရေးရင်းဖြင့်လည်းကောင်း တစ်လပြီး တစ်လ အချိန်ကုန်လာ၏။ အပြီးသတ်နိုင်ရန်ကား အချိန်များစွာ လိုနေသည်။ ပြီးစလွယ် မရေးလိုသောကြောင့် ကျွန်တော် စိတ်ရှည်ရှည်ထားခဲ့ပါသည်။ ဤစာအုပ်ကို ရေးနေသည့်ကြားမှာပင် တစ်အုပ်ချင်း ဘာသာပြန်နိုင်သော **"အာရပ် အစ္စရေးလ် ၆ ရက်စစ်ပွဲ"** နှင့် **"သမီးစတာလင်"** စာအုပ်နှစ်အုပ် ဘာသာပြန်ဆိုပြီးစီးသွားသည်။ ယခုမူ ခြောက်လကျော်ကျော် အချိန်ယူခဲ့ရသော "နီးဂရိုးတော်လှန်ရေး" ကား ပြီးဆုံးသွားပါပြီ။

ဤစာအုပ်တွင် စာရင်းအတိအကျ၊ ခုနှစ်သက္ကရာဇ် နေ့စွဲအတိအကျ၊ လူပုဂ္ဂိုလ်အတိအကျ၊ အရပ်ဒေသအတိအကျ၊ စာအုပ်စာတမ်း အတိအကျများကို ကျွန်တော် လက်လှမ်းမီသလောက် အစွမ်းကုန် ရှာဖွေစုဆောင်းကာ အတတ်နိုင်ဆုံး ကြိုးစားဖော်ပြထားပါသည်။

သို့သော်လည်း နောက်ပိုင်းဖြစ်ပွားသည့် လူဖြူလူမည်း အဓိကရုဏ်းများနှင့် ပတ်သက်သော စာရင်းဇယားများကိုမူ

mgyoe.com

mgyoe.com



ကျွန်တော် လုံးဝရှာဖွေမတွေ့ရှိပါ။ ကျဆုံးသူ၊ ဒဏ်ရာရသူများ အနက် လူဖြူမည်မျှ၊ နီးဂရိုးမည်မျှ စသည့် စာရင်းအတိအကျ များကိုမူ ကျွန်တော် ခွဲခြားမဖော်ပြနိုင်ပါ။

ကျွန်တော် အားကိုးတကြီး လက်ကိုင်ပြုရသည့် အထောက်အထားများသည် အမေရိကန် စာနယ်ဇင်းများ ဖြစ်ပါသည်။ ကျွန်တော် လက်လှမ်းမီသော ၎င်းစာနယ်ဇင်းများတွင် စာရင်းဇယား ခွဲခြားဖော်ပြခြင်း မရှိသဖြင့် ကျွန်တော် လက်လျှော့ရပါသည်။ သို့သော် ဓာတ်ပုံများကိုကား စုံနိုင်သမျှ အစုံအလင်ဆုံး ဖြစ်အောင် စုဆောင်းထည့်သွင်း ဖော်ပြထားပါ၏။ ခုနှစ်သက္ကရာဇ် တစ်ခု၊ နေ့စွဲတစ်ခု၊ အဖြစ်အပျက်တစ်ခု၊ နာမည်တစ်ခုမျှ ရရန် အတွက် စာအုပ်ပေါင်းများစွာ၊ စာတမ်းပေါင်းများစွာကို လှန်လှော ဖတ်ရှု လေ့လာခဲ့ရပါ၏။

မည်သို့ပင်ဆိုစေ ကျွန်တော် အစွမ်းကုန် ကြိုးစားပါလျက်နှင့် ဤစာအုပ်တွင် အမှားအယွင်း တစ်စုံတစ်ရာ၊ မပြည့်စုံမှုတစ်ခုခု ပါရှိနေဦးမည်ဆိုလျှင် ကျွန်တော်၏ မပြည့်ဝမှုကြောင့်သာ ဖြစ်ပါသည်။ ကျွန်တော်၏ ပညာနုနယ်မှုကြောင့်သာ ဖြစ်ပါသည်။ အမှန်ဖြစ်စေလိုသူများ၊ အမှန်ကို မြင်တွေ့ထားသူများ၏ သွန်သင်ချက်ကို လေးစားစွာခံယူပါမည်။ ဟာကွက်၊ လစ်ဟင်းချက်များကို ထောက်ပြသူများ၏ ပြင်ဆင်ချက်ကို နာယူပါမည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မာတည်မြဲရန် အတွက် အဓိက ဦးတည်ချက်ထားသော ကျွန်တော်၏ ခံယူချက်ကို စာဖတ်သူများအနေဖြင့် အသိအမှတ်ပြုနိုင်ကြမည် ဆိုပါက ကျွန်တော် ပင်ပန်းရကျိုးနပ်ပြီဟု သဘောပိုက်ပါသည်။

အထောက်တော်လှအောင်

အင်းစိန်၊ ဇန်နဝါရီ ၂၅ ရက်၊ ၁၉၆၈။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အခန်း(၁)

# တော်လှန်ရေးခေါင်းလောင်းသံ

တစ်နေ့ကုန်ခဲ့လေပြီ။

မစ္စစ်ရှိဇာပတ်မှာ ပင်ပန်းနွမ်းနယ်နေ၏။ မောင်ဂိုမာရီကုန်တိုက်ကြီးတွင် စက်ချုပ်သမအဖြစ် တစ်နေ့ကုန် အလုပ်လုပ်နေရသည်။ မောင်ဂိုမာရီကုန်တိုက်သည် မြောက်မြားလှစွာသော ဖောက်သည်တွေဖြင့် အရောင်းသွက်လှ၏။ အဝတ်အစားအပ်သူတွေ တစ်သုတ်ပြီးတစ်သုတ်၊ တစ်ဦးပြီးတစ်ဦး၊ ပစ္စည်းဝယ်သူတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လာမစဲတသဲသဲဖြင့် လက်မလည်နိုင်အောင် ရှိနေကြသည်။

မစ္စစ်ရှိဇာပတ်သည် အဝတ်ချုပ်သူတို့၏ ကိုယ်တိုင်းများကို ယား၍မှမကုတ်နိုင်အောင် တိုင်းထွာပေးနေရ၏။ အဝတ်အစားချုပ်သူတွေ၊ ကိုယ်တိုင်းယူသူတွေ၊ ပေကြိုးတွေ၊ အဝတ်စတွေကြားမှာ ချာချာလည်နေ၏။ ညအချိန်သို့လည်း ရောက်လှပြီ။ အပြင်မှာ မီးပွင့်တို့ လင်းစပြုပြီ။ ညအချိန်သို့ ရောက်ခြင်းဟူသည်ကား မစ္စစ်ရှိဇာပတ် အတွက် ကိုယ့်အိုးကိုယ့်အိမ်မှာ အေးအေးချမ်းချမ်း အနားယူခွင့်ရတော့မည်ဟူသော လက္ခဏာပင်တည်း။

မှန်ပါသည်။ ကိုယ့်အိုးကိုယ့်အိမ်၌ အနားယူခြင်းဟူသည်မှာ မစ္စစ်ရှိဇာပတ် အတွက် တန်ဖိုးမဖြတ်နိုင်သော အဓိပ္ပာယ်လေးနက်သော၊ တပ်မက်စဖွယ်သော၊ တစ်နေ့ကုန် တစ်နေ့ခန်းလည်း မှန်းမျှော်တမ်းတခဲ့ရသော စကားလုံးများပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


မုဆိုးမဘဝဖြင့် ရုန်းကန်လှုပ်ရှားခဲ့ရသည့် မစ္စစ်ရိဇာပတ်သည် အသက် ၄၀ ကျော်ခဲ့ပြီ။ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ အိမ်ကိုကျောခိုင်းပြီး အလုပ်ခွင်ဝယ် ပင်ပန်းကြီးစွာ လုပ်ကိုင်နေခဲ့ရသည်။ သမုဒ္ဒရာဝမ်းတစ်ထွာဟူသည်ကား ဖြည့်၍ပြည့် နိုင်ခဲပါဘိ၏။ အမောအပန်းမှ မဖြေရဘဲ ဇယ်စက်သလို အလုပ်နှင့်လက် မကွာအောင် လုပ်ခဲ့ရသည်။ တစ်ခါတစ်ရံ အလုပ်နှစ်ခုကိုပင် တစ်ပြိုင်တည်း လုပ်နေရတတ်၏။ နေ့တွင်အလုပ်တစ်ခု၊ ညတွင်အလုပ်တစ်ခု၊ နေ့လုပ်ညလုပ်တွေဖြင့်လည်း ချာချာလည် နေတတ်၏။ သို့ကလို လုပ်နိုင်ပါမှ တစ်ဝမ်းတစ်ခါးဝရုံ၊ အရှက်လုံရုံရှိမည် မဟုတ် ပါလား။

ထိုမျှသာမက သားသမီးသုံးယောက်ကို ပညာသင်ကြားပေးရသည့် ကြီးလေး သော တာဝန်ကြီးတွေကိုလည်း မစ္စစ်ရိဇာပတ် ထမ်းရွက်နေရသေး၏။

သူ့အသားရောင်သည် ညိုဖြူ၏။ မျက်နှာပေါ်တွင် အစက်အပြောက်တို့ပင် တင်ရှိ နေချေပြီ။ တကယ်ဆိုတော့ တပ်မက်ဖွယ်ကောင်းသော၊ ဆွဲဆောင်အားရှိသော၊ နုပျို လန်းဆန်းသော အလှအပဟူသည်မှာ မစ္စစ်ရိဇာပတ်ထံမှ ခွဲခွာစပြုနေပြီ။ ဇရာရိပ် သွင်တို့ စွဲထင်စပြုနေပြီ။ သို့သော်လည်း သူမ၏ အပြောအဆိုသည် ချောင်း၏။ ပြေ ပြစ်၏။ ချိုသာ၏။ ယဉ်ကျေး၏။ အမူအရာကလည်း နှစ်သက်စဖွယ်ပင်။ ထို့ကြောင့် မစ္စစ်ရိဇာပတ်ကို ကျောင်းဆရာမတစ်ယောက်ဟူ၍ပင် ထင်မှတ်မှားနိုင်သည်။

၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့၊ ညနေပိုင်း နေဝင်ရီးရီတွင် ဖြစ်သည်။

မိမိအလုပ်လုပ်ရာ မောင်ဂိုမာရီကုန်တိုက်ကြီး အတွင်းမှထွက်လာသော မစ္စစ် ရိဇာပတ်ကို မြင်တွေ့ရသူများသည် ဈေးဝယ်လာသူတစ်ယောက်အဖြစ် ထင်မှတ်ကြ ပေမည်။ အဝတ်အစားမှာ သပ်ရပ်၏။ မိုးပြာရောင်လွင်လွင်ကလေး ဖြစ်သည်။ နက် မှောင်သောဆံပင်ကို သပ်ရပ်စွာ ဖြီးသင်ထားသည်။ ဆံပင်တို့က မျက်မှန်ကိုင်းနှင့် နားရွက်တို့ကို ဖုံးအုပ်နေသည်။

ဘတ်စ်ကားမှတ်တိုင်သို့ လျှောက်လာခိုက်မှာပင် လက်ဝဲဖက်ခြေထောက်က နာကျင်ကိုက်ခဲလာ၏။ ခြေထောက်တွင် ဖိနပ်ပေါက်ရာမှ အနာဖြစ်ပြီး ရင်းနေ၏။ ရောင်လည်းရောင်နေ၏။ ယခု လမ်းလျှောက်လာရသဖြင့် ထိုအနာက သူမကို ဒုက္ခပေး လျက်ရှိသည်။

ကလိဗ်လင်းအဲဗင်းနယူးသို့ သွားမည့်ဘတ်စ်ကား ရောက်လာသည်။ ကား ပေါ်သို့ တက်လိုက်သည်။ ဘတ်စ်ကားစီးရသည်မှာ နိစ္စဓူဝ အလုပ်ဖြစ်သောကြောင့်

mgyoe.com

mgyoe.com


မည်သို့မည်ပုံစီးရမည်ကို သူမကောင်းစွာသိနေသည်။ ဘတ်စ်ကားပေါ်ရှိ ထိုင်ခုံများကို နှစ်ပိုင်းပိုင်းထားသည်။ အလယ်မှစ၍ ဘတ်စ်ကား၏အရှေ့ပိုင်းခုံများမှာ လူဖြူများအတွက်ဖြစ်ပြီး အနောက်ဘက်ပိုင်းခုံများမှာ အသားအရောင်ရှိသူ နီးဂရိုးများအတွက် ဖြစ်သည်။

နီးဂရိုးအမျိုးသမီး မစ္စစ်ရိုဇာပတ်သည် နီးဂရိုးများအတွက် သတ်မှတ်ထားသော ထိုင်ခုံများအနက် ရှေ့ဆုံးခုံတွင် ဝင်ထိုင်လိုက်သည်။ လူဖြူများ၏ နောက်ဆုံးခုံနှင့် ကပ်လျက်ရှိသောခုံ ဖြစ်သည်။

အလာဘားမားပြည်နယ်၊ မောင်ဂိုမာရီမြို့စွန် ရပ်ကွက်များတွင် ခရီးသည်တွေ စုပုံနေသည့်အချိန် ဖြစ်သည်။ ဘတ်စ်ကားတိုင်း ကျပ်နေသည်။ ဘတ်စ်ကားမှတ်တိုင်တွေမှာ လူဖြူတွေရော နီးဂရိုးများပါ ကြိတ်ကြိတ်တိုး၍ ဘတ်စ်ကားစောင့်နေကြရ၏။ ဘတ်စ်ကားများစွာတို့သည်လည်း ခရီးသည် ထပ်မစောင့်နိုင်တော့ဘဲ လူဖြူနှင့်နီးဂရိုးပေါင်းများစွာတို့ကို မှတ်တိုင်များမှာ ထားခဲ့ကြရလေသည်။

နီးဂရိုးများအတွက် သတ်မှတ်ပေးထားရာ ရှေ့ဆုံးခုံတွင် မစ္စစ်ရိုဇာပတ် ဝင်ထိုင်လိုက်သည်နှင့် တစ်ပြိုင်တည်း အခြားနီးဂရိုးအမျိုးသား သုံးယောက်နှင့်အတူ နောက်ဘက်သို့ရွှေ့ပေးရန် ဘတ်စ်ကားဒရိုင်ဘာက အမိန့်ပေးလေတော့သည်။ နေရာမရသဖြင့် မတ်တတ်ရပ်နေကြသော လူဖြူအမေရိကန်များထိုင်ရန် မောင်းထုတ်လိုက်ခြင်းပင် ဖြစ်လေသည်။ ကားဒရိုင်ဘာသည်လည်း လူဖြူအမေရိကန်သာတည်း။

အမှန်ဆိုလျှင် မစ္စစ်ရိုဇာပတ်နှင့်အတူ နေရာမှထခိုင်းခြင်းခံရသည့် နီးဂရိုးအမျိုးသားများသည် ၎င်းတို့အတွက် တရားဝင်သတ်မှတ်ပေးထားရာ နီးဂရိုးများနေရာမှာ ထိုင်နေကြခြင်းသာဖြစ်သည်။ ယခုမူ မိမိတို့နေရာတွင် မိမိတို့ထိုင်နေကြပါလျက် မိမိတို့က မတ်တတ်ရပ်ပေးရမည်။ နေရာမရသည့် လူဖြူအမေရိကန်များက မိမိတို့နီးဂရိုးများအတွက် သတ်မှတ်ထားသောနေရာတွင် လာထိုင်မည်။ နီးဂရိုးတို့သည်လည်း အမေရိကန်များနည်းတူ ဘတ်စ်ကားခကို အပြည့်အဝ ပေးစီးကြပါ၏။ တစ်ပြားတစ်ချပ်မျှ လျှော့ပေး၍မရ။ သည်ကြားထဲက ယခုလို တစ်ဖက်စောင်းနင်း၊ နိုင်ထက်စီးနင်း အမိန့်ပေးခြင်းခံရသည်မှာ၊ ပခုံးနှစ်ဖက်ကြားတွင် ခေါင်းပေါက်သော လူချင်းတူပါလျက်၊ အသက်ရှူချင်းတူပါလျက် အခွင့်အရေးချင်း မတူတော့သည်ကို မစ္စစ်ရိုဇာပတ် စဉ်းစားမိသည်။ လူနှင့်လူချင်း၊ လူအဖြစ် သတ်မှတ်ခြင်းမခံရသော စနစ်ကိုလည်း စိတ်နာမိသည်။


mgyoe.com

mgyoe.com


နောက်တစ်ချက်မှာ မစ္စစ်ရီဇာပတ်သည် အသက်အရွယ် အနည်းငယ်ထောက်လာပြီဖြစ်သော မိန်းမသားဖြစ်၏။ ခြေထောက်တစ်ဖက်မှ အနာကြောင့် မတ်တတ်ရပ်ခြင်းငှာ မစွမ်းနိုင်တော့သော ဝေဒနာရှင်လည်း ဖြစ်၏။ တစ်နေကုန်တစ်နေခန်း အလုပ်တိုက်မှာ ပင်ပန်းနွမ်းနယ်ခဲ့ရ၏။ ယခု ကိုယ်ကဦးသူ၊ အရင်ရောက်သူလည်း ဖြစ်သည်။ သည်လိုနေရာမျိုးမှာမှ ထိုင်ခွင့်မရှိတော့ပြီလော။

ထိုမျှသာမကသေး။ မတ်တတ်ရပ်နေကြရသည်ဆိုသော လူဖြူအမေရိကန်များကို ကြည့်ပါဦး။ ကျားကျားလျားလျား ကျန်းမာသန်စွမ်းသူတွေ ဖြစ်သည်။ ငယ်ရွယ်နုပျိုသူတွေ ဖြစ်သည်။ ခွန်အားဗလရှိသော ယောကျ်ားရင့်မာကြီးတွေ ဖြစ်သည်။ ထိုသို့သောလူတွေက မိမိနေရာတွင်ဝင်ထိုင်ပြီး မိမိကဲ့သို့ ရောဂါသည်ဝေဒနာရှင်က နေရာမှ ထပေးရမည်ဆိုလျှင် လူသားတစ်ယောက်အနေဖြင့် ရသင့်သည့်အခွင့်အရေး ဟူသည်မှာ မည်သည့်အရာကို ခေါ်သနည်း။

လူချင်းအတူတူ သာတူညီမျှရကြရမည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းဟူသော လောကပါလတရားတို့သည် အဘယ်မှာနည်း။



ပုံ (၁) နယူးအတ်မြို့စောင့်တပ်သားအချို့သည် ချောင်းမြောင်းပစ်ခတ်နေသည့် လက်ဖြောင့်သေနတ်သမားတို့၏ ကျည်ဆန်ဘေးမှ ကင်းဝေးစေရန် ဤသို့ ဝိုင်ယာလက်ကားများနောက်တွင် ရှောင်တိမ်းပုန်းအောင်းကြရသည်။

mgyoe.com

mgyoe.com

ဘတ်စ်ကားဒရိုင်ဘာ လူဖြူအမေရိကန်၏အမိန့်ကို နီးဂရိုးအမျိုးသား သုံးယောက်တို့က ကျိုးနွံစွာ နာခံလိုက်ကြသည်။ စကားနည်းရန်စဲလမ်းစဉ်ကို ကျင့်လိုက်ကြသည်။ နေရာတကာတွင် ဖိနှိပ်အချိုးနှိမ်ခံနေရသော ဘဝကြောင့်၊ အရှုံးပေးခြင်းဟူသည်မှာ သူတို့အတွက် အသားကျနေဟန်တူသည်။

သို့သော် ... မစ္စစ်ရိုဇာပတ်သည် အာဂမုဆိုးမဖြစ်၏။ မတရားမှုကို ရဲရဲကြီး ရင်ဆိုင်ပစ်လိုက်၏။ ဒရိုင်ဘာ၏ မတရားဖိနှိပ်ချက်ကို နေရာမှ တစ်လက်မ–မရွှေ့ဘဲ ထိုင်နေခြင်းဖြင့် ပယ်လှန်လိုက်သည်။ လူ့အခွင့်အရေးကို တိုက်ယူလိုက်၏။

မည်သို့ပင်ဆိုစေ သူမ၏တိုက်ပွဲသည် အေးငြိမ်းစွာပြီး၍ မသွားပါ။ လူ့အခွင့်အရေးတိုက်ပွဲသည် အောင်ပွဲမခံလိုက်ရပါ။ ငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးသူအဖြစ် မစ္စစ်ရိုဇာပတ်ကို ပုလိပ်က ဖမ်းဆီးလိုက်သည်။ ဘတ်စ်ကားမှတစ်ဆင့် ရဲဌာနသို့ ဝေဒနာရှင် နီးဂရိုးမုဆိုးမကြီးကို သယ်ဆောင်သွားသော်လည်း အနှောင့်အယှက်ဟူ၍ စိုးစဉ်းမျှမပေါ်။ သူမ၏ လူ့အခွင့်အရေးတိုက်ပွဲသည် ရဲဌာနအချုပ်ခန်းသို့ ဦးတည်ခဲ့ရလေတော့သည်။

သည်ကစပြီး... နောက် ၅ မိနစ်မျှသာ ကြာသောအခါ ပြင်းထန်သော လူ့အခွင့်အရေးတိုက်ပွဲကြီးတွေ ပေါ်ပေါက်လာတော့သည်။ ရာပေါင်းများစွာသော၊ ထောင်ပေါင်းများစွာသော နီးဂရိုးတို့ အုံကြွလာတော့သည်။

တကယ်ဆိုတော့ မစ္စစ်ရိုဇာပတ်သည် တိုက်ပွဲခေါ်သံကို အကျယ်လောင်ဆုံး၊ အစူးရှဆုံး အပီသဆုံး အော်ဟစ်ကြွေးကြော်လိုက်ခြင်းနှင့် ဘာမျှမခြား။

လူဖြစ်လာသောအခါတွင်၊ လူသားတို့ရရှိမည့် လူ့အခွင့်အရေးတွေကို၊ အပြင်းထန်ဆုံး၊ အလေးနက်ဆုံး၊ အဓိပ္ပာယ်အသက်ရောက်ဆုံး ထုတ်ဖော်တောင်းဆိုလိုက်ခြင်းနှင့် ဘာမျှမခြား။

နီးဂရိုးတစ်မျိုးသားလုံး၏ လူမှုအခွင့်အရေးတော်လှန်ရေး ခေါင်းလောင်းကြီးကို အမြည်ဟည်းဆုံး၊ အကျယ်လောင်ဆုံး၊ ထပ်မနား တီးခေါက်လိုက်ခြင်းနှင့် ဘာမျှမခြား။

ယင်းသို့ နီးဂရိုးတော်လှန်ရေး ခေါင်းလောင်းသံကြီး အဆက်မပြတ် မြည်ဟည်း၍ အပြီး...၊ နောင် ၁၂ နှစ်ကြာသော ကာလတွင်ကား...။

❐

mgyoe.com

mgyoe.com

# အခန်း(၂)
# လောကတစ်ခု ပျက်သုဉ်းခြင်း

၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်...။

နယူးဂျာစီပြည်နယ်၊ နယူးယောက်မြို့အနီးရှိ စက်မှုထွန်းကားသော နယူးအတ်မြို့တွင် ဖြစ်သည်။ ညပိုင်းသို့ရောက်လုလု နွားရိုင်းသွင်းချိန်တွေ နယူးအတ်မြို့ကြီးသည် ရောင်စုံမီးရောင်များအောက်ဝယ် နတ်ပြည်နတ်ရွာလို သာယာလှပနေ၏။ မော်တော်ကားတွေ၊ ယာဉ်ရထားမျိုးစုံတွေ၊ မြို့သူမြို့သားတွေ ဥဒဟို သွားလာနေကြသည်။

သူတို့အားလုံး၏မျက်နှာသည် ညနေချမ်းမို့ ရွှင်လန်းမြူးထူးနေကြ၏။ ကိုယ့်အကြောင်းနှင့်ကိုယ်၊ ကိုယ့်အတွေးနှင့်ကိုယ်၊ ကိုယ့်အတွဲနှင့်ကိုယ် လောက၏သာယာခြင်းသုခကို သူတို့တစ်တွေ တစ်ဝကြီး ခံစားနေကြသည်။ မကြာမီအချိန်အနည်းငယ်အတွင်းမှာ တစ်စုံတစ်ရာဖြစ်ပွားတော့မည်ကို သူတို့တစ်တွေ လုံးဝမသိကြ။

တက္ကစီဒရိုင်ဘာ ဂျွန်စမစ်သည် နီးဂရိုးလူမျိုး ဖြစ်၏။ ပလွေဆရာ (ထရမ့်ပက်မှုတ်သူ) လည်းဖြစ်၏။ ခရီးသည်မပါသော တက္ကစီကားကို နယူးအတ်မြို့တွင်းရှိ လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့မှာ မောင်းလာသည်။ ခရီးသည်ကို ရှာသည်။ တစ်လမ်းဝင်တစ်လမ်းထွက်ခဲ့သည်။

ရဲအရာရှိ ဂျွန်ဒီဆိုင်းမွန်းနှင့် ဗစ်တိုမွန်ထရယ်လီတို့ နှစ်ဦးကလည်း ရဲကားတစ်စီးဖြင့် နယူးအတ်မြို့တွင်း လမ်းကြီးလမ်းငယ်တို့မှာ တစ်လမ်းဝင်တစ်လမ်းထွက် မောင်းခဲ့ကြသည်။ သူတို့နှစ်ဦးကမူ ဂျွန်စမစ်လို ခရီးသည်ရှာခြင်းမဟုတ်။ မော်တော်

mgyoe.com

mgyoe.com


ယာဉ် စည်းကမ်းချိုးဖောက်သူ၊ အရက်မူးပြီးကားမောင်းသူ စသည်ဖြင့် တရားခံရှာနေခြင်းဖြစ်သည်။

နယူးအတ်မြို့၏တစ်နေရာတွင် ပလွေဆရာတက္ကစီဒရိုင်ဘာ ဂျွန်စမစ်၏ မော်တော်ကားနှင့် ရဲအရာရှိဂျွန်ဒီဆိုင်းမွန်းတို့၏ မော်တော်ကားနှစ်စီး သွားဆုံသည်။ ခေါင်းချင်းဆုံကြခြင်းကား မဟုတ်ပါ။ ဖင်နှင့်ခေါင်းနှင့် ရှေ့ဆင့်နောက်ဆင့် ဆုံကြခြင်းသာဖြစ်သည်။ ဆိုင်းမွန်းတို့၏ကားက ရှေ့ကမောင်းလျက် နီးဂရိုးအမျိုးသား ပလွေဆရာစမစ်ကားက နောက်မှမောင်းကာ ဘုရားပွဲလှည့်သလို ကိုယ့်ခရီးကိုယ်သွားကြခြင်းဖြစ်သည်။

လမ်းကျဉ်းပိုင်းသို့ ရောက်လာသည်။ ရှေ့ကမောင်းနေသောရဲကားက ထမင်းနပ်မှန်အောင် မစားရသောကုလား ချယ်ဂါလီတွန်းသလို ဘီးလိမ့်ရုံသာသာ မောင်းနေသည်။ စမစ်ကကျော်တက်နိုင်ဖို့ ကြိုးစားသည်။ ရဲကားသည် လမ်းဘေးသို့ ချမပေး။ အများပိုင်လမ်းကို ငါပိုင်လမ်းသဖွယ် လမ်းလယ်ကောင်မှ အခံ့သား ဘီးလိမ့်နေသည်။

တက္ကစီဒရိုင်ဘာဂျွန်စမစ်က ရှေ့မီးကြီးနှစ်လုံးကို ဖွင့်ချည်ပိတ်ချည် အချက်ပေးလမ်းတောင်းသည်။ ရဲကားသည် လမ်းလယ်မှ တစ်လက်မမျှတိမ်းမပေး။ ဂျွန်စမစ်က မီးဖြင့် အချက်ပြပြန်သည်။ ဟွန်းကိုပါတီးသည်။ ရဲကားသည် တစ်ချက်လေးမျှ ဂရုမစိုက်။ ကမ္ဘာလောကကြီးတွင် မိမိတို့မော်တော်ကား တစ်စီးတည်းရှိနေသလို မထုံတက်သေးနိုင်လွန်းသည်။

နီးဂရိုးပလွေဆရာ ဂျွန်စမစ် စိတ်တိုလာပြီ။ တကယ်ဆိုတော့ သူသည် တစ်နေကုန်တစ်နေခန်း လမ်းမကြီးငယ်အသွယ်သွယ်မှာ တက္ကစီမောင်းခဲ့ရ၏။ ခရီးသည်ပေါင်းများစွာနှင့် ဆက်ဆံခဲ့ရ၏။ ယခု ပင်ပန်းနွမ်းနယ်နေပြီ။ သည်လိုအချိန်မျိုးမှာ ခရီးဖင့်နှေးအောင် ရှေ့ကားက ညစ်နေ၏။ ဂျစ်ကန်ကန်လုပ်နေ၏။

ရှေ့ကားလမ်းဖယ်မပေးသဖြင့် နှစ်ဖာလုံခန့် ရှင်လောင်းလှည့်သလို ကားမောင်းလာရပြီးသောအခါတွင် စိတ်မရှည်တော့သည့် ဂျွန်စမစ်က ရသမျှလမ်းကိုလုပြီး ရှေ့မှ ရဲကားအား ကျော်တက်လိုက်သည်။ သို့သော် ရဲကားက ကျော်တက်ခွင့်မပေး။

"ဘယ်မအေ × × × လဲကွ။ ခွေးမသား လူပါးဝလှချည်လား" ဟူသော အယုတ္တအနတ္တ၊ ဆဲသံဆိုသံ ဆူပူကြိမ်းမောင်းသံများသည် ရဲကားတွင်းမှခုန်ထွက်ပြီး ဂျွန်စမစ်၏ကားတွင်းသို့ ထိုးဖောက်ဝင်ရောက်လာ၏။

ပြီးတော့ တက္ကစီကားတွင်းမှ ဂျွန်စမစ်သည် ရဲကားတွင်းသို့ရောက်ကာ မော်

mgyoe.com

mgyoe.com



ပုံ (၂) လူဖြူလူမည်း အဓိကရုဏ်းဖြစ်ပွားတိုင်း ဟောက်သည်များ ပေါ်ပေါက်လေ့ရှိသည်။ ဤပုံကား နယူးအတ်မြို့ အဓိကရုဏ်းဖြစ်ပွားစဉ် ရုပ်မြင်သံကြားစက်ကို သယ်ပြေးနေသော လူဖြူဟောက်သည်တစ်ဦး၏ ပုံဖြစ်သည်။

mgyoe.com

mgyoe.com


တော်ကား ပြောင်းစီးလိုက်ရလေသည်။ နွားရိုင်းသွင်းချိန်က နယူးအတ်မြို့တစ်နေရာ၌ ဖြစ်ပွားလိုက်သော ယင်းအဖြစ်အပျက်ကလေးသည် ဤအဆင့်မှာပင် ပြီးဆုံး၍မသွား။

၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် အလာဘားမားပြည်နယ်၊ မောင်ဂိုမာရီကုန်တိုက်ကြီးမှ၊ စက်ချုပ်သမ မစ္စစ်ရိုဇာပတ်တီးခတ်ခဲ့သည့် နီးဂရိုးအမျိုးသားတော်လှန်ရေး ခေါင်းလောင်းသံသည် ယနေ့ထက်တိုင်အောင် မြည်ဟည်းနေဆဲပင် မဟုတ်ပါလား။

နီးဂရိုးဒရိုင်ဘာတစ်ယောက်ကို အမေရိကန်ရဲအရာရှိတစ်ဦးက သတ်ပစ်လိုက်ပြီဖြစ်ကြောင်း ကောလာဟလသတင်းများ ထွက်လာသည်။ ထိုသတင်းကို ဗွီအိပ်ချ်အက်အသံလွှင့်ဌာနက အသံလွှင့်ကြေညာလိုက်သည်။ ထိုသတင်းကို ရေဒီယိုနားထောင်နေကြသည့် နီးဂရိုးအမျိုးသားတို့ ကြားလိုက်ရသောအခါတွင် ဒေါသအမျက်ခြောင်းခြောင်းထွက်ကြလေတော့သည်။ လူမှုအခွင့်အရေးတိုက်ပွဲ စိတ်ဓာတ်တွေ တော်လှန်ရေးအားမာန်တွေ တဖွားဖွားပေါ်လာတော့သည်။ လျှမ်းလျှမ်းတောက် ဇာတိ



ပုံ (၃) ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ "မစ္စစ်ရိုဇာပတ်"၏ တော်လှန်ရေးမှစပြီး တစ်ပြည်လုံး မီးဟုန်းဟုန်း တောက်လာသည့် နီးဂရိုးတော်လှန်ရေးများအနက်မှ မြင်ကွင်းတစ်ခု။

mgyoe.com

mgyoe.com


သွေးဇာတိမာန်တွေ ပြင်းထန်လာကြသည်။

နီးဂရိုးအမျိုးသားတို့၏ တက္ကစီများသည် ရဲဌာနရှိရာသို့ လျင်မြန်သောအဟုန်ဖြင့် မောင်းလာကြ၏။ ထောင်မက၊ သောင်းမကသော နီးဂရိုးလူအုပ်ကြီးသည် ဒီရေလှိုင်းကြီးများလို ရဲဌာနရှိရာသို့ ချီတက်လာကြရင်း ကြွေးကြော်သံတွေကို အထက်ဘဝဂ်အောက်အဝီစိ ချဉ်းသည့်တိုင်အောင် အော်ဟစ်ကြွေးကြော်လာကြ၏။

ညသန်းခေါင်သို့ ရောက်သောအခါ ပျွန်စမစ်ကိုချုပ်နှောင်ထားရာ ရဲဌာန၏ ပတ်ပတ်လည်တွင် ဇရာမနီးဂရိုးလူအုပ်ကြီးက ဝိုင်းလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် ခဲတွေကျလာသည်။ ပုလင်းတွေ ကျလာသည်။ ရဲဌာနအတွင်းသို့ အကြမ်းဖက်ဝင်ရောက်ကာ ထိုးဖောက်တိုက်ကြခိုက်ကြသည်။ ရိုက်ကြနှက်ကြသည်။ ဖျက်ကြဆီးကြသည်။ ခုတ်ကြထစ်ကြသည်။

ဒေါသထွက်နေသော နီးဂရိုးလူအုပ်ကြီးကို ရဲဌာနအတွင်းမှ ရဲသားများက ရှိသမျှခွန်အားဖြင့် တွန်းလှန်တိုက်ထုတ်ပစ်လိုက်၏။ နီးဂရိုးတို့ တပ်လန်သွားသည်။ သေနတ်တစ်ကမ်းနှင့် လွတ်ရာအရပ်သို့ အကျအဆုံး အထိအခိုက်များဖြင့် ကတိုက်ကရိုက် ဆုတ်ခွာခဲ့ကြသည်။

အခြေအနေသည် ၃ နာရီမျှကြာအောင် ငြိမ်သက်သွား၏။ သို့သော် အချိန်ကြာမြင့်စွာ အေးငြိမ်းသွားခြင်းတော့ကား မဟုတ်ပါ။

"မင်း ဘာမှမဖြစ်သေးပါကလား။ မင်းဘာတစ်ခုမှ မလုပ်ရသေးပါကလား။ မင်းဘာတာဝန်မှ မကျေပွန်သေးပါကလား" ဟူသော စကားလုံးသည် နီးဂရိုးရပ်ကွက်အတွင်း တစ်အိမ်မှတစ်အိမ်၊ တစ်ယောက်မှတစ်ယောက်သို့ ကူးစက်ပျံ့နှံ့သွားတော့သည်။

ထို့နောက်တွင်ကား… ၊ နယူးဂျာစီပြည်နယ်၏ လူဦးရေအများဆုံး (၄၀၅,၀၀၀) သော မြို့တော်နယူးအတ်တွင် အပြင်းထန်ဆုံး၊ အကြီးကျယ်ဆုံး၊ အရက်စက်ဆုံး၊ သွေးချောင်းစီးသော၊ အလောင်း တောင်လိုပုံသော၊ မီးဟုန်းဟုန်းတောက်သော လူဖြူလူမည်း လူမျိုးရေးအဓိကရုဏ်းကြီး ဖြစ်ပွားလေတော့သည်။

၁၉၆၅ ခုနှစ်က လော့စ်အိန်ဂျလိစ်မြို့ နီးဂရိုးရပ်ကွက်ဝတ်စ်တွင် ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းကြီးထက် ပိုမိုကြီးထွား ပြင်းထန်သွားချေပြီ။ ဝတ်စ်နီးဂရိုးရပ်ကွက်အဓိကရုဏ်းကြီးဖြစ်ခဲ့ရသည်မှာ အရက်မူးပြီးကားမောင်းသည့် နီးဂရိုးအမျိုးသားမားကက်ဖရိုင်းက စခဲ့သည်။ မားကက်ဖရိုင်းကို မည်သည့်ဌာနကမှ အလုပ်ခန့်ထား

mgyoe.com

mgyoe.com




ပုံ (၄) နယူးအတ်ဖြို့ အဓိကရုဏ်းတွင် ပစ္စည်းသယ်သူများ…။ လက်ယာအစွန်မှ နီးဂရိုးသည် လူဖြူရဲသား၏ ကျည်သင့်ပြီး ထိုနေရာမှာပင် လဲကျသေဆုံးသွားခဲ့သည်။

ခြင်း မပြုခဲ့ချေ။ ၎င်းအဖမ်းခံရသဖြင့် ဖြစ်ပွားရသော အဓိကရုဏ်းကြီးကြောင့် လူပေါင်း ၃၅ ယောက်သေပြီး လူ ၉၀၀ ဒဏ်ရာရခဲ့လေသည်။

ယခု…၊ ထိုထက်ပိုမိုကြီးမား ပြင်းထန်ရက်စက်လှသော လူမျိုးရေး အဓိကရုဏ်းကြီးတစ်ခု ဖြစ်ပွားရလေပြီ။

လေးရက်လုံးလုံး တိုက်ပွဲကြီးတွေ ဖြစ်နေ၏။ တစ်မြို့လုံး မီးဟုန်းဟုန်းတောက်နေ၏။ တိုက်ကြိုတိုက်ကြား၊ ချောင်ကြိုချောင်ကြားတို့မှာ ပုန်းကွယ်နေသည့် လက်ဖြောင့်သေနတ်သမားများက တဒိုင်းဒိုင်း ပစ်ခတ်နေကြသည်။ ရဲသားတွေ၊ အမေရိကန်လူဖြူတွေ နီးဂရိုးတွေ၊ ဟောတစ်ယောက်၊ ဟောတစ်ယောက် ကျည်ဆန်ထွင်းဖောက်သွားခြင်းကို ခံလိုက်ရသည်။ သွေးအိုင်ထဲမှာပင် အသက်ပျောက်သွားသူတွေ ရှိသည်။ ဒဏ်ရာကြီးတွေရကာ ဆေးရုံရောက်လာသူတွေ ရှိသည်။ လမ်းခုလတ်မှာပင် သေဆုံးသွားသူတွေ ရှိသည်။

နီးဂရိုးများက အမေရိကန်လူဖြူတွေကို ခုတ်ကြထစ်ကြသည်။ ရိုက်ကြနှက်ကြသည်။ ခဲနှင့် ပစ်ကြပေါက်ကြသည်။ အမေရိကန်လူဖြူတွေကလည်း နီးဂရိုးများကို ကလေးသော၊ မိန်းမသော၊ အမယ်အိုသော၊ အဘိုးအိုသော မရှောင် တွေ့ရာသချိုင်း

mgyoe.com

mgyoe.com


စားမဆိုင်းဘဲ သုတ်သင်ကြသည်။ ဖိဝိန်ခြွေကြသည်။

စိန်ရွှေရတနာဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ ကုန်တိုက်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၊ အရက်ဆိုင်များကို ဖောက်ကြသည်။ သယ်ပိုးကြသည်။ စားကြသောက်ကြသည်။ ဖျက်ကြဆီးကြသည်။ အမှုန့်ချေကြသည်။

အပြန်အလှန် ပစ်ကြခတ်ကြသည့် သေနတ်သံတွေ၊ ခုတ်သံထစ်သံတွေ၊ ဆဲသံဆိုသံတွေ၊ အော်သံဟစ်သံတွေ၊ ညည်းညူသံတွေ၊ ငိုသံတွေ၊ ကယ်ပါယူပါ တစာစာဖြင့် အသနားခံသံတွေမှာ နားမချမ်းသာဖွယ်ရာ၊ ရင်နင့်ဖွယ်ရာ၊ ကြေကွဲဖွယ်ရာ ကျွက်ကျွက်ညံလျက် ရှိချေသည်။

လမ်းမများပေါ်တွင်၊ တိုက်ကြိုတိုက်ကြားတွင်၊ အဆောက်အဦများပေါ်တွင်၊ မော်တော်ကားများပေါ်တွင်၊ အလောင်းများ၊ ဒဏ်ရာရသူများ၊ ခြေပြတ်လက်ပြတ်များ၊ အသားစိုင်အသားတစ်များ၊ သွေးအိုင်များသည် ကြည့်ရက်စရာ၊ မြင်ရက်စရာ မရှိတော့။

တကယ်ဆိုလျှင် လောကတစ်ခု ပျက်သုဉ်းသွားခြင်းနှင့် ဘာမှမခြားပါတကား…။

"နယူးအတ်မြို့သည် ပရမ်းပတာဖြင့် အုပ်မနိုင်ထိန်းမရ ဖြစ်နေပြီ။ သူပုန်တွေ စည်းမရှိ၊ ကမ်းမရှိ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြသည့် မြို့ပျက်ကြီးဖြစ်နေပြီ။ ထို့ကြောင့် အရေးပေါ်အခြေအနေကို ကျွန်ုပ် ကြေညာသည်။ ယင်းအခြေအနေကို ထိန်းသိမ်း၍ တရားဥပဒေစိုးမိုးနိုင်ရန်အတွက် ပြည်ထောင်စုတပ်များ အမြန်ဆုံး ပို့ပေးပါရန် တောင်းဆိုပါသည်" အစရှိသည်ဖြင့် နယူးဂျာစီပြည်နယ် ဘုရင်ခံရစ်ချတ်ရှူစ်က ထုတ်ပြန်ကြေညာလိုက်ရလေသည်။ ပြည်ထောင်စုတပ် အကူအညီများကို ခေါ်ယူလိုက်ရလေသည်။

ရဲအဖွဲ့ဝင်များ၊ မြို့စောင့်တပ်များ၊ ပြည်ထောင်စုတပ်များဖြင့် တစ်မြို့လုံးကို ထိန်းချုပ်လိုက်သည်။ အင်အား ၄,၀၀၀ ကျော်သော လက်နက်ကိုင်တပ်အသီးသီးက လှည့်လည်စောင့်ရှောက်သည်။

ပြင်းထန်စွာပေါ်ပေါက်လာရသည့် နယူးအတ်မြို့ နီးဂရိုးတော်လှန်ရေးကြောင့် လူ ၂၄ ဦးသေသည်။ ၁,၀၀၀ ကျော် ဒဏ်ရာရကြသည်။ ၁,၆၀၀ ကျော် အဖမ်းခံလိုက်ရသည်။ ပျက်စီးဆုံးရှုံးသွားသော ပစ္စည်းများ၏တန်ဖိုးမှာ ဒေါ်လာသန်းပေါင်းမြောက်မြားစွာရှိလေသည်။

mgyoe.com

mgyoe.com


ဒေါသထွက်နေသည့် လူအုပ်ကြီးသည် ရဲဌာနမှ ကတိုက်ကရိုက် ဆုတ်ခွာလာကြရ၏။ အထိအခိုက် အကျအဆုံးတွေ များလှသည်။ တစ်လမ်းဝင်တစ်လမ်းထွက် ဖျက်ဆီးကြသည်။ အလစ်သမားတွေ၊ တောကြောင်တွေ၊ ဖောက်သည်တွေလည်း အမြောက်အမြားဖြစ်သည်။ ဟာရီအရက်ဆိုင်ကို ဦးတည်တိုက်ခိုက်ကြသည်။ တံခါးများ၊ ပြတင်းပေါက်များကို ရိုက်ချိုးကြသည်။ အရက်ဂါလန်မြောက်မြားစွာမှာ လူအုပ်ကြီးကြားထဲတွင် ခန်းသွားသည်။ အဝတ်အထည်ဆိုင်များတွင်လည်း အဝတ်ကောင်းအစားကောင်းမှန်သမျှ မျက်စိအောက်မှာပင် ပျောက်သွားသည်။ စက်ဘီးဆိုင်များရှိ စက်ဘီးတွေမှာ လူအုပ်ကြီးနှင့်အတူ ပါသွားသည်။ ကလေးစီးစက်ဘီးကလေးများပင် မကျန်ချေ။

စပိရိန်းဖီးရိပ်သာရှိ လက်နက်ရောင်းချသောဆိုင်ကို တစ်စုံတစ်ယောက်က ဝင်ဖောက်သည်။ ရိုင်ဖယ်သေနတ်များ၊ ခြောက်လုံးပူးများ၊ ပစ္စတိုများ လူအုပ်ကြီးနှင့်အတူ ပါသွားပြန်သည်။ မကြာမီမှာပင် လက်ဖြောင့်သေနတ်သမားများ၏ ကျည်ဆန်သည် ပတ်တရောင်ရဲသားများကို စတင်ခန္ဓာခြွေတော့၏။ အိမ်ခေါင်မိုးပေါ်မှလည်းကောင်း၊ ပြတင်းပေါက်များမှလည်းကောင်း၊ အိမ်ကြိုအိမ်ကြားမှလည်းကောင်း၊ ချောင်းမြောင်းပစ်ခတ်မှုများ ဖြစ်ပွားတော့၏။ အမှန်တော့ ပတ်တရောင်ရဲသားများသာမက မီးသတ်ရဲဘော်များပင်လျှင် အပစ်အခတ်ကို ခံနေကြရပေပြီ။

ထို့နောက်တွင်

"ကျွန်တော့်တို့ ခေါင်းမဖော်နိုင်အောင် ဖြစ်နေပြီ။ ကျွန်တော်တို့ ပြန်ပစ်ပါရစေ။ အမိန့်ပေးပါတော့" ဟူသော အမိန့်တောင်းခံသံများသည် ရဲဝိုင်ယာလက်စက်များတွင် ဆူဆူညံနေတော့၏။ ရဲကားများပတ်ပတ်လည်ရှိ စတိုးဆိုင်ကြီးများ ပေါက်ကွဲကုန်သည်။

"ကျွန်တော်တို့ပတ်လည်မှာ ဗုံးတွေကွဲကုန်ပြီ။ ကျွန်တော်တို့ ဘာလုပ်ရမှာလဲ" ဟူသော မေးခွန်းများမှာ ရဲဝိုင်ယာလက်စက်များမှာ ပေါ်လာပြန်သည်။

"ဗုံးနဲ့လွတ်ရာကို ရှောင်ထွက်လာခဲ့"

ထိုသို့သော အမိန့်မျိုးကိုသာ ရဲသားတို့ရကြသည်။ ဥပဒေမဲ့ ဖြစ်ချင်တိုင်းဖြစ်နေမှုများကို ကျောခိုင်းထွက်ခဲ့ရမည်ဆိုခြင်းမှာ အခြေအနေကို ပို၍ပို၍ဆိုးရွားအောင် ပြုလုပ်ခြင်းနှင့် ဘာမှမခြား။ မီးလောင်ရာလေပင့်ခြင်းနှင့် ဘာမှမခြား။

ဒုတိယညဉ့်၏ သန်းခေါင်ယံအချိန်သို့ ရောက်လာသည်။ တစ်မြို့လုံးပြန့်နေ

mgyoe.com

သည့် ရဲသားများထံသို့ အမိန့်တစ်ခု ရောက်လာခဲ့ပြီ။

"မင်းတို့သေနတ်တွေကို အသုံးပြုကြပေတော့"

သည်ကစပြီး တစ်မြို့လုံး စစ်ဖြစ်သည်နှင့်မခြားအောင် ပစ်သံခတ်သံ၊ ပေါက်ကွဲသံတွေ ဆူညံသွားတော့သည်။ ရဲသားများ၏ လက်မှာရှိသောသေနတ်သည် နီးဂရိုးတို့လက်ထဲမှ သေနတ်အရေအတွက်ထက် မြောက်မြားစွာ ပိုမိုများပြားသည် မဟုတ်လား။

အဓိကရုဏ်းကြီးအတွင်း နယူးအတ်မြို့ပေါ်၌ ကျဆုံးသွားသူ ၂၄ ဦးအနက် အမေရိကန်လူဖြူမှာ နှစ်ဦးသာဖြစ်သည်။ တစ်ဦးသည် အသက် ၃၄ နှစ်ရှိ ပတ်တရောင်ရဲသား ဖရက်ဒရစ်ဖြစ်သည်။ ၁၉၆၄ ခုနှစ်က ရေနစ်နေသော ကလေးတစ်ယောက်ကို ကယ်ဆယ်ခဲ့ဖူးသူဖြစ်သည်။ ရင်ဝကို ကျည်သင့်သဖြင့် ခွဲစိတ်ကုသသော်လည်း ၂နာရီအကြာမှာပင် သေဆုံးသွားသည်။ နောက်တစ်ယောက်မှာ မီးသတ်ရဲဘော်ဖြစ်၏။ နီးဂရိုးအမျိုးသားများထဲမှ သေဆုံးသူများမှာ ကလေးသူငယ် လူမမည်များ၊ အမျိုးသမီးများ၊ သေနတ်သမားများနှင့် လုယက်သူများဖြစ်လေသည်။



ပုံ (၅) ၁၇၈၄ ခုနှစ်တွင် အာဖရိကတိုက်မှ ရောင်းကုန်အဖြစ် သင်္ဘောဖြင့်တင်သွင်းလာသော နီးဂရိုးများတွေ့ရပုံ။

mgyoe.com

mgyoe.com

နယူးအတ်မြို့တော်ဝန် အက်ဒိုနီဇီယိုနှင့် ဘုရင်ခံရှုစ်တို့က ပြည်ထောင်စုတပ်ဖွဲ့ကို တပ်ကူခေါ်လိုက်ရတော့သည်။ ပြည်ထောင်စုတပ်ဖွဲ့ဝင် စစ်သား ၂,၆၀၀ တို့သည် ဂျစ်ကားများ၊ ထရပ်ကားများ၊ ၁၁ တန်သံချပ်ကာကားကြီးများဖြင့် နီးဂရိုးရပ်ကွက်များအတွင်းသို့ အတင်းထိုးဖောက် ဝင်ရောက်လာသည်။ ပစ်ခတ်နှိမ်နင်းသည်။ နီးဂရိုးတို့၏ ကျည်ဆန်များကြားဝယ် ခေါင်းမဖော်နိုင်သော ရဲတပ်ဖွဲ့ဝင်များကို ကယ်တင်လိုက်နိုင်သည်။ ပြည်ထောင်စုတပ်နှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး တစ်မြို့လုံးကို ထိန်းထားလိုက်သည်။ တစ်လမ်းဝင်တစ်လမ်းထွက် စောင့်ရှောက်ကြသည်။

ဘုရင်ခံရှုစ်သည် ပြည်ထောင်စုစစ်တပ်ကို စစ်ကူခေါ်ယူရုံမျှသာမက တစ်မြို့လုံးရှိ အရက်ဆိုင်များကိုပါ ပိတ်ပစ်လိုက်စေသည်။ လက်နက်ခဲယမ်းမီးကျောက် ရောင်းချသည့် ဆိုင်အားလုံးရှိ လက်နက်များကိုပါ သိမ်းယူလိုက်သည်။ ညမထွက်ရအမိန့်ကို ထုတ်သည်။ အဓိကရုဏ်းဖြစ်ပွားရာ နေရာတိုင်းသို့ ကိုယ်တိုင်ကိုယ်ကျ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဤအဓိကရုဏ်းကြီးကို စတင်ပေါက်ကွဲစေသည့် တက္ကစီဒရိုင်ဘာ ဂျွန်ဝီလျံစမစ်သည် မြောက်ကာရိုလီနာကောလိပ်တွင် တစ်နှစ်ပညာသင်ဖူးသည်။ ဂီတပညာနှင့် ထရမ့်ပက်မှုတ်ခြင်းကို လေ့လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးတုန်းက တိုက်ခိုက်ရေးခြေလျင်တပ်မှာ အမှုထမ်းခဲ့သည်။ ဂျပန်ကိုရီးယားနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် တိုက်ပွဲဝင်ခဲ့သည်။ ကိုရီးယားစစ်မြေပြင်တွင် ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်ခဲ့သဖြင့် သူရဲကောင်းဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။

အရပ် ၅ ပေ ၇ လက်မရှိပြီး တောင့်တင်းသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးရှိသည်။ တက္ကစီဒရိုင်ဘာအဖြစ် လုပ်ကိုင်လာသည်မှာ ၅ နှစ်မျှ ကြာပြီ။ မော်တော်ကားပိုင်ရှင်ကို တစ်နေ့လျှင် ၁၆ ဒေါ်လာခွဲ (မြန်မာငွေ ၈၀ ကျပ်)ခန့် ပေးရ၏။ တနင်္ဂနွေတစ်ပတ်လျှင် ဒေါ်လာ ၁၀၀ (မြန်မာငွေ ၅၀၀ ကျပ်)ခန့်မျှ အသားတင်ကျန်သည်။ အိမ်ထောင်မရှိသော လူလွတ်တစ်ယောက်ဖြစ်သည်။ လွန်ခဲ့သောအပတ်အတွင်းက မော်တော်ယာဉ်ဥပဒေဖြင့် ငါးကြိမ်တိုင်တိုင် ဒဏ်ရိုက်ခံခဲ့ရဖူးသည်။ သို့သော် အမှုကြီးများမဟုတ်။ မပြောပလောက်သည့် မော်တော်ယာဉ်ဥပဒေ စည်းကမ်းကလေးများကို ချိုးဖောက်မိခြင်းမျှသာ ဖြစ်သည်။

နယူးအတ်မြို့ကို ယခင်နှစ်ပေါင်း ၃၀၁ နှစ်အကြာက တည်ခဲ့သည်။ စက်မှုထွန်းကားသော မြို့ဖြစ်သည်။ ၁၉၅၀ ခုနှစ်က နီးဂရိုး ၁၇ ရာခိုင်နှုန်းသာ ရှိသော်လည်း

mgyoe.com

ယခုမြို့ပေါ်ရှိ လူဦးရေတွင် နီးဂရိုး ၅၅ ရာခိုင်နှုန်းမျှ ရှိနေပြီဟု ခန့်မှန်းထားသည်။ အမေရိကန်မြောက်ပိုင်းတွင် ဝါရှင်တန်မှလွဲ၍ နီးဂရိုးတို့ အများဆုံးနေထိုင်ရာ မြို့လည်း ဖြစ်သည်။



ပုံ (၆) လူဖြူပုလိပ်အရာရှိ၏ ကျည်အပြည့်ထိုးထားသော သေနတ်ကား နယူးအတ်မြို့၌ နီးဂရိုးပေါင်းဘယ်နယောက်ကို ဇိဝိန်ကြွေစေခဲ့သနည်း။

နယူးအတ်မြို့တော်ဝန်မှာ အသက် ၅၃ နှစ်ရှိ အက်ဒိုနီဇီယို ဖြစ်သည်။ လွှတ်တော်အမတ်အဖြစ် ၁၄ နှစ်တိုင်တိုင် လုပ်ကိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်ကစပြီး မြို့တော်ဝန်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ နီးဂရိုးနှင့် အီတလီလူမျိုးတို့၏ မဲများဖြင့် အနိုင်ရခဲ့သည်ဟုဆိုသည်။ နယူးအတ်မြို့ပေါ်တွင် ယခင်က အလုပ်လက်မဲ့ လူဦးရေ ၁၄ ရာခိုင်နှုန်းရှိသည်။ အက်ဒိုနီဇီယို မြို့တော်ဝန်ဖြစ်အပြီးတွင် ၇ ရာခိုင်နှုန်းသို့ ကျသွားသည်။ လူမှုရေး အသုံးစရိတ်များအဖြစ် ယခင်နှစ်က ဒေါ်လာနှစ်သန်း (မြန်မာငွေ ဆယ်သန်းခန့်) သုံးစွဲခဲ့သည်။ ယခုနှစ်တွင်မူ ဗီယက်နမ်စစ်ပွဲကြောင့် လျှော့ချခြင်းခံရသည်။


နယူးအတ်မြို့ အုပ်ချုပ်ရေးကောင်စီဝင် ကိုးဦးရှိရာ နီးဂရိုးနှစ်ဦးပါ၏။ အဓိကရုဏ်းကြီး ဖြစ်ပွားစဉ်က ကောင်စီဝင်နီးဂရိုး အာဗိုင်တန်နာမှာ ဖျားနေ၏။ အခြား ကောင်စီဝင် ကာလ်ဗင်ဝက်စ်ကမူ ဘော့စတွန်မြို့၌ ကျင်းပနေသည့် နီးဂရိုးများ တိုးတက်

mgyoe.com

ရေး အမျိုးသားအဖွဲ့ညီလာခံသို့ တက်ရောက်နေသည်။

မြို့တော်ဝန် အက်ဒိုနီဇီယိုသည် ဆေးသိပ္ပံနှင့် သွားဘက်ဆိုင်ရာ အတတ်ပညာများ သင်ကြားပေးမည့် နယူးဂျာစီပြည်နယ် ကောလိပ်ကျောင်းဖွင့်ရန် မြေ ၄၆ ဧကကို ယမန်နှစ်က ရာထားသတ်မှတ်ခဲ့သည်။ ယင်းမြေများပေါ်ရှိ နီးဂရိုးများကို ပြောင်းခိုင်းသည်။ ၎င်းတို့အတွက် နေရာစားပေးသည်။ သို့သော် နီးဂရိုးများကမကြိုက်။ နီးဂရိုးနှစ်သောင်းကျော်တို့ အခြေမဲ့အနေမဲ့ ဖြစ်သွားသည်။ ၎င်းတို့၏ပြဿနာမှာ ယနေ့တိုင်အောင်ပင် လိပ်ခဲတည်းလည်း ဖြစ်နေသေးသည်။

ယခု အဓိကရုဏ်းကြီးမဖြစ်ပွားမီ ရက်သတ္တပတ်က အဓိကရုဏ်းများ ဆန့်ကျင်ရေး ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်သို့တင်သွင်းပြီး ဆွေးနွေးနေကြလေသည်။ ယခုလ မကုန်မီအတွင်းမှာပင် ထိုဥပဒေကို အတည်ပြုနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။ လူမည်းအာဏာခေါင်းဆောင် ဝတ်လုံစတုတ်ကယ်လီကာမိုက်ခဲနှင့် အိပ်ချ်ရက်ပ်ဘရောင်းတို့၏ အကြမ်းဖက်ရေးဝါဒများကို ထိန်းသိမ်းကွပ်ကဲပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယင်းဥပဒေကို တစ်ပြည်ထောင်လုံးအနှံ့အပြားတွင် အကောင်



ပုံ (၇) လဲသူကွဲသူ၊ သေသူကြေသူများဖြင့် ကမ္ဘာပျက်နေသော နယူးအတ်မြို့မြင်ကွင်း

mgyoe.com

အထည်ဖော် အတည်ပြုကာ အခိုကရုဏ်းများ မဖြစ်ပွားအောင် ကြိုတင်တားဆီးကာကွယ်ထားရန် ဖြစ်လေသည်။

ယင်းသို့သော အခိုက်အတန့်မှာပင် နယူးအတ်လူဖြူလူမည်း အခိုကရုဏ်းကြီးပေါ်ပေါက်လာတော့သည်။

နယူးအတ်အခိုကရုဏ်းသည် ပြည်နယ်ပေါင်း ၃၂ ပြည်နယ်ရှိ မြို့ပေါင်း ၁၀၉ မြို့သို့ ကူးစက်ပြန့်ပွားသွားလေသည်။ အခိုကရုဏ်းများကြောင့် လူပေါင်းအနည်းဆုံး ၁၂၀ သေဆုံးကာ ထောင်ပေါင်းမြောက်မြားစွာ ဒဏ်ရာကြီးကြီးကျယ်ကျယ် ရကြသည်။ ထောင်ပေါင်းမြောက်မြားစွာသော နီးဂရိုးအမျိုးသားတို့ အဖမ်းအဆီးခံရသည်။ ပျက်စီးဆုံးရှုံးရသော ပစ္စည်းအရပ်ရပ်၏ တန်ဖိုးမှာ ဒေါ်လာသန်းပေါင်း တစ်ထောင်ကျော် (မြန်မာငွေကျပ် ကုဋေ ၅၀၀ ကျော်) ဖြစ်သည်။

ဤရွေ့ဤမျှ ကြီးကျယ်သည့် လူဖြူလူမည်း အခိုကရုဏ်းများသည်ကား နီးဂရိုးတော်လှန်ရေးသာတည်း။

လူသားတို့ ရသင့်ရထိုက်သော လောကပါလ လူ့အခြေခံတရားများကို တိုက်ပွဲဝင် တောင်းဆိုနေကြသည့် လူမှုတော်လှန်ရေးကြီးသာတည်း။

အရင်းအမြစ်ကို လှန်ရမည်ဆိုသော် ၃၅၈ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည့် အတိတ်ကာလဝယ်...။

❒

mgyoe.com

mgyoe.com

## အခန်း(၃)
## အမေရိကန်တော်လှန်ရေးနှင့် နောက်ပိုင်းကာလ

အမေရိကန်မြေပေါ်သို့ နီးဂရိုးလူမျိုးများ ရောက်လာရသည်မှာ ကျေးကျွန်များ အဖြစ်နှင့် ကျွန်ကုန်ကူးခံရရင်း ဆိုက်ရောက်လာရခြင်းဖြစ်လေသည်။ နီးဂရိုးတို့၏ သမိုင်းဖြစ်စဉ်ကို စဉ်းစားရာတွင် ယင်းအဖြစ်အပျက်ကို ထည့်သွင်းမစဉ်းစားဘဲ ပြီးပြည့်စုံနိုင်မည် မဟုတ်ချေ။

၁၆၁၉ ခုနှစ်က ဖြစ်သည်။

နီးဂရိုးအမျိုးသား အမျိုးသမီးတို့သည် ကျေးကျွန်များဘဝဖြင့် အမေရိကတိုက် နယ်မြေပေါ်သို့ စတင်ခြေချလာကြ၏။ လူကိုလူချင်း ကျွန်ကုန်ကူးသူများက နီးဂရိုးတို့အား ကျေးကျွန်အဖြစ်လည်းကောင်း၊ ရောင်းကုန်အဖြစ်လည်းကောင်း၊ သဘောထားရောင်းချကာ အမြတ်အစွန်းရှာကြသည်။ မိမိတို့၏ ကြီးပွားချမ်းသာရေးကို လူလူချင်း စာနာစိတ်၊ ထောက်ထားစိတ်၊ ကြင်နာစိတ်များ၊ လုံးဝမထားရှိတော့ဘဲ မိမိအကျိုးစီးပွားရှိရေး အတွက်သာလျှင် လုပ်ကိုင်ကြခြင်းဖြစ်သည်။

၁၆၁၉ ခုနှစ်က အမေရိကတိုက်ပေါ်သို့ ရောက်ရှိလာကြသည့် နီးဂရိုးများသည် အားလုံးကျေးကျွန်များချည်း မဟုတ်။ နယ်မြေသစ်ရှာဖွေသူများ၊ ရေကြည်ရာမြက်နုရာ ရှာဖွေသူများ၊ အလုပ်သစ်အကိုင်သစ် ရှာဖွေသူများလည်း အများအပြားပါခဲ့ကြသည်။

mgyoe.com

mgyoe.com



ပုံ (၈) နယူးအတ်မြို့ မာလ်ဘယ်ရီ လမ်းပေါ်မှ နီးဂရိုးအလောင်း၊ ရပ်ခိုင်းသော်လည်း မရပ်၍ ပစ်သတ်လိုက်သည်ဟု ပုလိပ်က ပြောသည်။

၎င်းတို့နှင့်တစ်တွဲတည်း ဥရောပတိုက်သားအချို့တို့သည်လည်း ရေကြည်ရာ မြက်နုရာ နယ်မြေသစ်ရှာဖွေကြသည်။ ကမ္ဘာသစ်၏ အမြတ်အစွန်းများ အကျိုးစီးပွားများကို ရယူစားသုံးရန်၊ သို့တည်းမဟုတ် ခေါင်းပုံဖြတ်ယူနိုင်ရန်အတွက် ဥရောပတိုက်သားအချို့လည်း စွန့်စွန့်စားစား လိုက်ပါလာကြသည်။

ကျေးကျွန်စနစ်၊ ငွေဝယ်ကျွန်စနစ်၊ ကျေးကျွန်အရောင်းအဝယ် ကုန်ကူးခြင်းစနစ်သည် ဥရောပတိုက်တွင် များစွာ ဖွံ့ဖြိုး ကျယ်ပြန့်နေပြီဖြစ်ရာ ၎င်းတို့နှင့်အတူ ကျေးကျွန်များအဖြစ်နှင့် နီးဂရိုးတို့ပါလာကြသည်မှာ အံ့သြစရာ မဟုတ်ပါချေ။

ကမ္ဘာသစ်၏ အဆီအနှစ်များကိုစားသုံးရန် ဥရောပတိုက်သား ဘာလ်ဘိုဝါ ရောက်လာစဉ်က နီးဂရိုးအမျိုးသားပေါင်း ၃၀ လည်း လိုက်ပါလာကြလေသည်။ ဥရောပတိုက်သားကောတက်ဇ်သည် မက်ဆီကိုနယ်သို့ ရောက်လာသောအခါ ၎င်းနှင့်အတူ နီးဂရိုးများ ပါလာကြပြန်သည်။ ယင်းနီးဂရိုးများအနက် တစ်ယောက်သည် ကမ္ဘာသစ်တွင် ပထမဦးဆုံး ဂျုံစိုက်ပျိုးပြီး ရိတ်သိမ်းသူဖြစ်လေသည်။ ထိုကစပြီး မက်ဆီကိုနယ်တွင် နီးဂရိုးများ စတင်အခြေစိုက်လာကြလေသည်။

အလားတူပင် ကာဘက်ဇာဒီဗာကာအမည်ရှိ မျက်နှာဖြူတစ်ဦးနှင့်အတူ နီးဂရိုးအမြောက်အမြားတို့သည် အမေရိကန်ပြည်ထောင်စု၏ အနောက်တောင်ပိုင်းဒေသများ

mgyoe.com

mgyoe.com


သို့ ရောက်ရှိလာကြကာ အခြေချနေထိုင်ကြ၏။ မစ္စစ်စပီမြစ်ဝှမ်းဒေသတွင်လည်းကောင်း၊ တောင်ကြားဒေသတွင်လည်းကောင်း၊ အခြေချနေထိုင်ကြသူများထဲတွင် ပြင်သစ်အမျိုးသားများသာမက နီးဂရိုးလူမျိုးများလည်း ပါဝင်လာသည်ကို တွေ့ရသည်။ ၎င်းတို့သည် ကျေးကျွန်များဘဝနှင့်သာမဟုတ်ဘဲ နယ်သစ်၊ မြေသစ်ရှာဖွေကြသူများအဖြစ်နှင့်ပါ ထင်ရှားခဲ့သည်။ သူတို့တွေ့ရှိ အခြေချကြသည့် နယ်သစ်မြေသစ်ပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ကြသည်။ အခြားလူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း ပါဝင်ခဲ့ကြသည်။

မည်သို့ပင်ဆိုစေ သူတို့၏ဘဝမှာ အမေရိကန်တိုင်းပြည်အတွင်း၌ ကျေးကျွန်များအဖြစ်နှင့် နီးဂရိုးသမိုင်းကို စတင်ဖွင့်ခဲ့ကြရသည်။ သမိုင်းအစကပင် အခြေမလှသောအဖြစ်နှင့် ကြုံကြရရှာသည့် လူမျိုးများဖြစ်သည်။

၁၆၁၉ ခုနှစ်တွင် အမေရိကန်တိုင်းပြည်သို့ စတင်ရောက်ရှိကြ၏။ ထိုနှစ်မတိုင်မီ ရာစုနှစ်ပေါင်း များစွာကတည်းက ဥရောပတိုက်တွင်လည်းကောင်း၊ အာဖရိကတိုက်တွင်လည်းကောင်း၊ ကျွန်အရောင်းအဝယ်လုပ်ငန်းများမှာ များစွာကျယ်ပြန့် ဖွံ့ဖြိုးနေလေသည်။ ကျေးကျွန်အများစုမှာ နီးဂရိုးလူမျိုးများ ဖြစ်ကြသည်။ အာဖရိကတိုက်တွင်ရှိသော နီးဂရိုးများကို ဝယ်ယူခြင်း၊ ဖမ်းဆီးခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများပြုလုပ်ပြီး တစ်ဆင့်ပြန်ရောင်းချရာမှ ကျွန်ဈေးကွက်တွင် နီးဂရိုးတွေများပြားလာခြင်းဖြစ်သည်။

ထိုကဲ့သို့ ဈေးကွက်မှာ နီးဂရိုးများ အရောင်းအဝယ်သွက်နေခိုက် ၁၆၁၉–ခုနှစ်၌ အမေရိကတိုက်သို့ ဥရောပတိုက်သားလူဖြူများ ရောက်လာကြသည်တွင် ကျေးကျွန်အဖြစ်နှင့် နီးဂရိုးတို့ ပါလာကြတော့သည်။ သည်ကစပြီး အမေရိကန်တိုင်းပြည်မှာ နီးဂရိုးသမိုင်းကို ကျွေးကျွန်များအဖြစ်နှင့် စတင်ကြရ၏။ လူရာသွင်းခြင်းမခံရသည့်ဘဝ၊ အနိမ့်ခံဘဝ၊ အပယ်ခံဘဝ၊ တိရစ္ဆာန်စာရင်း သွင်းထားသောဘဝမှာ နေကြရရှာသည်။

သူတို့၏ဘဝ အစမကောင်းလင့်ကစား အမေရိကန်တိုင်းပြည်၏ ပြဿနာပေါင်းစုံတို့တွင် စောစောပိုင်း ရှေးဦးမဆွကပင် နီးဂရိုးလူမျိုးတို့ ပါဝင်ပတ်သက်လာကြလေသည်။ အမေရိကန်လူဖြူများနှင့် ကောင်းတူဆိုးဖက် ဖြစ်ခဲ့ကြသည်။ ကောင်းတူဆိုးဖက်ဟု ဆိုရလင့်ကစား အမှန်တကယ် အကောင်းဘက်သို့ ရောက်သောအခါတွင် နီးဂရိုးများကို အကျိုးခံစားခွင့် ပေးခဲ့သည်ကား မဟုတ်။ လူသားတို့ ရသင့်ရထိုက်

mgyoe.com

mgyoe.com


သည့် အခွင့်အရေးများကို အပြည့်အဝပေးခဲ့သည်ကား မဟုတ်။ အရိုးအရင်းကိုက်ရသည့် ဘဝမျိုးမျှသာ ဖြစ်သည်။ အဆိုးတွေနှင့် ရင်ဆိုင်ရတော့မည်ဆိုလျှင်မူ ဓားစာခံဖြစ်ကြရသူတို့မှာ နီးဂရိုးများသာ ဖြစ်လေသည်။

စောစောပိုင်းက နီးဂရိုးတို့သည် အအုပ်ချုပ်ခံ ကိုလိုနီအုပ်စုကလေး တစ်ခုမျှသာဖြစ်၏။ နောက်ပိုင်းတွင်မှ လူမျိုးတစ်မျိုးအနေဖြင့် အသိအမှတ်ပြုခြင်းကို ခံစားခွင့်ရကြသည်။ ၁၆၁၉–ခုနှစ် တစ်ဝိုက်လောက်က အမေရိကန်တွင် နီးဂရိုးလူမျိုးပေါင်း တစ်သောင်းခန့် ရှိနေချေပြီ။ ထိုအထဲတွင် ကျေးကျွန်ဘဝမှ လွတ်မြောက်နေသော နီးဂရိုးများနှင့် စာချုပ်စာတမ်းအရ မလွတ်မြောက်နိုင်သေးသော အနှိပ်စက်အညှဉ်းပန်းခံ ကျေးကျွန်များ ပါဝင်ကြလေသည်။ အဆိုပါ ၁၇ ရာစုနှစ် စောစောပိုင်းက အမေရိကန်ပြည်ထောင်စု၌ ကျေးကျွန်စနစ်မှာ များစွာ ကျယ်ပြန့်လာလေသည်။ ထိုဘဝရောက်ခဲ့ရသည်မှာလည်း အကြောင်းရှိသည်။

ထိုနှစ်များမတိုင်မီက အမေရိကန်ပြည်ထောင်စု၌ အင်ဒီးယန်းများနှင့် လူဖြူများကိုပင် ကျေးကျွန်အဖြစ် ခိုင်းစေခဲ့သည်။ တစ်စတစ်စဖြင့် အင်ဒီးယန်းများက လွတ်မြောက်သူများဖြစ်သွားကြသည်။ လူဖြူကျေးကျွန်များကိုလည်း အမျိုးတူချင်းဖြစ်သဖြင့် ကျေးကျွန်အဖြစ် ရက်ရက်စက်စက် မခိုင်းလိုကြပေ။ လူမျိုးရေးစိတ်ဓာတ်သည် ကြီးထွားလာ၏။ သို့ဖြင့် လူဖြူများကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်ခွင့်ပေးလိုက်ကြသည်။

သည်နည်းဖြင့်ပင် အမေရိကန်ပြည်ထောင်စုတွင် ကျေးကျွန်ရှားပါးမှုပြဿနာကြီး ပေါ်ပေါက်နေသည်။ ယင်းအခိုက်အတန့်မှာပင် နီးဂရိုးများရောက်လာရာ ရှားပါးနေသည့် ကျေးကျွန်များနေရာတွင် အစားထိုးနိုင်တော့သည်။ မိမိတို့နယ်မြေပေါ်သို့ ခြေချလာစလူမျိုးဖြစ်သည်က တစ်ကြောင်း၊ လူမျိုးကွဲဖြစ်နေသည်က တစ်ကြောင်း၊ နီးဂရိုးကျွန်တစ်ယောက်ကို ဝယ်ယူရသည့်ဈေးနှုန်းမှာ လူဖြူတစ်ယောက်ကို ဝယ်ယူရသည့်ဈေးနှုန်းထက် များစွာလျော့နည်းသက်သာသည် တစ်ကြောင်း ထို့ကြောင့် နီဂရိုးကျေးကျွန်များ အရောင်းအဝယ် တွင်ကျယ်နေခြင်း ဖြစ်လေသည်။

အင်ဒီးယန်းနှင့်လူဖြူများကို ကျေးကျွန်များအဖြစ်မှ စွန့်လွှတ်လိုက်ရသည့် အခြားအကြောင်းများလည်း ရှိသေးသည်။


အင်ဒီယန်းများသည် တောင်ပိုင်းဒေသ၏ ပူပြင်းလောင်ကျွမ်းလှသော နေဒဏ်ကို မခံနိုင်ကြချေ။ နေပူရှိန်ချစ်ချစ်တောက်အောက်တွင် အားအင်ကုန်ခန်းနေကြလေ

mgyoe.com

mgyoe.com


သည်။ လိုအပ်သည့်လုပ်အားကို အပြည့်အဝ မပေးနိုင်ကြချေ။

လူဖြူကျေးကျွန်များကမူ အင်ဒီယန်းများထက်ပိုမိုပြီး နေပူဒဏ်ကို ခံနိုင်ကြသည်မှာ မှန်၏။ သို့သော်လည်း သူတို့ကို ထိန်းသိမ်းထားရန်မှာ များစွာတာဝန်ကြီးလေးလေသည်။ စာချုပ်စာတမ်းများ ကုန်ဆုံးသွားသည်တွင် နောက်ထပ်အသစ်ထပ်မံစာချုပ်ရန် ငြင်းဆန်ကြသည်။ ကျေးကျွန်ဘဝမှ လွတ်မြောက်ရေးကို နည်းမျိုးစုံဖြင့် ကြိုးစားကြသည်။ လူဖြူကျေးကျွန်တို့သည် ကျွန်ပိုင်ရှင်များလက်မှ အလွယ်တကူ ထွက်ပြေးလွတ်မြောက်နိုင်ကြသည်။ လူဖြူတိုင်းပြည်တွင် လူဖြူတွေသာများပြားနေရာ ယင်းလူဖြူများထဲမှာပင် ရောယှက်ကွယ်ပျောက်သွားနိုင်ကြ၏။ လူဖြူတစ်ယောက်ကို ထွက်ပြေးလွတ်မြောက်နေသည့် ကျေးကျွန်တစ်ယောက်အဖြစ် စွပ်စွဲရန် များစွာခက်ခဲလှသည်။



ပုံ (၉) နယူးအတ်မြို့၌ မသက်ာသော နီးဂရိုးတစ်ဦးအား လူဖြူပုလိပ်က ဖမ်းဆီးရိုက်နှက်စဉ်။

mgyoe.com

နီးဂရိုးကျေးကျွန်များအဖို့မူ ထိုသို့မဟုတ်။ အမေရိကန်ပြည်ထောင်စုသို့ စတင်ဝင်ရောက်လာကတည်းက ကျေးကျွန်အဖြစ် ရောက်လာကြသည်။ သူတို့ဘဝလွတ်မြောက်ရေးထက်၊ သူတို့ဘဝ ရပ်တည်နိုင်ရေးကိုသာ အရေးတကြီး ထားနေရသောအခါဖြစ်သည်။ ထို့ကြောင့် ပေးသည့်စျေး၊ ရသည့် အခကြေးငွေဖြင့် အလွယ်တကူ ကျွန်ခံကြရရှာသည်။ ကျွန်ပိုင်ရှင်ထံမှ ထွက်ပြေးလွတ်မြောက်သွားလျှင်လည်း အသားအရောင်အရ ထူးခြားနေသူများဖြစ်သောကြောင့် အလွယ်တကူ ပြန်လည်ရှာဖွေတွေ့ရှိနိုင်သည်။ မိမိတို့နှင့် လူမျိုးတူ လူဖြူကျေးကျွန်တစ်ယောက်ကို ဖမ်းဆီး၍ ပိုင်ရှင်ထံပြန်လည်ပို့ရန် ဝန်လေးကြသလောက် နီးဂရိုးကျေးကျွန်များကို ဖမ်းဆီးပေးရန် ဦးမလေးကြချေ။ ပျော်ပျော်ပါးပါးကြီးပင် ထမ်းဆောင်ကြလေသည်။ ထိုသို့သော အကြောင်းများကြောင့် နီးဂရိုးများကို ကျွန်အဖြစ်ဝယ်ယူရသည်မှာ များစွာ တွက်ခြေကိုက်နေတော့သည်။

ယင်းအခြေအနေများကစပြီး အာဖရိကတိုက်ရှိ နီးဂရိုးများကို အစုလိုက်အပြုံလိုက် ဧကျေးကျွန်အဖြစ် အမေရိကတိုက်သို့ တင်သွင်းလာကြတော့သည်။ ၁၆၁၉ ခုနှစ်မှစပြီး နီးဂရိုးကို ကျွန်လုပ်ရသည့် အရသာကောင်းမှန်း သိလာကြသည်။ အဘက်ဘက်က တွက်သားကိုက်သည်နှင့် တစ်ပြိုင်တည်း နီးဂရိုးကျွန်ကုန်ကူးမှုသည် များစွာကြီးထွားကျယ်ပြန့်လာတော့၏။ စာချုပ်စာတမ်းများနှင့်ပြုလုပ်သည့် အစေခံဘဝမှ ငွေဝယ်ကျွန်ဘဝသို့ လုံးလုံးလျားလျား ကူးပြောင်းသွားကြရရှာသည်။

အင်ဒီးယန်းများနှင့် လူဖြူများတုန်းက ငွေဝယ်ကျွန်အဆင့်သို့ မရောက်သေးပေ။ စာချုပ်နှင့်ငှားယူရမည့် အစေခံများအဆင့်သာ ရှိသည်။ ယခု နီးဂရိုးများ ရောက်လာသောအခါတွင် စာချုပ်နှင့်ငှားယူရသည့် အစေခံမဟုတ်တော့ဘဲ ငွေကြေးဖြင့်အပြီးအပိုင်ဝယ်ယူသည့် ငွေဝယ်ကျွန်များ ဖြစ်ကြရလေသည်။ ငွေဝယ်ကျွန်ဖြစ်သည်နှင့်တစ်ပြိုင်နက် ကျွန်တစ်ယောက်၏ဘဝမှာ ကျွန်ပိုင်ရှင်၏လက်သို့ ဝကွက်အပ်ထားရတော့သည်။ ကျွန်ပိုင်ရှင်က ထင်တိုင်း နှိပ်စက်ညှဉ်းပန်းနိုင်သည်။ လူ့အခွင့်အရေးတွေ အားလုံးကို သိမ်းပိုက်နိုင်သည်။ ကျွန်တစ်ယောက်၏ အသက်ကိုပင် ကျွန်ပိုင်ရှင်က သတ်ဖြတ်နိုင်သည်အထိ အခြေအနေ ဆိုးရွားသွားတော့သည်။

နီးဂရိုးတို့၏ဘဝမှာလည်း ယင်းအခြေအနေတွေအားလုံးကို ငြင်းဆန်၍မရ။ အာဖရိကတိုက်မှာကတည်းက ငွေဖြင့်ဝယ်ယူခြင်း ခံခဲ့ရသည်။ အမေရိကတိုက်သို့ ရောက်သည်တွင်လည်း ငွေဖြင့်ရောင်းစားခြင်း ခံရသည်။ ထို့အပြင် အမေရိကတိုက်

mgyoe.com

mgyoe.com


သည် သူတို့၏နယ်မြေမဟုတ်။ ကိုယ့်အရပ်ကိုယ့်ဒေသ မဟုတ်။ နယ်မြေသစ်ကမ္ဘာ သစ်ပေါ်တွင် လူအခွင့်အရေးတွေ ရရှိရေးထက် အသက်ရှင်နေထိုင်ရေး၊ ဘဝရပ်တည် ရေးသာလျှင် အရေးအကြီးဆုံး ဖြစ်ချေသည်။

သည်ကစပြီး နီးဂရိုးတို့၏ဘဝမှာ အောက်ဆုံးလွှာသို့ရောက်အောင် နိမ့်ကျ သွားလေတော့သည်။ လူ့အခွင့်အရေးမှန်သမျှ အားလုံးဆုံးရှုံးကုန်တော့သည်။ မသေ ထမင်း၊ မသေဟင်းကို စားရသည်။ အရှက်လုံရုံ အဝတ်ကိုဝတ်ရသည်။ ကျန်းမာရေး နှင့် မညီညွတ်သည့် အဆောက်အဦနေရာထိုင်ခင်းတွေမှာ နေထိုင်ကြရသည်။ ပညာ သင်ကြားခွင့်မရ၊ လူတောတိုးခွင့်မရ။ တိုင်းရေးပြည်ရာတွေ ဆုံးဖြတ်ပိုင်ခွင့်၊ ဖန်တီး ပိုင်ခွင့်မရ။ ခန္ဓာကိုယ်တည်ဆောက်မှု ရုပ်သဏ္ဌာန်အားဖြင့်သာလျှင် လူဖြစ်နေရသည်။ လူ့အခွင့်အရေးဟူ၍ ဘာမှမရှိ။ တိရစ္ဆာန်များထက်ပင် များစွာနိမ့်ကျနေသည့် ဘဝဖြစ် လေသည်။

နီးဂရိုးအမျိုးသားများကို ကျွဲလိုနွားလို ခိုင်းသည်။ စိတ်မထင်လျှင် နှိပ်စက် ညှဉ်းပန်းသည်။ သတ်ဖြတ်သည်။ နီးဂရိုးအမျိုးသမီးများကိုလည်း ကျွဲလိုနွားလို ခိုင်း သည်။ ထိုမျှမက ခြေတော်တင်ကြသေးသည်။ ကာမရမ္မက်အတွက် စိတ်ဖြေဖျောက်ရာ သတ္တဝါများအဖြစ် သဘောထားသည်။ နီးဂရိုးအမျိုးသမီးကို လင်ရှိသော၊ မရှိသော အရွယ်ရောက်သော မရောက်သော ရွေးချယ်ခြင်းမပြု။ သူတို့အလိုဆန္ဒ ကာမရမ္မက် တစ်ခုအတွက်သာ ကြည့်ကြသည်။ သူတို့အလိုပြည့်ဖို့သာ အာရုံထားကြသည်။

ထိုမျှထိအောင် ယုတ်မာလှသော၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော လူမှုဆက်ဆံရေးများ ဖြစ်လေသည်။ လူသားစင်စစ်များ ဖြစ်ပါလျက် အဟိတ်တိရစ္ဆာန် မျှပင် တန်ဖိုးထားခြင်းမခံရသော ဘဝဖြစ်သည်။

မည်သို့ပင်ဆိုစေ နီးဂရိုးအမျိုးသားတို့သည် တစ်ဖက်တွင် ငွေဝယ်ကျွန်များ ဘဝမှာ နစ်မွန်းနေကြလင့်ကစား အမေရိကန် ပြည်ထောင်စုကြီးအပေါ်တွင်မူ ဘယ် သောအခါတွင်မှ သစ္စာမဖောက်ခဲ့ကြ။ သူတို့တစ်တွေ မှီတင်းနေထိုင်ကြရသည့် တိုင်း ပြည်ကို ဒုက္ခဖြစ်အောင် သစ္စာမဲ့ရန် အိပ်မက်မျှပင် မမက်ခဲ့ကြ။

နီးဂရိုးကျေးကျွန်စနစ်သည် တစ်နေ့တခြား ကြီးထွားလာ၏။ ဥရောပတိုက် သား လူကုန်သည်များ တင်သွင်းလာကြသည့် အာဖရိကတိုက်မှ နီးဂရိုးများသည် အမေရိကန်ပြည်မှာ တစ်နေ့တခြား များပြားလာ၏။ နီးဂရိုးတို့များလာခြင်းသည် ကျွန်တွေများလာခြင်းသာ ဖြစ်သည်။ ကျွန်တွေများလာခြင်း၊ ကျွန်နှင့်ကျွန်ပိုင်ရှင်ကြား

mgyoe.com

mgyoe.com


လူတန်းစား ကွာဟချက်ကြီး ကျယ်ပြန့်လာခြင်းဖြစ်သည်။ လူတန်းစားကွာဟချက်ကြီး ကျယ်ပြန့်လာခြင်းသည် လူမှုရေးပဋိပက္ခများ၊ လူတန်းစားပြဿနာများ၊ ကြီးထွားလာခြင်းဖြစ်သည်။

ဤသို့ ကျေးကျွန်စနစ် အဆောက်အအုံကြီး ကြီးထွားခိုင်မာလာလင့်ကစား အမေရိကန်ပြည်ထောင်စု လွတ်မြောက်ရေးအတွက်ကိုမူ နီးဂရိုးတို့သည် အင်နှင့်အားနှင့် စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် တိုက်ခိုက်ခဲ့ကြလေသည်။ အမေရိကန်ပြည်ကို ချုပ်နှောင်ထားသည့် ကိုလိုနီနှောင်ကြိုးများကို ဖြတ်တောက်ကြရာတွင် နီးဂရိုးတို့သည် အစိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြလေသည်။ ကိုလိုနီဆန့်ကျင်ရေး၊ လွတ်မြောက်ရေးတိုက်ပွဲတွေမှာ ရှေ့တန်းမှ ပါဝင်ခဲ့ကြလေသည်။ အမေရိကန်ပြည် လွတ်လပ်ရေးအတွက် အသက်တွေ၊ သွေးတွေ စတေးကြရာတွင် နီးဂရိုးတို့၏အသက်နှင့် သွေးတို့သည်လည်း မြောက်မြားစွာ ပါဝင်ခဲ့ကြလေသည်။


ပုံ (၁၀) ၁၈၈၀ ခုနှစ်က နီးဂရိုးကျွန်ပိုင်ရှင်၏ ကြိုးပေးသတ်ခြင်းကို ခံခဲ့ရသော နီးဂရိုး ငွေဝယ်ကျွန်တစ်ဦး။ ထိုအခါက ကျွန်ပိုင်ရှင်လူဖြူက ကျွန်ဖြစ်သူ နီးဂရိုးကို သတ်လျှင် လူသတ်မှု မဖြစ်ချေ။

ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှုများမှနေ၍ တစ်စတစ်စ ကြီးထွားလာသည်တွင် အမေရိကန် တော်လှန်ရေးကြီး ဖြစ်ပွားခဲ့ရသည်။ သူ့မင်း လက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက်ရန် လက်နက်စွဲကိုင် တိုက်ခိုက်ကြသည့် တော်လှန်ရေးကြီး တစ်ခုဆီသို့ မောင်းနှင တွန်းပို့နိုင်ခဲ့သည်။

၁၇၇၀ ခုနှစ်၊ မတ်လ ၂ ရက်၊ သောကြာနေ့တွင် ဘော့စတွန်မြို့၌ အစိကရုဏ်းကြီးများ၊ လူထုဆန္ဒပြပွဲကြီးများ ဖြစ်ပွားခဲ့သည်။

mgyoe.com

mgyoe.com

များပြားလှသော လူထုကြီးသည် ဘော့စတွန်မြို့၏ လမ်းများအတွင်းသို့ ရေတွေသွန်ချလိုက်သလို ဒလဟောဝင်လာကြသည်။ လမ်းတိုင်းလမ်းတိုင်းလိုလို လူတွေပြည့်ကျပ်သွားသည်။ တစ်လမ်းဝင်တစ်လမ်းထွက် ရေစီးကြောင်းသဖွယ် ရွေ့လျားနေကြသည်။ ရောမ လူစီးကြောင်းကြီးတွေ ဖြစ်သည်။

ယင်း လူစီးကြောင်းကြီးများထဲတွင် နီးဂရိုးတွေလည်း ပါကြ၏။ နီးဂရိုးတို့သည် သာမန်ပါဝင်ရုံမျှ သာမဟုတ်။ အမေရိကန်ပြည် လွတ်မြောက်ရေးတိုက်ပွဲများကို ပါဝင်တိုက်ခိုက်ရုံသာ တိုက်ခိုက်နေသည်မဟုတ်။ ထိုအထဲမှ တစ်ယောက်သော နီးဂရိုးသည် တပ်ဦးတွင် မားမားမတ်မတ် ခေါင်းဆောင်လျက်ပင် ရှိချေသည်။ ပြတ်ပြတ်သားသား တိုက်ပွဲဝင်လျက်ရှိချေသည်။

"ဟေ့ကောင် ခွေးမသား နီးဂရိုး၊ တို့လူဖြူတွေချင်း ဖြစ်နေတာ မင်းက ဘာဆိုင်လို့ ပါလာရတာလဲ... "

ကိုလိုနီအစိုးရဘက်သား အိမ်စောင့်စစ်သားတစ်ယောက်က တပ်ဦးမှချီတက်လာသော နီးဂရိုးကို လှမ်း၍အော်သည်။ အယုတ္တအနတ္တ ကြမ်းတမ်းခက်မာသော စကား လုံးတွေဖြင့် ဆဲရေးတိုင်းထွာသည်။

"ငါ ကြည့်ချင်လို့ လိုက်လာတာပဲဟေ့..."

နီးဂရိုးခေါင်းဆောင်က ပြန်အော်သည်။

သို့သော် နီးဂရိုးခေါင်းဆောင်သည် ကိုလိုနီဆန့်ကျင်ရေး လူထုဆန္ဒပြပွဲကို ကြည့်ရုံသက်သက်အတွက် လိုက်လာခြင်းမဟုတ်။ ထို့ထက်ပို၍ ထိရောက်သည့်တိုက်ပွဲတစ်ရပ်ကို ကိုယ်ထိလက်ရောက် ပြုလုပ်လိုက်လေသည်။

သူ့ကို အော်ဟစ်ဆဲဆိုသည့် ကိုလိုနီစစ်သားကို အလဲထိုး၍ ချလိုက်လေသည်။ ယင်းအပြုအမူသည် အဝီစိပွက်သည်တမျှ ဖြောင်းဆန်မှုတွေ ဖြစ်ပွားလာအောင် ဖန်တီးလိုက်သည့် အပြုအမူပင် ဖြစ်ချေတော့သည်။

ယင်းသို့ ၁၇၇၀ ခုနှစ် မတ်လ ၂ ရက် သောကြာနေ့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုလိုနီဆန့်ကျင်ရေး လူထုဆန္ဒပြပွဲကြီးသည် ဘော့စတွန်မြို့တွင် ပို၍ပို၍ ကြီးမားကျယ်ပြန့်လာ၏။ သောကြာနေ့မှာပင် ရပ်တန့်မသွား။ စနေနှင့်တနင်္ဂနွေနေ့များသို့ ကူးစက်လာ၏။ တားမနိုင်ဆီးမရ ဖြစ်လာ၏။

ဘော့စတွန်မြို့သည် ကျိုက်ကျိုက်ဆူသော ရေနွေးအိုးလို ပွက်ပွက်ရိုက်နေသည်။ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ ကိုလိုနီထမ်းပိုးကို ရိုက်ချိုးရန်နှင့်

mgyoe.com

ကိုလိုနီနှောင်ကြိုးများကို ဖြတ်တောက်ရန် ကြိုးပမ်းကြသည်။ ရုံးတွေ၊ ဂါတ်တွေ၊ တပ်စခန်းတွေကို ဝိုင်းဝန်းဆန္ဒပြကြသည်။ အော်ဟစ်ကြသည်။ ကြွေးကြော်ကြသည်။ လိုလားချက်တွေကို တောင်းဆိုကြသည်။ ဒေါသမထိန်းနိုင်သူတွေက ဒေါသ အလျောက် ပြုကျင့်ကြသည်။ ယင်းသို့ ကိုလိုနီထမ်းပိုးကို ရိုက်ချိုးရန်နှင့် ကိုလိုနီ နှောင်ကြိုးများကို ဖြတ်တောက်ရန် ကြိုးပမ်းကြသူများထဲတွင် နီးဂရိုးအမျိုးသား မြောက် မြားစွာ ပါဝင်ကြ၏။ သာမန်ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက်မျှသာမက ရှေ့တန်းမှ နေ၍ ရှုပ်ရှုပ်ချွံချွံ ခေါင်းဆောင်ပါဝင်ကြလေသည်။

မတ်လ ၅ ရက် တနင်္လာနေ့မွန်းလွဲပိုင်းသို့ ရောက်လာသည်။ အမေရိကန်လူဖြူ လူမည်း မျိုးချစ်လူထုကြီး၏ ဆန္ဒပြမှုသည် လျော့နည်းသွားသည်မရှိဘဲ ကြီးထွားသည် ထက် ကြီးထွားလာသည်။ မိန်းမတွေ၊ အဘိုးအို အမယ်အိုတွေ၊ ကလေးငယ်တွေပင် ပါဝင်လာကြသည်။ လူထုဆန္ဒပြမှုသည် ဒီရေတက်သလို အတက်ကြမ်းလှသည်။

ဗြိတိသျှစစ်သား ရှစ်ယောက်သည် စစ်တန်းလျားများအတွင်းမှနေ၍ ပြေးထွက် လာသည်။ အင်အားကြီးမားလှသော မျိုးချစ်လူထုကြီးထံသို့ ဦးတည်ချီတက်သည်။ လူအုပ်ကြီးကို ခေါင်းဆောင်သူမှာ ခရစ္စပတ်စ်အက်တက်စ် ဖြစ်လေသည်။ အက် တက်စ်သည် ငွေဝယ်ကျွန်ဘဝမှ ထွက်ပြေးလွတ်မြောက်လာသော နီးဂရိုးအမျိုးသား ဖြစ်သည်။ ကျွန်ဘဝတွင် လူသားတို့၏ အခွင့်အရေးအားလုံးကို အငြင်းပယ်ခံခဲ့ရ သည်။ အနှိပ်စက်ခံခဲ့ရသည်။ အညှဉ်းပန်းခံခဲ့ရသည်။ လူစင်စစ်မှ တိရစ္ဆာန်လောက် ပင် တန်ဖိုးမရှိတော့သောဘဝသို့ ရောက်ခဲ့ရသည်။ ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ ဟူသော သဘောဖြင့် ကျွန်ပိုင်ရှင်များလက်မှ ထွက်ပြေးလွတ်မြောက်ခဲ့သူ ဖြစ်သည်။

လူလူချင်း မတရားဖိနှိပ်ချုပ်ချယ်သော၊ လူလူချင်း အဆီစားအသားမျို ခေါင်းပုံ ဖြတ်သော၊ လူလူချင်း ထောက်ထားညှာတာမှု ကင်းမဲ့ဆိတ်သုဉ်းသော၊ လူလူချင်း လူလိုမဆက်ဆံဘဲ တိရစ္ဆာန်လိုဆက်ဆံသော ကျေးပိုင်ကျွန်ပိုင်များကို တွန်းလှန်တိုက် ခိုက်ရန် သူ ဆုံးဖြတ်သည်။ ကျေးပိုင်ကျွန်ပိုင်စနစ်ကို အမြစ်ဖြတ်ရန် သူ သန္နိဋ္ဌာန် ချသည်။ ကျွန်ရောင်းကျွန်ဝယ်စနစ်ကို မြေမြှုပ်ရန် သူ ဦးတည်သည်။

ထိုသို့သော ဆုံးဖြတ်ချက်၊ အဓိဋ္ဌာန်ချက်၊ ဦးတည်ချက်များနှင့်အတူပင် မိမိတို့ မှီတင်းနေထိုင်ရသည့် တိုင်းပြည်ပေါ်တွင်လည်းကောင်း၊ လူမျိုးများအပေါ်တွင် လည်း ကောင်း၊ သယံဇာတပစ္စည်းများ အပေါ်တွင်လည်းကောင်း နည်းမျိုးစုံဖြင့် လက်ဝါး ကြီးအုပ်နေသည့်၊ ချုပ်ချယ်နေသည့်၊ အမြတ်ထုတ် ခေါင်းပုံဖြတ်နေသည့်၊ ဝါးမျိုနေ

mgyoe.com

mgyoe.com

သည့် နယ်ချဲ့၏ သွေးဆာသောလက်များကို ရိုက်ချိုးရန်ဆုံးဖြတ်သည်။

မိမိတို့၏နယ်မြေပေါ်တွင် အခြေချကာ မိမိတို့၏လူမှုအခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေး အားလုံးကို ထင်တိုင်းခြယ်လှယ် ကြိုးကိုင်နေသော နယ်ချဲ့အစိုးရကို စွမ်းအားရှိသမျှ အပြီးတိုင် တိုက်ထုတ်ပစ်ရန် သန္နိဋ္ဌာန်ပြုသည်။

နီးဂရိုးအမျိုးသား ခရစ္စပတ်စ်အက်တက်စ်သည် မွန်မြတ်သည့်၊ ခိုင်မာသည့်၊ ကိုယ်ကျိုးစွန့်သည့်၊ အမျိုးနှင့်တိုင်းပြည်ကိုချစ်သည့် သံမဏိစိတ်ဓာတ်များဖြင့် ဧရာမ လူထုကြီး၏တပ်ဦးမှ မားမားမတ်မတ် ခေါင်းဆောင်ကာ ချီတက်လာခဲ့လေသည်။ မျိုးချစ်လူထုကြီး၏ ရှေ့မှနေ၍ တိုင်းပြည်နှင့်လူမျိုးအတွက် ပြတ်ပြတ်သားသား တိုက်ပွဲဝင်နေသော မျိုးချစ်သူရဲကောင်းကြီး ဖြစ်လေသည်။

မကြာပါ။ ဇာတိသွေး ဇာတိမာန် တဖွားဖွားဖြင့် ချီတက်လာသည့် မျိုးချစ်လူထုကြီးနှင့် စစ်တန်းလျားများအတွင်းမှ ထွက်လာသော ဗြိတိသျှစစ်သား ရှစ်ယောက်တို့ ရန်ဆိုင်တိုးကြလေသည်။

လူထုကြီးသည် လက်ချည်းသက်သက်သာ ဖြစ်၏။ တိုင်းပြည်နှင့်လူမျိုးကို ချစ်သော စိတ်သာရှိ၏။ တိုင်းတစ်ပါး၏ကျွန်ဘဝမှ လွတ်မြောက်လိုသော ဆန္ဒသာ ရှိ၏။

ဗြိတိသျှစစ်သား ရှစ်ယောက်၏ လက်တွင်မူ လူကိုသေစေတတ်သော လက်နက်တွေရှိ၏။ နယ်ချဲ့လိုသောစိတ် ရှိ၏။ တိုင်းတစ်ပါးသားကို ကျွန်ပြုလိုသောစိတ် ရှိ၏။ တိုင်းတစ်ပါး၏ နယ်မြေများပေါ်မှ ထွက်ရှိသည့်အဆီအနှစ်များကို မတရား လက်ဝါးကြီးအုပ် ဝါးမျိုလိုသော ဆန္ဒရှိ၏။ မိမိတို့သိမ်းယူရရှိပြီးသည့် သူတစ်ပါး၏ နယ်မြေကို တစ်လက်မမျှ ပြန်မပေးလိုသော စိတ်ရှိ၏။ လက်နက်အားကိုးဖြင့် အရာရာကို အနိုင်ယူနိုင်သည်ဟူသော ယုံကြည်ချက်ရှိ၏။

ယင်းသို့သော ယုံကြည်ချက်ချင်း၊ စိတ်ဆန္ဒချင်း မတူညီကြသည့် နှစ်ပက္ခတို့ ရင်ဆိုင်တွေ့ကြလေသည်။

မျိုးချစ်လူထုက လက်သီးလက်မောင်းတန်းကာ ကြွေးကြော်သံတွေ အော်ဟစ်သည်။ ဆုံးရှုံးနေသော မိမိတို့၏အခွင့်အရေးတွေ ပြန်ပေးရန် တောင်းဆိုသည်။ မိမိတို့ တိုင်းပြည်ကို လွတ်လပ်ရေးပေးရန် တောင်းဆိုသည်။ မိမိတို့နယ်မြေပေါ်မှ ပြန်ထွက်သွားရန် တောင်းဆိုသည်။ မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးယူမည်ဟု တင်ပြသည်။ မိမိတို့တိုင်းပြည်ကို မိမိတို့အုပ်ချုပ်မည်ဟု ပြောသည်။ မိမိတို့ တိုင်းရင်းသား

mgyoe.com

mgyoe.com

အားလုံး၏ ကံကြမ္မာနှင့် မိမိတို့တိုင်းပြည်၏ ကံကြမ္မာကို မည်သည့်တိုင်းတစ်ပါးသား ကိုမှ ဝင်ရောက်ခြယ်လှယ် စိုးမိုးခွင့်မပေးနိုင်ဟု ကြွေးကြော် ဆန္ဒပြကြလေသည်။

လူထုကြီး၏ဆန္ဒပြမှုကို စစ်သားတို့က တုံ့ပြန်လိုက်သည့်အရာကား သေနတ် ကျည်ဆန်များသာတည်း။

လူထုကြီး၏တပ်ဦးမှနေ၍ ရဲရဲတောက်ချီတက်လာသော မျိုးချစ်သူရဲကောင်း ကြီးတစ်ဦးသည် ဗြိတိသျှနယ်ချဲ့၏ ကျည်ဆန်သင့်ပြီး မြေသို့ ဗုန်းဗုန်းလဲကျသွားသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးသွားသည်။ သူ၏သွေးတို့သည် အမေရိကန် ကိုလိုနီဆန့်ကျင်ရေး လူထုကြီး၏ အသည်းနှလုံးတို့တွင် စွန်းထင်းခဲ့လေသည်။ သူသည် နီးဂရိုးလူမျိုး ခရစ္စပတ်စ်အက်တက်စ် ဖြစ်လေ၏။

ဗြိတိသျှစစ်သားများနှင့် မျိုးချစ်လူထုကြီး၏ တိုက်ပွဲကြီး ဖြစ်ပွားလေတော့ သည်။ သို့သော် မညီမျှသော၊ တစ်ဖက်စောင်းနင်းဖြစ်သော တိုက်ပွဲကြီးဖြစ်လေသည်။ မျိုးချစ်လူထုကြီး၏လက်တွင် လက်နက်ဟူ၍ အပ်တစ်ချောင်းမျှပင် မရှိ။ မျိုးချစ်စိတ် သာလျှင် သူတို့မှာရှိလေသည်။ ဗြိတိသျှစစ်သားများ၏လက်တွင်ကား လက်နက် အပြည့်အစုံဖြင့် ဖြစ်သည်။

တစ်ယောက်သောသူသည် မြို့တော်ခန်းမသို့ ပြေးသွားသည်။ မီးသတ်ခေါင်း လောင်းကို အဆက်မပြတ်ထိုးသည်။ ခေါင်းလောင်းသံသည် ကျွက်ကျွက်ညံနေ၏။ သေနတ်သံတို့သည် ကျွက်ကျွက်ညံနေ၏။ လူထုကြီး၏ အော်ဟစ်သံကား ဘဝင်လှုံ မျှ ရှိလေသည်။

ဘော့စတွန်မြို့လူထုကြီးသည် လမ်းများအတွင်းသို့ သွန်ဆင်းလာသည်။ နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးမှာ ပါဝင်ပူးပေါင်းကြသည်။ လွတ်မြောက်ရေး အတွက် ကြွေးကြော်တောင်းဆိုကြသည်။ တစ်လမ်းဝင်တစ်လမ်းထွက် ချီတက်ကြ သည်။ ဗြိတိသျှစစ်သားများကလည်း လူအုပ်ကြီးအတွင်းသို့ ပစ်ခတ်ကြသည်။ တဖြည်းဖြည်းနှင့် လူအုပ်ကြီးမှာ ကစဥ့်ကလျား ကွဲထွက်သွားလေသည်။ ခြေဦးတည့် ရာ၊ ကျည်ဆန်နှင့် လွတ်ကင်းရာသို့ ပြေးလွှားကြရလေသည်။

တပ်ဦးတစ်နေရာတွင်မူ ရဲရဲတောက် မျိုးချစ်သူရဲကောင်းကြီး နီးဂရိုးအမျိုးသား ခရစ္စပတ်စ်အက်တက်စ်၏ အလောင်းသည် သွေးအိုင်ထဲမှာ လဲလျောင်းလျက်။

သူ၏ရဲရင့်စွာ အသက်ပေးမှုသည်ကား လွတ်လပ်ရေးကို တိုက်ပွဲဝင်ရာတွင် နီးဂရိုးတို့သည် အမေရိကန်လူဖြူများထက် ဆံတစ်ခြည်၊ နှမ်းတစ်ထောက်မျှ မလျော့

mgyoe.com

mgyoe.com

နည်းဘဲ တန်းတူရည်တူ တိုက်ပွဲဝင်ခဲ့ကြကြောင်း သက်သေထူပြလိုက်ခြင်း ဖြစ်လေသည်။

သူရဲကောင်းကြီးအက်တက်စ်သည် တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲကို အသက်စွန့်ကာ ဝင်ရောက်ခဲ့ရသောကြောင့် သူ၏အဓိဋ္ဌာန်ချက်မှာ တစ်ဝက်တစ်ပျက်နှင့်ပင် စခန်းရပ်ခဲ့ရသည်။ သူချီတက်ရမည့် ခရီးသည် ပြီးဆုံးခြင်းသို့ပင် မရောက်နိုင်ရှာသေးချေ။

အက်တက်စ်သည် လူလူချင်း မတရားဖိနှိပ် ချုပ်ချယ်သော၊ လူလူချင်း အဆီစား အသားမျို ခေါင်းပုံဖြတ်သော၊ လူလူချင်း အထောက်ထားအညှာတာ ကင်းမဲ့ ဆိတ်သုဉ်းသော၊ လူလူချင်း လူလိုမဆက်ဆံဘဲ တိရစ္ဆာန်လိုဆက်ဆံသော ကျေးပိုင်ကျွန်ပိုင်များကို တွန်းလှန်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သော်လည်း တော်လှန်ရေးခရီးတစ်ဝက်မှာပင် တော်လှန်ရေးစစ်မြေပြင်တွင် ကျဆုံးခဲ့ရသော ပုဂ္ဂိုလ်ဖြစ်သည်။ ကျေးပိုင်ကျွန်ပိုင်စနစ်ကို အမြစ်ဖြတ်ရန် သူ ကြိုးစားခွင့်မရလိုက်။ ကျွန်ရောင်းကျွန်ဝယ်စနစ်ကို မြေမြှုပ်ရန် သူဘာမျှ မလုပ်လိုက်နိုင်ချေ။

သို့သော် အက်တက်စ်အသက်စွန့်ပြီး ဝင်လိုက်ရသည့်တိုက်ပွဲကား ကြီးမား၏။ မွန်မြတ်၏။ ထိရောက်၏။ သမိုင်းစဉ်တွင် သူ့ကိုမေ့ပျောက်၍ ရနိုင်မည်မဟုတ်။ မေ့၍လည်း မထားသင့်။

ထို့ကြောင့်ပင် ဘော့စတွန်မြို့မှာ ခရစ္စပတ်စ်အက်တက်စ်အတွက် အထိမ်းအမှတ်ကျောက်တိုင်ကြီးတစ်ခုကို စိုက်ထူထားကြသည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။

သူသည် ကျေးကျွန်တစ်ယောက်သာ ဖြစ်၏။ သို့သော် သူ့မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်တတ်သည့်စိတ် ရှိ၏။ လူတန်းစားအလွှာတွင် သူ့အဆင့်အတန်းသည် အနိမ့်ဆုံးဖြစ်သည်ကား မှန်ပါ၏။ သို့သော် သူ၏စိတ်ဓာတ်နှင့် ယုံကြည်ချက်ကား အမြင့်ဆုံး၊ အမွန်မြတ်ဆုံးဖြစ်လေသည်။

သည်လိုမွန်မြတ်မှုတွေကြောင့် သူရည်မှန်းခဲ့သည့်၊ ဆုံးဖြတ်ခဲ့သည့်၊ ဦးတည်ခဲ့သည့် ကျေးကျွန်စနစ် ပပျောက်ရေး၊ လူလူချင်း လူလိုဆက်ဆံရေး၊ လူကို လူအဖြစ် အသိအမှတ်ပြုရေး တိုက်ပွဲများကို ကျန်သောသူများက ဆက်လက်တိုက်ပွဲဝင်ခဲ့ကြလေသည်။

သူတို့၏တိုက်ပွဲသည် ရာစုနှစ်ပေါင်းများစွာ ကြာမြင့်သော လူမှုတော်လှန်ရေးတစ်ရပ် ဖြစ်လာသည်။ မပြီးဆုံးနိုင်သော နီးဂရိုးတော်လှန်ရေးကြီး ဖြစ်လာသည်။

mgyoe.com

အသက်ပေါင်းမြောက်မြားစွာ၊ အိုးအိမ်စည်းစိမ်ပေါင်း မြောက်မြားစွာတို့ ဆုံးရှုံးခဲ့ရသော တော်လှန်ရေးကြီးတစ်ရပ် ဖြစ်လာလေသည်။ တစ်ကမ္ဘာလုံးက အာရုံစိုက်နေရသော၊ ရင်ထုမနာဖြစ်နေရသော တော်လှန်ရေးကြီး ဖြစ်လာလေသည်။ တစ်နှစ်ထက်တစ်နှစ်၊ တစ်လထက်တစ်လ၊ တစ်ရက်ထက်တစ်ရက် ပိုမိုပြင်းထန်ကြီးကျယ်လာသည့် တော်လှန်ရေးကြီး ဖြစ်လာလေသည်။

ယင်းသို့သော အကြောင်းများကြောင့် နီးဂရိုးသူရဲကောင်းကြီး အက်တက်စ် ကျဆုံးသွားရသော်လည်း သူရည်မှန်းခဲ့သည့် ကျေးကျွန်စနစ်ပပျောက်ရေး တိုက်ပွဲသည် အရှိန်ကြီးမားသည်ထက် ကြီးမားလာရလေတော့သည်။

ကျေးကျွန်စနစ် ပပျောက်ရေးတိုက်ပွဲ ပြီးဆုံးသောအခါတွင်ကား၊ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးတိုက်ပွဲတို့သည် တစ်ဆက်တည်း ဖြစ်ပွားလာရပြန်၏။

သည်ကစပြီး နီးဂရိုးတော်လှန်ရေးတို့ ပေါ်ပေါက်လာရသည်ဟု ဆိုနိုင်လေသည်။

ဘော့စတွန်မြို့ ကင်းလမ်းပေါ်တွင် သူရဲကောင်းကြီးအက်တက်စ် ကျဆုံးခဲ့ရသည့် ၁၇၇၀ ခုနှစ် မတ်လ ၅ ရက် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲကြီးမှစ၍ ဗြိတိသျှ အင်ပါယာကြီးကို စတင်ဖြိုခွဲခဲ့သည်ဟု ဆိုနိုင်သည်။

လက်ဇင်တန်တိုက်ပွဲသည် လည်းကောင်း၊ ဗန်ကာတောင်ကုန်းတိုက်ပွဲသည် လည်းကောင်း၊ ဘားဂွန်းနှင့်ကွန်းဝဲလ်လစ်တို့၏ လက်နက်ချမှုများသည် လည်းကောင်း ဘော့စတွန်မြို့ကင်းလမ်းတွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲလောက် အရေးကြီးမည်မဟုတ်ပေ။ ထင်ရှားမည်မဟုတ်ပေ။ အမျိုးသားရေးစိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ပြင်းထန်ချိမ့်မည် မဟုတ်ပေ။

သည်လိုဖြင့်ပင် အမေရိကန်ပြည်ထောင်စုကြီး၏ လွတ်လပ်ရေးအတွက် နီးဂရိုးအမျိုးသားတွေ စွမ်းစွမ်းတမံ ပါဝင်တိုက်ခိုက်ခဲ့ကြလေသည်။ ရွပ်ရွပ်ချွံချွံ ပါဝင်ပူးပေါင်းခဲ့ကြလေသည်။ အမေရိကန်ပြည်သည် သူတို့ပြည်ဖြစ်ကြောင်း အကြွင်းမဲ့ ယုံကြည်ကြ၏။ အမေရိကန်နယ်မြေပေါ်မှာ ရှိသမျှ၊ နေသမျှ၊ မွေးဖွားသမျှ တိုင်းရင်းသားအားလုံး ဖြူသည်၊ မည်းသည်မဟူ။ သူတို့၏ ညီရင်းအစ်ကိုများ၊ သွေးရင်းသားရင်းများဟု သူတို့ လက်ခံသဘောပိုက်ယူကြ၏။ နှစ်မြို့ကြ၏။ အသားဖြူသောသူလည်း လူသားများပင် ဖြစ်ကြသောကြောင့် လူတို့၏ရသင့်ရထိုက်သည့် အခွင့်အရေးများကို ရကြရမည်ဟု နီးဂရိုးတို့က ယုံကြည်၏။ လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ နယ်ချဲ့လက်အောက်၌

mgyoe.com

ကျွန်သပေါက်ဘဝနှင့် နေထိုင်ရသောအခါတွင် လူ့အခွင့်အရေးအားလုံး ဆုံးပါးရသည် ချည်းဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး ဖြစ်ကြ၏။

ထို့ကြောင့်လည်း နယ်ချဲ့လက်အောက်မှ အမေရိကန်ပြည်ကြီး လွတ်မြောက်ရေးအတွက် နီးဂရိုးအမျိုးသားတို့က နောက်မဆုတ်စတမ်း၊ အညှံ့မခံ အလံမလှဲစတမ်း၊ မစေ့စပ်စတမ်း တိုက်ပွဲဝင်ကြခြင်း ဖြစ်လေသည်။

ဤကဲ့သို့ ဆင်နွှဲခဲ့ကြသည့် လွတ်လပ်ရေးတိုက်ပွဲများ အားလုံးအနက် ဘော့စတွန်မြို့တိုက်ပွဲသည် သမိုင်းအပြောင်ဆုံး၊ အထင်ရှားဆုံး၊ အလေးနက်ဆုံး၊ မျိုးချစ်စိတ် အခိုင်မာဆုံးတိုက်ပွဲ ဖြစ်လေသည်။ အမေရိကန်ပြည်အပေါ်၌ နီးဂရိုးများ မည်မျှထိအောင် သစ္စာရှိကြောင်း၊ တွယ်တာကြောင်း ထုတ်ဖော်ပြသသောတိုက်ပွဲလည်း ဖြစ်လေသည်။

နယ်ချဲ့ဆန့်ကျင်သည့် တော်လှန်ရေးစစ်ပွဲကြီးတွင် နီးဂရိုးအမျိုးသားအားလုံး အတွက် အရေးအကြီးဆုံး အထင်ရှားဆုံး ဂုဏ်ယူထိုက်ဆုံး ပုဂ္ဂိုလ်ဖြစ်သည့်၊ အက်တက်စ်နှင့်အတူ နီးဂရိုးပေါင်း ၅,၀၀၀ ထက်မနည်း အမေရိကန်လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြလေသည်။

ယင်းအချက်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုကြီး လွတ်လပ်ရေးရကာ ကြီးပွားတိုးတက်ရေးအတွက် နီးဂရိုးပေါင်းမြောက်မြားစွာတို့၏ အသက်များ၊ အိုးအိမ်စည်းစိမ်များ၊ သွေးများဖြင့် ပါဝင်တည်ဆောက်ခဲ့ကြကြောင်း ထင်ရှားသည်။ အမေရိကန်ပြည် လွတ်လပ်ရေးရလာခြင်း၊ တိုးတက်ကြီးပွားလာခြင်းတွင် နီးဂရိုးတို့၏ အခန်းကဏ္ဍများလည်း ပါဝင်ကြောင်းကို ငြင်းကွယ်၍ ရနိုင်မည်မဟုတ်ချေ။ အမေရိကန်ပြည်ထောင်စု၏ သမိုင်းစဉ်တွင် နီးဂရိုးများ၏ လွတ်လပ်ရေးတိုက်ပွဲ၊ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို မေ့ပျောက်ထား၍ ရနိုင်မည်မဟုတ်ချေ။ အမေရိကန်ပြည်ထောင်စုကြီး၏ ကောင်းကျိုးဆိုးကျိုးကံကြမ္မာကို လူဖြူများနှင့်တန်းတူ ပခုံးခြင်းယှဉ်လျက် နီးဂရိုးများ ပါဝင်ဖန်တီးခဲ့ကြသည်ကို သမိုင်းမှတ်တိုင်တွင် ကျော်လွှားသွား၍ ရနိုင်မည်မဟုတ်ချေ။

အမေရိကန်ပြည်လွတ်လပ်ရေးအတွက် နီးဂရိုးတွေ စွမ်းစွမ်းတမံ ပါဝင်တိုက်ခိုက်နေကြလင့်ကစား အသက်ပေါင်းများစွာကို စွန့်နေကြလင့်ကစား၊ ချွေးတွေသွေးတွေနှင့် ရင်းနှီးနေကြလင့်ကစား တစ်ဖက်တွင်မူ ကျေးကျွန်စနစ်သည် မြင့်မားကြီးထွားလျက်ပင် ရှိလေသည်။ နီးဂရိုးကျွန်များကို မြိုက်ရေရှက်ရေ ဝယ်ခြမ်း ခိုင်းစေလျက်ပင်

ရှိသည်။ နီးဂရိုးများကို လူရာမသွင်းဘဲ နှိမ်ခြနှိမ်ထားလျက်ပင်ရှိသည်။ အာဖရိက တိုက်မှ နီးဂရိုးများကို ငွေနှင့်ဝယ်ယူကာ အမေရိကန်တိုင်းပြည်တွင်း၌ အမြတ်တင် ရောင်းချလျက်ပင် ရှိသည်။ ကျွန်ရောင်းကျွန်ဝယ်စနစ်ကို ဈေးမစီးပွားရေး လုပ်ငန်းကြီး တစ်ခုအဖြစ်နှင့် ဆောင်ရွက်လျက်ပင်ရှိကြသည်။

မိမိ၏ကျေးကျွန်ဖြစ်သော နီးဂရိုးများကို သတ်ဖြတ်လိုက သတ်ဖြတ်နေကြ ဆဲပင်ဖြစ်သည်။ မိမိပိုင်သောကျွန်ကို သတ်ဖြတ်သော်လည်း ဥပဒေက အရေးယူခြင်း မရှိ။ ထိုမှတစ်ဆင့် နီးဂရိုးကိုသတ်လျှင် အပြစ်မရှိဟူသော အစဉ်အလာကြီးတစ်ရပ် ပင် အရိုးစွဲအောင် စွဲထင်ကျန်ရစ်နေသည်။

နီးဂရိုးအမျိုးသမီးကလေးများ၏ ဘဝကား အဆိုးဆုံးတည်း။

အရွယ်ရောက်စ လူဖြူကလေးများသည် ဖိုမဆက်ဆံရေးကိစ္စများ လေ့လာ ရာတွင် နီးဂရိုးအမျိုးသမီးကလေးများကို လက်တွေ့သင်တန်းကျောင်းများသဖွယ် သဘောထားကြသည်။ ဖိုမဆက်ဆံရေး နည်းသစ် နည်းဆန်းများကို နီးဂရိုးအမျိုးသမီး ကလေးများနှင့် စမ်းသပ်လေ့ကျင့်ကြသည်။

အရွယ်ရောက်စ လူဖြူကလေးများသာမက အရွယ်ရောက်ပြီး လူဖြူများက လည်း နီးဂရိုးအမျိုးသမီးကလေးများကို လမ်းဘေးရေအိုင်သဖွယ် သဘောထားကြ သည်။ မိမိတို့၏ စိတ်အလိုဆန္ဒရှိသည့်အခါတွင် ပျိုသည် အိုသည်၊ ကြီးသည် ငယ် သည်မရွေး နီးရာနီးဂရိုး အမျိုးသမီးကလေးများကို အဓမ္မအနိုင်ယူ စော်ကားနေကြ သည်။ နီးဂရိုးအမျိုးသမီးကလေးများကို ဈေးအိမ်သာသဖွယ် သဘောထားကြသည်။

လူဖြူတို့၏ အစော်ကားခံရသော နီးဂရိုးအမျိုးသမီးများသည် ဘာအခွင့် အရေးမှမရှိ။ ဘယ်ဂါတ်တဲ၊ ဘယ်ရုံး၊ ဘယ်အဖွဲ့အစည်းကိုမှ သွား၍တိုင်တောခွင့်မရှိ။ နီးဂရိုးအမျိုးသမီးကို လူဖြူကစော်ကားလျှင် မုဒိမ်းမှုအရာမရောက်။ လူဖြူ၏စော်ကား မှုကြောင့် နီးဂရိုးအမျိုးသမီးများတွင် ကိုယ်လေးလက်ဝန် ရှိလာသောအခါ နီးဂရိုးအမျိုး သမီးသည် ကိုယ့်ပြဿနာ ကိုယ်ရှင်းရုံသာရှိသည်။ မည်သူ့ထံတွင်မှ ကလေးစရိတ် သွားတောင်း၍ ရမည်မဟုတ်။

ထို့ကြောင့် နီးဂရိုးဟူသည်မှာ လူသားများမဟုတ်တော့ချေ။ အဟိတ် တိရစ္ဆာန် လို ဖြစ်နေသည်။ ကုန်ပစ္စည်းလို ဖြစ်နေသည်။ ရောင်းကုန်ပစ္စည်း၊ အစမ်းသပ်ခံ ပစ္စည်း၊ အသုံးတော်ခံပစ္စည်းများပင် ဖြစ်လေတော့သည်။

ယင်းသို့ သူတို့ဘဝဆိုးရွားခဲ့ရသည်မှာ ၁၆၁၉ ခုနှစ် ကတည်းကဖြစ်သည်။

mgyoe.com

mgyoe.com

ယခု ၁၇၇၀ ခုနှစ်အထိ နှစ်ပေါင်း (၁၅၀)ကျော်မျှ လူမှုဒုက္ခအပေါင်းတို့ကို ခါးစည်း၍ ခံကြရသည်။ သူတို့အတွက် ကောင်းကွက်ဟူ၍မရှိ။ ဆိုးဆိုးရွားရွားတွေနှင့်သာ တွေ့ကြုံရင်ဆိုင်နေကြရသည်။ အဆိုးတို့သည် အကောင်းဘက်သို့ ဦးတည်၍မလာ။ ဆိုးသည်ထက်သာ တစ်နေ့တခြား ဆိုးရွားလာချေတော့သည်။ နစ်သည်ထက်သာ နစ်မွန်းလာချေတော့သည်။

သို့သော် နီးဂရိုးတို့သည် အမေရိကန်ပြည်ကြီး လွတ်လပ်ရေးအတွက် သူတို့ရဲရဲတောက် တိုက်ပွဲဝင်လျက်ပင် ရှိကြသည်။ အသက်တွေကို စတေးလျက်ပင်ရှိကြသည်။ သွေးတွေချွေးတွေကို ရင်းနှီးလျက်ပင်ရှိကြသည်။

ထိုအချိန်က ကျေးကျွန်ဘဝမှ နည်းမျိုးစုံဖြင့် လွတ်မြောက်လာကြသည့် နီးဂရိုးများလည်း အတော်အသင့်ရှိနေချေပြီ။ ကျေးကျွန်ဘဝမှ လွတ်မြောက်လာကြသည်ဟု ဆိုရလင့်ကစား သူတို့၏အဆင့်အတန်းမှာ ကျေးကျွန်မျှသာဖြစ်သေး၏။ နေရာတိုင်းတွင် လူဖြူများနှင့် တန်းတူယှဉ်ခွင့်မရ။ လူ့အခွင့်အရေးဟူသည်မှာ အချိုးနှိမ်ခံနေရဆဲပင် ဖြစ်သည်။ အရုပ်သိမ်းခံနေရဆဲပင် ဖြစ်သည်။ လူ့အသိုင်းအဝိုင်းအတွင်းမှ ဝိုင်းပယ်ခံနေရဆဲပင် ဖြစ်သည်။

လွတ်လပ်ရေးတိုက်ပွဲမှာ အမေရိကန်လူဖြူများကို ကူညီပြီး စွမ်းစွမ်းတမံ တိုက်ပွဲဝင်နေသူများမှာ နီးဂရိုးများ ဖြစ်၏။ သို့သော် အမေရိကန်လူဖြူများ ရနေသည့် အခွင့်အရေးမျိုး လွတ်လပ်မှုမျိုးကို နီးဂရိုးများ မရရှိကြသောအခါ မတရားမှုကြီးသည် ဘွားဘွားပေါ်လာတော့သည်။ ဖုံးမရဖိမရ ဖြစ်လာတော့သည်။ စိတ်ကောင်းရှိသော လူဖြူများအနေဖြင့် ယင်းအချက်နှင့်ပတ်သက်ပြီး စိတ်မကောင်းနိုင်ကြတော့ချေ။

အမေရိကန်သမ္မတ သောမတ်စ်ဂျက်ဖာဆင်သည်လည်း ယင်းပြဿနာများနှင့် ရင်ဆိုင်ကြုံခဲ့ရသည်။ သောမတ်စ်ဂျက်ဖာဆင်ကိုယ်တိုင် ကျွန်ပိုင်ရှင်တစ်ဦးဖြစ်သည်။ မည်သို့ပင်ဆိုစေ နိုင်ငံ့ခေါင်းဆောင်ကောင်း တစ်ယောက်အနေဖြင့် မျက်နှာလိုက်၍ မဖြစ်။ မတရားမှုကြီးကို လျစ်လျူရှုထား၍မဖြစ်။ ကျောခိုင်းထား၍ မဖြစ်။

ထို့ကြောင့် အမေရိကန်လွတ်လပ်ရေး ကြေညာစာတမ်းကို ရေးဆွဲရာတွင် ကျွန်ကုန်ကူးသည့်စနစ်ကို လက်ခံခွင့်ပြုနေသည့် အင်္ဂလိပ်ဘုရင်ကို ရှုတ်ချသည့် အပိုဒ်တစ်ပိုဒ်ထည့်နိုင်ရန် ကြိုးစားခဲ့သည်။ ကျေးကျွန်စနစ်ကို ဖျက်သိမ်းရန်လည်း နှိုးဆော်ခဲ့သည်။ တိုင်းပြည်ကိုရှင်းပြကာ တိုက်တွန်းတောင်းဆိုခဲ့သည်။

မည်သို့ပင်ကြိုးစားခဲ့စေကာမူ သောမတ်စ်ဂျက်ဖာဆင်၏ ကြိုးစားမှုအားလုံး

mgyoe.com

gyoe.com


မအောင်မြင်ဘဲ ရှုံးနိမ့်ခဲ့ရလေသည်။

ဂျက်ဖာဆင်သည် မလျှော့သောဇွဲဖြင့် အုပ်ချုပ်ပုံအခြေခံ စည်းမျဉ်းဥပဒေ၌ နီးဂရိုးကျေးကျွန်များအတွက် တရားမျှတမှုဖြစ်အောင် ကြိုးစားပြန်သည်။ ကျေးကျွန်စနစ်ကို မဖျက်သိမ်းလိုသည့် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို စွန့်စွန့်စားစား မလုပ်လိုသည့် အင်အားစုများနှင့်ပေါင်းပြီး တိုင်းပြည်သစ်တစ်ခုကို အုပ်ချုပ်ကြရမည် ဖြစ်လေသည်။

အနာဂတ် အမေရိကန်တိုင်းပြည်၌ လူမျိုးစုနှစ်ခု ရှိနေဦးမည်။ နီးဂရိုးများနှင့် လူဖြူများဖြစ်သည်။ သူတို့သည် တစ်ကန့်စီ ငြိမ်းချမ်းစွာ နေသွားကြရန် ကြိုးစားကြရချေမည်။

နီးဂရိုးကျေးကျွန်များကို ကျေးကျွန်အဖြစ်မှ လွတ်ငြိမ်းခွင့်ပေးမည်လော။ သို့တည်းမဟုတ်၊ အမေရိကန်ပြည်ထောင်စုအတွင်းမှ ပြည်နှင်ဒဏ်ပေးမည်လော စသည်ဖြင့် ပြဿနာတွေ ရှုပ်ထွေးလာသည်။ ကျေးကျွန်စနစ် ဖျက်သိမ်းပေးရေးကို လူဖြူနိုင်ငံရေး ခေါင်းဆောင်အချို့ကပါ တောင်းဆိုလာကြသည်။ သဘာဝ၊ ဓလေ့ထုံးစံ၊ အလေ့အထ၊ အတွေးအမြင်ချင်း မတူကွဲလွဲကြသော လူမျိုးနှစ်မျိုးသည် တန်းတူရည်တူ လွတ်လပ်နေကြမည်ဆိုလျှင် အစိုးရတစ်ခုတည်း၏ အောက်မှာ အတူမနေနိုင်ဟု ဆိုသူတွေက ဆိုကြလေသည်။

သို့ဖြင့်ပင် အမေရိကန်တော်လှန်ရေးကြီး ပြီးဆုံးသွားသော ကာလနောက်ပိုင်းတွင် နီးဂရိုးကျေးကျွန်ပြဿနာသည် ပိုမိုဆိုးရွားလာပြန်သည်။

၁၇၇၇ ခုနှစ်၌ မက်ဆာချူးဆက်ပြည်နယ် ညီလာခံကြီးတွင် နီးဂရိုးများက မိမိတို့အား ကျေးကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါရန် အသနားခံ တောင်းဆိုကြလေသည်။

> "အမေရိကန် ပြည်ထောင်စုကြီးသည် ဂရိတ်ဗြိတိန်နိုင်ငံနှင့် ပြဿနာပေါင်းစုံ၊ အခက်အခဲပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းခဲ့ရပါသည်။ သွေးထွက်သံယိုစစ်ပွဲကြီးတွေ ဖြစ်ပွားခဲ့ကြရပါသည်။ ယင်းသို့သော အခက်အခဲ အကျပ်အတည်းပေါင်းစုံကို တွေ့ကြုံနေကြရကတည်းက မိမိတို့ နီးဂရိုးကျေးကျွန်များသည် အမေရိကန်တို့ဘက်မှ အခိုင်အမာ မားမားမတ်မတ် ရပ်ခဲ့ကြပါသည်။ အမေရိကန်တို့နှင့် ကောင်းတူဆိုးဖက်နေခဲ့ ကြပါသည်။ ထိုအကြောင်းများကို ထောက်ထားသက်ညှာစွာ ထည့်သွင်းစဉ်းစားပြီး အသနားခံနေသည့် မိမိတို့ကို

mgyoe.com

mgyoe.com


ကျွန်အဖြစ်မှ လွတ်မြောက်ခွင့်ပေးသနားသင့်ပါသည်။"

အထက်ပါအတိုင်း မက်ဆာချူးဆက်ညီလာခံကြီးက အသနားခံလေသည်။ နီးဂရိုးတို့၏ဘဝမှာ မည်မျှကြေကွဲဖွယ်ရာ၊ ရင်ထုမနာ ဖြစ်ဖွယ်ရာကောင်းကြောင်း ထင်ရှားသိသာနိုင်သည်။

နယ်ချဲ့ထံမှ လွတ်မြောက်ရေးကို ရယူလိုသောအခါတွင် နီးဂရိုးတို့သည် အသက်ပေါင်းများစွာကို စတေးပြီး နောက်မဆုတ်တမ်း၊ အလံမလှဲတမ်း အကြမ်းဖက်တိုက်ခိုက်ခဲ့ကြ၏။ နောက်ဆုံးတွင် နယ်ချဲ့ကို အပြီးတိုင်လည်း မောင်းထုတ်နိုင်ခဲ့လေသည်။

ယခု မိမိတို့ ကူညီတိုက်ခိုက်ပေးခဲ့သည့် တစ်နိုင်ငံတည်းသား အမေရိကန်လူဖြူများထံမှ ကျွန်ဘဝလွတ်မြောက်ရေးကို ရယူလိုသောအခါတွင် ဒူးထောက်ပြီး အသနားခံတောင်းယူနေရသော ဘဝဖြစ်သည်။ အရှင်သခင်အတွက် မိမိတို့ ဆောင်ရွက်ပေးခဲ့ရသည်များကို ပြန်လည်ဖော်ပြကာ တိုင်တည်နေရသော ဘဝဖြစ်သည်။

နီးဂရိုးကျေးကျွန်များ၏ ဘဝသည် အမှောင်မိုက်အတွင်းမှာ ဖြတ်သန်းကျော်လွှားလာခဲ့ကြရာမှ မှုန်မွှားမွှားလင်းရောင်ခြည်ကို စတင်မြင်ခွင့်ရခဲ့ကြ၏။

၎င်းမှာ ၁၇၈၃ ခုနှစ်တွင် မက်ဆာချူးဆက်ပြည်နယ် တရားလွှတ်တော်ချုပ်က ကျေးကျွန်စနစ်ကို ဖျက်သိမ်းလိုက်ခြင်းပင် ဖြစ်တော့သည်။ လူ့အခွင့်အရေးဥပဒေကြမ်းတွင် 'လူတိုင်းသည် လွတ်လပ်ခြင်းနှင့်အတူ သာတူညီမျှ မွေးဖွားလာကြသည်' ဟူသော စကားလုံးပါသည်။ ယင်းစကားလုံးကို မဆန့်ကျင်မိစေရန် ပြည်နယ်အတွင်း၌ ကျေးကျွန်စနစ်ကို ဖျက်သိမ်းလိုက်ခြင်းဖြစ်လေသည်။

တရားလွှတ်တော်ချုပ်က ဥပဒေဖျက်သိမ်းလိုက်သည် ဆိုသော်လည်း တကယ်တမ်းတွင်မူ ရာခိုင်နှုန်းပြည့် ပျက်ပြယ်သွားခြင်းမရှိချေ။ ကျေးပိုင်ကျွန်ပိုင်စနစ်နှင့် ကျေးပိုင်ရှင်ကျွန်ပိုင်ရှင်စနစ်ကား အကင်းမသေသော အနာလို၊ ဖွဲမီးလို တငွေ့ငွေ့ ကျန်နေဆဲပင် ရှိလေသည်။

ဗြိတိန်နိုင်ငံတွင်လည်း ၁၇၇၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ အစပြုပြီး ကျေးကျွန်စနစ်ကို ဖျက်သိမ်းလိုက်သည်။ ကျွန်ကုန်ကူးခြင်းကိုမူ ၁၈၀၇ ခုနှစ်မှစတင်ပြီး ဖျက်သိမ်း ရပ်စဲနိုင်သည်။ ဗြိတိသျှအင်ပါယာကြီး တစ်ခုလုံးအနေဖြင့်မူကား ၁၈၃၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင်မှ ဖျက်သိမ်းပေးနိုင်၏။ တန်ဖိုးအားဖြင့် စတာလင်ပေါင် သန်းပေါင်း ၂၀ (မြန်မာငွေကျပ် သန်းပေါင်း ၂၇၀ ခန့်) ရှိသော ကျေးကျွန်ပေါင်း

mgyoe.com

mgyoe.com


၇၀၀,၀၀၀ ကို လွတ်မြောက်စေလိုက်သည်။

အမေရိကန်ပြည်တွင်း၌ အမေရိကန်လွတ်လပ်ရေး တော်လှန်ရေးကြီးမတိုင်မီကာလနှင့် တော်လှန်ရေးကာလအတွင်းက ကျေးကျွန်စနစ်၏ ပြင်းထန်မှုသည် အတန်ငယ် လျော့ပါးသွားလေသည်။ လူမျိုးရေးစိတ်ဓာတ်သည် လူမှုရေးကင်ဆာ ရောဂါဆိုးတစ်ခုပင်ဖြစ်ကြောင်း၊ လူလူချင်းဆက်ဆံရေး၊ လူ့ဘောင်တိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးကို ဒုက္ခပေးနိုင်ကြောင်း သဘောပေါက်နားလည်သည့် အမေရိကန်လူဖြူအတော်များများ ပေါ်ပေါက်ခဲ့သည်။ ထိုသို့ လူမှုဆက်ဆံရေးဘဝကို ပျက်စီးစေမည့်၊ လူ့ဘောင်တိုးတက်ရေးကို အဟန့်အတားဖြစ်နေစေသည့် လူမျိုးရေးစိတ်ဓာတ်များကို ပယ်ဖျက်ပစ်ရမည်ဖြစ်ကြောင်း သူတို့ လက်ခံသဘောပေါက်ကြသည်။

ထို့ကြောင့် သူတို့သည် လူဖြူလူမည်းပူးတွဲကာ နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းပြည်လွတ်မြောက်ရေးတိုက်ပွဲများကို တိုက်ခိုက်ခဲ့ကြသည်။ တွဲ၍ရသည့်နေရာတွေရှိသလို မရသည့်နေရာတွေလည်း ရှိသည်မှာမှန်၏။ အများအားဖြင့်မူ ယင်းကာလသည် များစွာ အခြေအနေကောင်းလာသည်ဟု ဆိုနိုင်သည်။

သို့သော်လည်း လူဖြူလူမည်းဆက်ဆံရေး ကောင်းမွန်သည့်ယင်းခေတ်မှာ များစွာမှ တိုတောင်းလှလေသည်။

၁၇၉၁ ခုနှစ်၌ ပေါ်ပေါက်လာသည့် နီးဂရိုးကျေးကျွန်များ၏ ဟေတီယံ တော်လှန်ရေးကြီးသည်လည်းကောင်း၊ ၁၈၀၀ ပြည့်နှစ်၌ ပေါက်ကွဲသည့် ဗာဂျီးနီးယားပြည်နယ် နီးဂရိုးကျေးကျွန်များ ဆူပူအုံကြွမှုကြီးများသည်လည်းကောင်း အမေရိကန်သမိုင်းမှာ ကြီးမားသောအချက်ကြီးတွေ ဖြစ်လေတော့သည်။ ယင်းတော်လှန်ပေါက်ကွဲမှုကြီးများ ပေါက်ဖွားလာရသည်မှာ ကမ္ဘာသစ်ပေါ်တွင် စက်မှုတော်လှန်ရေးတစ်ရပ်ဆင်နွှဲခြင်းအား ချုပ်ကိုင်ရာမှ စတင်ပေါ်ပေါက်လာသည်။ အဓိကအားဖြင့် စီးပွားရေးပြဿနာပင် ဖြစ်သည်။ စီးပွားရေးမငြိမ်သက်မှု၊ စက်မှုလုပ်ငန်းများ အသွင်ပြောင်းလာမှု၊ လက်မှုမှစက်မှုသို့ ကူးပြောင်းရာတွင် အလုပ်လက်မဲ့ များပြားလာမှုတို့ကြောင့် ဖြစ်ရသည်ဟုလည်း ဆိုနိုင်သည်။

လက်မှုလုပ်ငန်းများမှ စက်မှုလုပ်ငန်းများသို့ ဗြုန်းခနဲ ကူးပြောင်းလိုက်သောအခါတွင် ကူးပြောင်းစကာလ၌ စက်မှုလုပ်ငန်းများကို မတိုးချဲ့နိုင်သေးချေ။ သို့သော်လည်း အခြေတည်ပြီးသမျှသော စက်မှုလုပ်ငန်းများ အနေဖြင့်ကား လက်ရှိလုပ်ငန်းများကို အနိုင်ယူဖုံးလွှမ်းနိုင်စမြဲသာ ဖြစ်သည်။ ထို့ကြောင့် လက်မှုလုပ်ငန်းများ ကျဆုံးပြီး

mgyoe.com

mgyoe.com


အလုပ်လက်မဲ့ပြဿနာများ ကြီးထွားလာရာမှအစ ကျေးကျွန်စနစ်များ၊ စီးပွားရေး ပြဿနာများ၊ အဆင့်အတန်းခွဲခြားမှုများ၊ လူလူချင်း ဖိနှိပ်ချုပ်ချယ်မှုများ၊ ထွေးရောယှက်တင်ဖြစ်ကုန်ပြီး ပြဿနာကြီးတွေ ပေါ်ပေါက်လာရခြင်းဖြစ်လေသည်။

၁၇၈၃ ခုနှစ်သို့ ရောက်သောအခါ အမေရိကန်ပြည်တောင်ပိုင်း၌ စီးပွားရေး အခြေအနေများ ဆိုးရွားလာတော့သည်။ မတည်မငြိမ်နှင့် ဒယိမ်းဒယိုင် ဖြစ်လာတော့သည်။ မြေဩဇာတွေပျက်ကာ စိုက်ပျိုးရေးလုပ်ငန်းတွေ မအောင်မမြင်ဖြစ်ကုန်သည်။ ဈေးကွက်မတည်ငြိမ်မှုတွေ၊ ကမောက်ကမဖြစ်မှုတွေ ပေါ်ပေါက်လာသည်။ စားနပ်ရိက္ခာတွေ ရှားပါးလာသည်။ လုပ်ငန်းကိုင်ငန်းတွေ ပျက်စီးလာသည်။

တောင်ပိုင်းဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းရှင်ကြီးများသည် ၎င်းတို့၏လက်ဝယ်ရှိနေသော နီးဂရိုးကျေးကျွန်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခိုင်းရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ချေ။

သို့သော် တောင်ပိုင်းဒေသ စိုက်ပျိုးရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့လက်ဝယ်ရှိထားသော ကျေးကျွန်များကိုလွှတ်လိုက်ရန် မလိုလားကြပေ။ များစွာ ဝန်လေးနေကြသည်။ တစ်နေ့သောအခါတွင် စီးပွားရေးအခြေအနေများ ကောင်းမွန်လာလိမ့်ဦးမည်ဟူသည့် မျှော်လင့်ချက်ဖြင့် လက်ဝယ်ရှိသော ကျေးကျွန်များကို မလွှတ်ဘဲ ဇွတ်အဓမ္မ ပေကတ်ဆုပ်ကိုင်ထားကြလေသည်။

ချည်ထည်လုပ်ငန်းများကို လူအားဖြင့် လုပ်ယူကြသည်။ လူအားဖြင့် မိုင်းငင်ကြသည်။ ချည်ရစ်ကြသည်။ ဝါစိုက်ပျိုးရေး၊ ချည်မျှင်ထုတ်လုပ်ရေး လုပ်ငန်းများတွင် နီးဂရိုးတို့၏အင်အားဖြင့် လုပ်ယူကြသည်။ ထို့ကြောင့်လည်း ကျေးကျွန်များများစားစား လိုလာလေသည်။ ကျေးကျွန်များကို သုံးခြင်းသည် စက်ကိုသုံးခြင်းထက်များစွာ သက်သာလာပေသည်။ ကျေးကျွန်များကို မသေထမင်း မသေဟင်းကျွေးပြီး အလုပ်ခိုင်းစေ၍ ရသည်။ စက်များကိုမူ ကောင်းစွာ မထိန်းသိမ်းဘဲ အလုပ်လုပ်၍မရ။ ထိုနည်းဖြင့်ပင် နောက်ဆုံးတစ်နေ့ ရောက်သောအခါ တောင်ပိုင်းဒေသများ၌ ကျေးကျွန်များ အရေအတွက် ပိုမိုများပြားလာချေတော့သည်။

၁၈၀၃ ခုနှစ်မှာပင် ဂျော်ဂျီယာနှင့် ကာရိုလီးနား တောင်ပိုင်းဒေသများသို့ နီးဂရိုးကျေးကျွန်ပေါင်း ၂ သောင်းကျော်ကို နိုင်ငံခြားမှ တင်သွင်းယူခဲ့လေသည်။

သို့ဖြင့်ပင် အမေရိကန်တော်လှန်ရေး ကာလမတိုင်မီကလေးက ကောင်းမွန်

mgyoe.com

 mgyoe.com


ခဲ့သည့် အခြေအနေပျက်ပြားသွားကာ ပြန်လည်ဆိုးရွားလာသည်။ တော်လှန်ရေးအတွင်းက ပါဝင်ပူးပေါင်းတိုက်ခိုက်ခဲ့ကြသော နီးဂရိုးတို့၏ ကျေးဇူးတရားများကိုလည်း အမေ့ပျောက် ခံလိုက်ရလေသည်။ ယခုဆိုလျှင် ယခင့်ယခင် အခြေအနေများထက်ပင် များစွာ ပိုမိုဆိုးရွား လာချေတော့သည်။

အခြေအနေအရပ်ရပ်ကို နီးဂရိုးတို့ ကောင်းစွာသဘောပေါက် နားလည်လာပြီဖြစ်သည်။ ၁၇၈၇ ခုနှစ်က ဖီလာဒ်ဖီးယားပြည်နယ် မင်းသားခန်းမဆောင်တွင် နီးဂရိုးညီလာခံကြီးတစ်ရပ် ကျင်းပသည်။ ယင်းညီလာခံတွင် အခွင့်အရေးဆုံးရှုံးမှုများ၊ အဖိနှိပ်အချုပ်ချယ်ခံရမှုများ၊ ဝိုင်းအပယ်ခံရမှုများ၊ နည်းမျိုးစုံဖြင့် အစော်ကားခံရမှုများကို ထုတ်ဖော်ပြောဆိုကြရာ ကျွက်ကျွက်ညံနေသည်။ အမှန်တော့ သူတို့ဘဝအတွက် ငိုချင်းရှည်ကြီးတွေကို ချနေကြခြင်းဖြစ်လေသည်။

"သည်းခံကြ၊ စိတ်ရှည်ကြ။ ငါတို့တစ်တွေဟာ နေ့စဉ်နဲ့အမျှ လမ်းတွေပေါ်မှာ အဆောက်အဦတွေထဲမှာ၊ နေရာတကာမှာ အစော်ကားခံနေကြရတယ်။ အဆိုးဆုံးကတော့ လူအများ အားလပ်ခွင့်ရကြတဲ့၊ အနားယူခွင့်ရကြတဲ့နေ့တွေမှာ တို့တစ်တွေဟာ နည်းမျိုးစုံနဲ့ ကမ်းကုန်အောင် အစော်ကားခံနေကြရတယ်။ တို့ဘဝရပ်တည်နိုင်ရေး၊ အသက်ရှင်နေထိုင်ရေးအတွက်ပဲ တို့တစ်တွေဟာ အစွမ်းကုန် ရုန်းကန်နေကြရတယ်။ အမှန်ကတော့ သေမင်းတမန်မြားတွေဟာ နေ့စဉ်နဲ့အမျှ၊ နာရီနဲ့အမျှ၊ တို့ခေါင်းပေါ်မှာ ပျံဝဲနေတာပါပဲ" အစရှိသည်ဖြင့် မင်းသားခန်းမဆောင် ညီလာခံကြီးမှာ ထုတ်ဖော်ပြောဆိုကြသည်။

လွတ်လပ်သော နီးဂရိုးများသည်လည်း အနေရအစားရ ချောင်ကြသည်တော့မဟုတ်။ ကျွန်ပြန်ဖြစ်နိုင်သည့် ဘေးအန္တရာယ်တွေကြားထဲမှာ၊ အသက်အန္တရာယ်တွေကြားထဲမှာ နေကြရသည်သာ ဖြစ်လေသည်။ နည်းမျိုးစုံဖြင့်စော်ကားခြင်း၊ ဖိနှိပ်ညှဉ်းပန်းခြင်း၊ ချိုးနှိမ်ခြင်းဒဏ်များကို မပြတ်မလပ် ခံစားနေကြရသည်သာ ဖြစ်လေသည်။

မည်သို့ပင်ဆိုစေ နီးဂရိုးတို့ခမျာမှာမူ အမေရိကန်အသိုင်းအဝိုင်းထဲမှာ အထာကျကျနေနိုင်အောင် ကြိုးစားကြရရှာသည်။ အမေရိကန်နယ်မြေပေါ်မှာ တည်တည်မြဲမြဲနေနိုင်အောင် ကြိုးစားကြရရှာသည်။ အမေရိကန်တို့ ပြောဆိုသလို၊ နေထိုင်သလို စားသောက်သလို၊ ပြုကျင့်သလို၊ အတုယူကျင့်ကြံ အားထုတ်လုပ်ကိုင်ကြရရှာလေသည်။

အမှန်တော့ အဆင့်အတန်းချင်း အခွဲခြားခံနေရသောကြောင့် အမေရိကန်လူဖြူတို့နှင့် အတူနိုင်ဆုံး တူညီအောင် လိုက်လံတုနေခြင်းပင်ဖြစ်သည်။ ယင်းသို့ တုရခြင်း

mgyoe.com

mgyoe.com
ကိုပင် အမေရိကန်လူဖြူတို့က တောက်တောက်ခါးခါး မုန်းတီးစက်ဆုပ်လေတော့သည်။ ကျွန်တွေက မိမိတို့အရှင်သခင်များကို လိုက်၍တုရပါမည်လားဟု ဒေါသအမျက် ခြောင်းခြောင်းထွက်ကြသည်။ နီးဂရိုးတို့၏ တုပခြင်းခံရသည်ကိုပင် 'သန' သည်ဟု ထင်မှတ်ကြလေသည်။ နီးဂရိုးတို့ကမူ မုန်းခါမှမုန်းရော အမေရိကန်လူဖြူတို့နှင့် တုပခြင်းကိုမူ လျှော့မသွားကြ၊ အထက်လွှာနှင့် အောက်လွှာဟူသည်မှာ မတူကွဲလွဲချက်တွေ ရှိသည်။ အထက်လွှာ၏ အပြုအမူ၊ အကျင့်အကြံ၊ အနေအထိုင်၊ အပြောအဆိုများကို အောက်လွှာက အထင်ကြီးစမြဲ၊ အတုယူစမြဲပင် ဖြစ်သည်။ အောက်တန်းလွှာလူတန်းစားသည် အထက်တန်းလွှာလူတန်းစား အယောင်ဆောင်စမြဲပင်ဖြစ်သည်။

လူတန်းစားချင်း ကွဲလွဲခြားနားနေသမျှ ကာလပတ်လုံး ယင်းအဖြစ်အပျက်များ ရှိနေဦးမည်သာဖြစ်၏။ အရှင်သခင်နှင့်ကျေးကျွန် ဟူ၍ ကွဲပြားနေသမျှ ကာလပတ်လုံး၊ ကျေးကျွန်များ အဖိနှိပ်အချုပ်ချယ် အနှိပ်စက်ခံနေရသမျှ ကာလပတ်လုံး ယင်းအဖြစ်အပျက်တို့သည် ပပျောက်သွားကြဦးမည် မဟုတ်ချေ...။

နီးဂရိုးတို့သည် ကျွန်ဘဝမှ လွတ်မြောက်လင့်ကစား အမေရိကန်လူဖြူတွေကြားမှာ အထာကျအောင် နေခွင့်ရရေးမှာ ပြဿနာကြီးတစ်ရပ်ဖြစ်၍ နေချေသေးသည်။ ယင်းပြဿနာသည် ဆယ်စုနှစ်ပေါင်း မည်မျှကြာအောင် အမြစ်တွယ်နေဦးမည်နည်း။

❒

mgyoe.com

mgyoe.com

## အခန်း(၄)
# ပြည်တွင်းစစ်ကြီးခေတ်

၁၈၄၈ ခုနှစ်တွင် အမေရိကန်ပြည်၌ ကျွန်အဖြစ်မှလွတ်မြောက်သော နီးဂရိုး ပေါင်း ၄၈၈,၀၀၀ ကျော်မျှ ရှိနေချေပြီ။

မြေယာပိုင်ဆိုင်မှုစနစ်သည် နီးဂရိုးများအတွက် ချမ်းသာကြွယ်ဝရာ ထွက် ပေါက်လမ်းကြီးတစ်ခု ဖြစ်နေချေသည်။ ထို့ကြောင့်လည်း ယင်းမြေယာပိုင်ဆိုင်မှုစနစ် ကို နီးဂရိုးတို့ အခွင့်ကောင်းယူလာကြ၏။ ထိုနည်းဖြင့် ချမ်းသာကြွယ်ဝနိုင်အောင် ကြိုးစားလာကြ၏။

၁၈၃၀ ခုနှစ်က ဗာဂျီးနီးယားပြည်နယ်တွင်ရှိသော နီးဂရိုးတို့သည် တန်ဖိုး ဒေါ်လာ ၁၈၅,၀၀၀ (ဗမာငွေကျပ် ၉ သိန်းခန့်) တန်ဖိုးရှိသော လယ်မြေဧက ၃၂,၀၀၀ ကို ပိုင်ဆိုင်နေကြလေသည်။ မြောက်ကာရိုလီးနားပြည်နယ်တွင်မူ ထို့ထက်အနည်းငယ် ပိုများသည်။ ၁၀ ရာခိုင်နှုန်းမျှသာ ဖြစ်သည်။ လွတ်လပ်နေသော နီးဂရိုးပေါင်း ၃၀,၄၆၄ ယောက်တို့က မြေဧကပေါင်း ၃,၆၅၉ ဧကကို ၁၈၆၀ ခုနှစ်တွင် ပိုင်ဆိုင် နေကြချေပြီ။ တန်ဖိုးအားဖြင့် ဒေါ်လာ ၅ သိန်း (ဗမာငွေကျပ် ၂၅ သိန်းခန့်) ရှိသည်။

လူဝီစီယာနာပြည်နယ်တွင်မူ ထို့ထက်များစွာ တိုးတက်နေကြပြီဖြစ်၏။ နီးဂရိုး အမေရိကန် ကပြား လူတန်းစားတစ်ရပ်လည်း ပေါ်နေသည်။ ၎င်းတို့၏ အဆင့် အတန်းမှာလည်း များစွာမြင့်မားလှသည်။ သူတို့ပိုင်ဆိုင်သည့် စိုက်ပျိုးရေးလုပ်ငန်း များမှာလည်း ဒေါ်လာ ၄ သိန်းမှ ၂ သိန်း (ဗမာငွေကျပ် သိန်း ၂၀ မှ ၁၀ သိန်း)

mgyoe.com

mgyoe.com


အထိ ကြီးကျယ်သော စိုက်ပျိုးရေးလုပ်ငန်းကြီးတွေ ဖြစ်သည်။ ၁၈၆၀ ခုနှစ်တွင် နီးဂရိုးလူမျိုး အနည်းဆုံး ၄ ထောင်ခန့်တို့သည် ကျွန်များကိုပင် ပိုင်ဆိုင်နေကြပြီဖြစ်၏။ သူတို့သည် များသောအားဖြင့် မြို့နေနီးဂရိုးများ ဖြစ်ကြသည်။ နယ်ဘက်တွင် နေထိုင်ပြီး ကျွန်ပိုင်ဆိုင်နေသည့် နီးဂရိုးများ မပါဝင်သေးချေ။

လူလူချင်း ကိုယ်ချင်းစာတရားအရ ကျေးကျွန်များကိုဝယ်ယူသည့် နီးဂရိုး ပေါင်းမည်မျှ များပြားမည်ကို မပြောနိုင်သော်လည်း ကျေးကျွန်ဝယ်နေသည့်နီးဂရိုးများ အမှန်တကယ် ပေါ်ပေါက်ခဲ့သည်။ သူတို့သည် လူဖြူများပြုကျင့်သည့်အတိုင်း အမြတ်အစွန်းအတွက် ကျေးကျွန်များကို ဝယ်ယူကြခြင်းဖြစ်သည်။

၁၉ ရာစုအတွင်း၌ ငွေကြေးကြွယ်ဝသော နီးဂရိုးတို့အနက် အချို့သည် ကိုယ်ပိုင်ကျွန်များနှင့် ဖြစ်လာကြ၏။

ငွေကြေးကြွယ်ဝပြီး ကျွန်ပိုင်လာသည့် နီးဂရိုးသည် စည်းစိမ်ခံစားလာ၏။ သက်သောင့်သက်သာ နေချင်လာ၏။

လွတ်မြောက်လာသော နီးဂရိုးအချို့ကား အခြားသော လွတ်မြောက်နေသည့် နီးဂရိုးများနှင့်လည်းကောင်း၊ ကျေးကျွန်များနှင့်လည်းကောင်း လွတ်ရာကင်းရာမှာ နေကြသည်။ မရောယှက်ဘဲ နေကြသည်။ ကိုယ့်လမ်းကိုယ်သွားကာ ကိုယ့်စီးပွားကိုယ်ရှာပြီး ကိုယ့်ဘဝကိုယ် ထူထောင်ကြသည်။

တစ်ဖက်တွင်လည်း ကျေးကျွန်များဝယ်ယူထားခြင်းအားဖြင့် အကျိုးစီးပွားဖြစ်တတ်ကြောင်း အမေရိကန်များကပင် သင်ကြားပေးခဲ့ခြင်း ဖြစ်လေသည်။ ကျေးကျွန်များဖြင့် စီးပွားရှာနိုင်ကြောင်း အမေရိကန်တို့ထံမှပင် နည်းတွေလမ်းတွေကို မြင်တွေ့ခဲ့ကြလေသည်။

ထို့ကြောင့် မိမိကိုယ်တိုင်လည်း ကျွန်ဘဝမှလွတ်မြောက်၊ ထိုသို့လွတ်မြောက်ပြီး လုပ်ရင်းကိုင်ရင်း စီးပွားကလေးကလည်းဖြစ် စသည်ဖြင့် ဘဝအခြေအနေ ထူထူထောင်ထောင် ဖြစ်လာသောအခါတွင် လက်ထဲမှာရှိလာသော ငွေကြေးများကို အရင်းအနှီးတစ်ခု ပြုလေတော့သည်။

ထိုအရင်းအနှီးကား ကျေးကျွန်တွေဝယ်ယူခြင်း ဖြစ်လေသည်။ ကျွန်တွေဝယ်ကာ အရင်းအနှီးမြှုပ်နှံထားခြင်း ဖြစ်သည်။

ကျေးကျွန်အဖြစ်မှ လွတ်မြောက်လာသော နီးဂရိုးများအနက် အချို့သော နီးဂရိုးများမှာ ၁၈၅၀ ခုနှစ်သို့ ရောက်သောအခါ အလုပ်အကိုင်နှင့် တင့်တောင့်တင့်

mgyoe.com

တယ်ဖြစ်သူတွေ ဖြစ်နေကြချေပြီ။ မှတ်တမ်းတစ်ခုအရ ထိုနှစ်၌ ကုမ္ပဏီများ၊ အစိုးရ ဌာနများတွင် လခစားအလုပ်ရသော နီးဂရိုးပေါင်း ၇၀၀ ခန့်ရှိသည်ဟု သိရသည်။ ၎င်းတို့အနက် လက်သမား ၁၂၂ ဦး၊ စက်ချုပ်သမား ၈၇ ဦး၊ ဖိနပ်ချုပ်သမား ၃၀၊ အုတ်ဖုတ်သမား ၁၈ ဦး၊ သားသတ်သမား ၂၃ ဦးနှင့် ဆေးသုတ်သမား ၁၁ ဦးတို့ ဖြစ်ကြသည်။

အခြားမှတ်တမ်းတစ်ခုတွင်မူ တောင်ပိုင်းဒေသ နီးဂရိုးအလုပ်သမားများ အကြောင်းကို တွေ့ရသည်။ ယင်းဒေသတွင် ဆေးပြင်းလိပ်လိပ်သူများ၊ ပွဲစားများ၊ စာရေးစာချီများ၊ ကျောင်းဆရာ–ဆရာမများနှင့် ငွေရင်းမြုပ်နှံကာ အလုပ်အကိုင်လုပ် နေကြသည့် ငွေရင်းရှင်များပင် ရှိလာပြီဖြစ်သည်။ ၎င်းတို့သည် များစွာအဆင့်အတန်း မြင့်လာပြီဖြစ်သော နီးဂရိုးများ ဖြစ်လေသည်။ အမေရိကန်တွင်ဖြစ်ပွားသော ပြည်တွင်း စစ်ကြောင့်လည်း နီးဂရိုးများအဖို့ ဒေါ်သန်းပေါင်း ၅၀ (ဗမာငွေကျပ် သန်းပေါင်း ၂၅၀ ခန့်) ချမ်းသာကြွယ်ဝသွားကြသည်ဟု ခန့်မှန်းတွက်ချက်ရရှိသည်။

ထို့ကြောင့်လည်း တဖြည်းဖြည်းနှင့် နီးဂရိုးများသည် ငွေရပေါက်များကို ရှာဖွေ လာကြသည်။ ချမ်းသာကြွယ်ဝအောင် ကြိုးစားလာကြသည်။ ငွေကြေးကို စုဆောင်း လာကြသည်။ ငွေကြေးစုဆောင်းတတ်အောင်၊ ချမ်းသာကြွယ်ဝအောင်လည်း သူတို့ ပတ်ဝန်းကျင်က ဖန်တီးပေးလာ၏။ ကျွန်ဘဝမှ လွတ်မြောက်လာသည့် နီးဂရိုးတွေက ချမ်းသာကြွယ်ဝအောင် ငွေကြေးစုဆောင်းခြင်း၊ ကြိုးစားလုပ်ကိုင်ခြင်း ပြုလာသည်တွင် အမေရိကန်လူဖြူများကလည်း မိမိတို့ထက် နီးဂရိုးများ ကျော်မသွားအောင် တစ်ဆင့် တက် ကြိုးစားလာကြပြန်၏။

သို့ဖြင့်ပင် စီးပွားရေးပြိုင်ဘက်များ ဖြစ်လာကြသည်။ နီးဂရိုးများသည် ခေတ် ဟောင်းအရင်းရှင် အလေ့အကျင့်များကို လေ့လာကာ ခေတ်ဟောင်းအရင်းရှင်တွေလို ပြုမူလာကြသည်။

သို့သော်လည်း ပြည်တွင်းစစ် စစ်ကြိုကာလတွင် နီးဂရိုးများအနေဖြင့် အားလုံး ကျွန်အဖြစ်က လွတ်မြောက်ခြင်းမရှိကြသေးချေ။ ငွေကြေးစုဆောင်းမှုကိုလည်း ကောင်း မွန်စွာ မလုပ်ကိုင်နိုင်ကြသေးချေ။ ကျေးကျွန်အဖြစ်မှ လွတ်မြောက်နိုင်ကြရေးကိုသာ အားသွန်ကြိုးပမ်း နေကြရလေသည်။

၁၈၃၀ ခုနှစ်၌ နီးဂရိုးတို့လွတ်မြောက်ရေးအတွက် တောင်းဆိုနေကြသည့် အဖွဲ့အစည်းပေါင်းမှာ အနည်းဆုံး ၅၀ မျှပင် ရှိနေသည်။ သူတို့သည် ကျေးကျွန်စနစ်

mgyoe.com

mgyoe.com


ကို ဖျက်သိမ်းပေးရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေကြ၏။ ၁၈၄၄ ခုနှစ်သို့ ရောက်လာသောအခါတွင်ကား ကျေးကျွန်စနစ်ကို အပြီးတိုင်ခဝါချပစ်နိုင်ရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန်ကိုပါ တောင်းဆိုလာကြတော့သည်။ ၁၈၄၂ ခုနှစ်တွင် ကျင်းပသော နီးဂရိုးတို့၏ ဘတ်ဖဲလိုးညီလာခံ၌ ဟင်နရီဟိုက်လင်းဂါးနက်က မိန့်ခွန်းပြောကြားသည်။ ဂါးနက်၏မိန့်ခွန်းမှာ ပြင်းထန်လွန်းသောကြောင့် ကျေးကျွန်စနစ်ဖျက်သိမ်းရေးသမား လူဖြူများကိုပင် ကြက်သီးတဖြန်းဖြန်း ထစေခဲ့သည်။ တစ်တိုင်းတစ်ပြည်လုံးမှ နီးဂရိုးလူထုအတွင်းသို့ လည်းကောင်း၊ လူဖြူများအတွင်းသို့ လည်းကောင်း ပျံ့နှံ့ဂယက်ရိုက်သွားကာ အားလုံးကို တုန်လှုပ်ချောက်ချားစေသည်။

"ညီတော်နောင်တော်တို့ ထကြလော့-။ ကြွကြလော့-။ ချကြလော့-။ နီးဂရိုးတွေ ဘဝတည်မြဲရေး၊ အသက်ရှင်နေနိုင်ရေး၊ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ကြလော့။ ဤနေ့ ဤရက် ဤအချိန်သည် တိုက်ပွဲဝင်ရမည့် အချိန်ဖြစ်သည်။ တွန်းလှန်ပုန်ကန်ကြရတော့မည့် အခါသမယ ဖြစ်သည်။ ကမ္ဘာပေါ်မှာရှိရှိသမျှ နီးဂရိုးအမျိုးသား၊ အမျိုးသမီးများအားလုံး တစ်သွေးတစ်သံတစ်မိန့်၊ တညီတညာတည်း ထကြွတော်လှန်ကြလော့။ တိုက်ပွဲဝင်ကြလော့။ ဖိနှိပ်ချုပ်ချယ်ခြင်း ခံနေရသည့် လူမျိုးတစ်မျိုးအဖို့ တော်လှန်ရေးမရှိဘဲ လွတ်လပ်မှုကို ထိန်းသိမ်းထားနိုင်မည်မဟုတ်။ အခွင့်ကောင်း ကြုံကြိုက်နေခိုက် ချက်ကောင်းယူကာ တော်လှန်တတ်ရန်မှာ ကျွန်ုပ်တို့ နီးဂရိုးတစ်မျိုးသားလုံး၏ တာဝန်သာ ဖြစ်ချေသည်" စသည်ဖြင့် ဂါးနက်က ဘတ်ဖဲလိုးညီလာခံကြီးမှာ ရဲရဲတောက်မိန့်ခွန်းကို ပြောသည်။ နီးဂရိုးတို့၏ တော်လှန်ရေးစိတ်ဓာတ်ကို ဆွပေးသည်။

ကျေးကျွန်စနစ် ဖျက်သိမ်းရေးသမား နီးဂရိုးများနှင့် ကျေးကျွန်စနစ်ကို မလိုလားသည့်လူဖြူများ ပူးပေါင်းကြသည်။ ကျွန်အဖြစ်မှ လွတ်မြောက်ရေးကို နည်းမျိုးစုံဖြင့် ကြိုးစားကြသည်။ ထွက်ပြေးရေးကိုပါ အားပေးအားမြှောက်ပြုကြသည်။ ငွေနှင့်အမ်းယူနိုင်လျှင်ယူ၊ မယူနိုင်လျှင် ထွက်ပြေးသည့်နည်းကို အသုံးပြုရန် ပြုလုပ်ကြသည်။ အထူးသဖြင့် အမေရိကန်ပြည် မြောက်ပိုင်းဒေသပြည်နယ်များနှင့် ကနေဒါနိုင်ငံများသို့ ထွက်ပြေးလွတ်မြောက်ကြသည်။ ကျော်ကြားလှသော မြေအောက်လမ်းအတိုင်း ထွက်ပြေးကြခြင်းဖြစ်သည်။

၁၈၁၀ ခုနှစ်မှ ၁၈၆၀ ခုနှစ်အတွင်း မြောက်ပိုင်းဒေသများနှင့် ကနေဒါနိုင်ငံတို့သို့ ထွက်ပြေးလွတ်မြောက်သွားသည့် နီးဂရိုးကျွန်ပေါင်းမှာ တစ်သိန်းကျော် ရှိ

mgyoe.com

 mgyoe.com



ကြောင်း၊ ထိုကျွန်အားလုံး၏တန်ဖိုးမှာ ဒေါ်လာသန်းပေါင်း ၃၀ (ဗမာငွေကျပ် သန်းပေါင်း ၁၅၀) မျှရှိကြောင်း မစ္စစ်စပီပြည်နယ်ဘုရင်ခံ ကွစ်မင်းက ပြောဆိုသည်။ ဘုရင်ခံကွစ်မင်း၏ ခန့်မှန်းချက်မှာ များစွာတိကျမှန်ကန်သည်ဟု ဆိုနိုင်ကြောင်းဖြင့် သမိုင်းသုတေသီများက ထောက်ခံကြလေသည်။ အချို့မှတ်တမ်းတွေကလည်း ထွက်ပြေးခြင်း၊ နည်းမျိုးစုံဖြင့် လွတ်မြောက်ခြင်းစသော လွတ်မြောက်သွားသည့် နီးဂရိုးပေါင်း လေးသိန်းမျှမကပင် ရှိမည်ဟု ဆိုကြလေသည်။

ထိုအချိန်က အမေရိကန်ပြည်တောင်ပိုင်းတွင် ကျေးကျွန်စနစ်ကို လက်မလွှတ် လိုသေးဘဲ ဆက်လက်ကျင့်သုံးလိုနေသည်။ မြောက်ပိုင်းတွင်မူ အများအားဖြင့် ကျေးကျွန်စနစ်ကို ဖျက်သိမ်းနေပြီဖြစ်၏။ နီးဂရိုးများအဖို့ တောင်ပိုင်းမှာနေရခြင်းထက် မြောက်ပိုင်းမှာနေရခြင်းက များစွာ သက်သောင့်သက်သာ ရှိသည်။ လွတ်လပ်မှုရှိသည်။ ထို့ကြောင့်လည်း မြောက်ပိုင်းသို့ အများအပြား ထွက်ပြေးခဲ့ကြလေသည်။ တောင်ပိုင်း ဒေသတွင် နီးဂရိုးများကို လူရာမသွင်း၊ မြင်မြင်သမျှ နီးဂရိုးကို ကျေးကျွန်များအဖြစ် သာ ထင်မှတ်ကြသည်။ ကျေးကျွန်များသဖွယ်သာ ဆက်ဆံကြသည်။ တန်းတူအခွင့် အရေးတွေ ဘာမှမပေးဘဲ လူဖြူများက နေရာတကာတွင် အပေါ်စီးယူနေကြလေ သည်။

ယင်းသို့သော ကျွန်ပြုရေး၊ ဖိနှိပ်ချုပ်ချယ်ရေး၊ လူ့အခွင့်အရေးများ ရုပ်သိမ်းရေး တို့အတွက် လက်မနှေးကြသော၊ သွေးဆာနေကြသော လူဖြူတို့အကြားတွင် ကျေးကျွန် စနစ်ကို ဖျက်သိမ်းပစ်လိုသည့် လူဖြူအချို့လည်း ပေါ်ပေါက်လာပါသည်။ ၎င်း ကျေးကျွန်ဖျက်သိမ်းရေးသမားများမှာ ဝါရှင်တန်၊ ဂျက်ဖာဆန်၊ အက်ဒမ် စသူတို့ဖြစ် ၏။ ၎င်းတို့သည် နီးဂရိုးများ၏ လူမှုရေး၊ နိုင်ငံရေးတန်းတူမှုများကို ထိန်းသိမ်းပေးကြ သူများ ဖြစ်၏။ ဖော်ဆောင်ပေးကြသူများ ဖြစ်၏။ တောင်းဆိုပေးကြသူများ ဖြစ်၏။ တိုက်ပွဲဝင်ပေးကြသူများ ဖြစ်၏။

လွတ်မြောက်ရေး၏ရန်သူသည် ပြည်ပတွင်မရှိ။ မိမိတို့ပြည်တွင်းမှာသာ ရှိနေ ကြောင်းကို သူတို့ သဘောပေါက် နားလည်ကြသည်။ ထို့ကြောင့်လည်း ရန်သူများကို မီးမောင်းထိုးကြသည်။ ဘွားဘွားပေါ်စေသည်။

နီးဂရိုးမျိုးချစ်သူရဲကောင်းတို့၏ အကြောင်းအရာများကို လူဖြူကလေးသူငယ် များ မဖတ်ကြ။ ဖတ်ခွင့်ကိုလည်း လူကြီးမိဘများက မပေးကြ။ လူဖြူကလေးသူငယ် များသည် နီးဂရိုးမျိုးချစ်သူရဲကောင်းတို့၏ ဘဝနှင့် ဝေးလှသည်။ မျိုးချစ်သူရဲကောင်း

mgyoe.com

mgyoe.com


တို့၏ စွန့်စားခန်းများ၊ လူမှုအခွင့်အရေးတိုက်ပွဲများနှင့် အလှမ်းကွာလှသည်။ နီးဂရိုးတို့၏ လွတ်မြောက်မှုအစဉ်အလာများတို့ကိုလည်း လူဖြူများက အသိအမှတ်မပြု။ မသိကျိုးကျွန် ပြုကြ၏။ မျက်နှာလွှဲကြ၏။

အမေရိကန် တောင်ပိုင်းနယ်မြေများ၌ အသားအရောင်ခွဲခြားမှု၊ ကျေးကျွန်စနစ်ကြီးထွားမှု၊ လူ့အခွင့်အရေးဆုံးရှုံးမှုများ ဆိုးရွားသည်ထက် ဆိုးရွားလာသောအခါတွင် နီးဂရိုးအမျိုးသား အမျိုးသမီးပေါင်းများစွာတို့သည် အရှင်သခင်များလက်မှ ထွက်ပြေးလွတ်မြောက်နိုင်အောင် ကြိုးစားကြ၏။ ကျွန်ပိုင်ရှင်ကိုငွေအမ်းပြီး မိမိဘဝလွတ်မြောက်ရေးကို ကြိုးစားကြ၏။ အခြားသူများ လွတ်မြောက်ရေးကိုလည်း ကြိုးစားကြ၏။

ထိုအထဲတွင် မစ္စတပ္ပမင်းဆိုသူ နီးဂရိုးအမျိုးသမီးတစ်ဦး၏ စွမ်းဆောင်မှုသည် ပြောင်မြောက်လှလေသည်။ သူကိုယ်တိုင်လည်း ကျေးကျွန်တစ်ဦးပင် ဖြစ်၏။ သို့သော်လည်း ကျွန်ပိုင်ရှင်များလက်မှ ထွက်ပြေးလွတ်မြောက်လာသည်။ သူသည် တစ်ကိုယ်ကောင်းစိတ်ထား မမွေး။ မိမိဘဝလွတ်မြောက်လျှင် ပြီးစတမ်း သဘောမျိုးမထား။ ကျွန်ပိုင်ရှင်များလက်မှ လွတ်မြောက်လာပြီးနောက်ပိုင်းတွင် တောင်ပိုင်းဒေသသို့ ကိုးကြိမ်တိုင်တိုင် ပြန်လာခဲ့ကာ မိမိနှင့်ဘဝတူ အခြားကျေးကျွန်ပေါင်း ၃၀၀ တို့၏ ဘဝလွတ်မြောက်ရေးအတွက် ကူညီခဲ့သည်။ အခြားပြည်နယ်များသို့ ပြေးဝင်ခိုလှုံနိုင်ခဲ့ကြ၏။ မိမိနယ်မြေသို့ ပြန်လိုသည်ဟု ထုတ်ဖော်ပြောသော မည်သည့်နီးဂရိုးကိုမဆို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့၏။ သူမ ဦးဆောင်ခေါ်ယူခဲ့သော ကျေးကျွန်ပေါင်း ၃၀၀ ကို ဖီလာဒဲလ်ဖီးယားပြည်နယ်တွင်းသို့ ပို့ပေးခဲ့၏။

သို့သော်လည်း ၁၈၅၀ ခုနှစ်တွင် ကျေးကျွန်အက်ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ယင်းဥပဒေအရ ကျွန်ပိုင်ရှင်များသည် ပျောက်ဆုံးသွားသော မိမိပိုင်ကျွန်များကို အခြားပြည်နယ်များအတွင်း ဝင်ရောက်ရှာဖွေနိုင်ခွင့်ရှိသည်။ ကျွန်ပိုင်ရှင်များအတွက် တမင်ဖန်တီးပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ခု ဖြစ်လေသည်။ သို့ဖြင့်ပင် မစ္စတပ္ပမင်းမှာ ကနေဒါနိုင်ငံတွင်းသို့ ဝင်ရောက်သွားရတော့သည်။

နောက်တွင် ကျွန်စနစ်ဖျက်သိမ်းရေး ခေါင်းဆောင်များကိုလည်း ဖမ်းဆီးလာသည်။ တရားဥပဒေများ အမျိုးမျိုးပြဋ္ဌာန်းကာ ထောင်ချပစ်သည်။ အထူးသဖြင့် ၎င်းတို့၏ ဟောပြောမှုများကို အကြောင်းပြကာ ဖမ်းဆီးခြင်းဖြစ်သည်။

လူမည်းအမျိုးသားများ၏ ဘတ်ဖဲလိုးညီလာခံတွင် ဟင်နရီဂါးနက်က 'အဖိနှိပ်အချုပ်ချယ်ခံနေရသော လူမျိုးတစ်မျိုးသည် မတော်လှန်ဘဲနှင့် သူ၏လွတ်လပ်မှုကို

mgyoe.com

 mgyoe.com 

ထိန်းသိမ်းထားနိုင်မည်မဟုတ်’ဟု ပြောခဲ့သောမိန့်ခွန်းသည် နီးဂရိုးများ၏ မျက်စိကိုပွင့်စေ၍ အုံကြွတော်လှန်မှုကို လှုံ့ဆော်ခဲ့သည်။

ဤညီလာခံကြီးကပင် ‘လွတ်မြောက်ခြင်း၊ သို့တည်းမဟုတ် အသေခံခြင်း’ အတွက် တိုက်ပွဲဝင်ကြရန် နီးဂရိုးအမျိုးသားထုကြီး တစ်ရပ်လုံးအား တပ်လှန့်နှိုးသည့် ဆုံးဖြတ်ချက်ကိုလည်း ချမှတ်ခဲ့ကြ၏။

လူဖြူဘာသာရေးသမားများသည် နီးဂရိုးတို့ဘက်သို့ ရောက်လာသည်။ နီးဂရိုးတို့၏ ကျေးကျွန်စနစ်ဖျက်သိမ်းရေး တိုက်ပွဲများတွင် ပါဝင်လာကြသည်။ ပူးပေါင်းတိုက်ခိုက် လာကြသည်။ ၁၈၃၄ ခုနှစ်က ‘ဘုန်းတော်ကြီးများနှင့် လူကြီးသူမများသို့ ပေးစာ’ကို ဂျိမ်းစ်ဘားနေးက ထုတ်ပြန်လိုက်သည်။ ဂျိမ်းစ်ဘားနေး၏ ယင်းစာတွင် ကျေးကျွန်စနစ်ဟူသည်မှာ ခရစ်ယာန်ဘာသာ ပေါ်ထွန်းလာကတည်းက ဘာသာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ကြောင်း၊ ခရစ်တော်က ညီရင်းအစ်ကိုတရားကို ဟောကြားခဲ့ကြောင်း၊ ဘုရားသခင်က လူအားလုံးကို ဖန်ဆင်းတော်မူသဖြင့် လူအားလုံးသည် ညီအစ်ကိုမောင်နှမ အရင်းအချာများပင်ဖြစ်ကြောင်း၊ ညီအစ်ကိုမောင်နှမ အရင်းအချာချင်း ကျွန်ပြုနေသည်မှာ ခရစ်တော်၏ဒေသနာတော်ကို ဆန့်ကျင်ချိုးဖျက်ရာကျကြောင်းဖြင့် ဖော်ပြခဲ့သည်။

တောင်ပိုင်းဒေသမှာရှိသော ဘာသာရေးခေါင်းဆောင်များသည် ကျေးကျွန်များဘက်က အကာအကွယ်ပေးခဲ့ကြသည်။ ကျေးကျွန်စနစ်ပပျောက်ရေးမှာ ပါဝင်တိုက်ခိုက်ခဲ့ကြ၏။ သို့ဖြင့်ပင် တောင်ပိုင်းဒေသရှိ ဘာသာရေးခေါင်းဆောင် လူဖြူများမှာ လူဖြူချင်း ဝိုင်းပယ်ခံလာကြရသည်။

၁၈၃၁ ခုနှစ် အောက်တိုဘာလတွင် ကျေးကျွန်စနစ် ဖျက်သိမ်းရေးခေါင်းဆောင် လူဖြူဝီလျံလွိုက်ဂါရစ်ဆန်ကို ဖမ်းဆီးပေးနိုင်လျှင် ဒေါ်လာ ၄,၀၀၀ (ဗမာငွေကျပ် ၂ သောင်းခန့်) ဆုငွေပေးမည်ဖြစ်ကြောင်းဖြင့် ဂျော်ဂျီယာပြည်နယ်က ကြေညာသည်။ အာသာတက်ပမင်းကို ဖမ်းဆီးပေးနိုင်လျှင်လည်း မာကွန်မြို့က ဒေါ်လာ ၁၂,၀၀၀(ဗမာငွေ ၆ သောင်းခန့်) ပေးမည်ဟူ၍ လည်းကောင်း၊ နယူးအော်လင်းပြည်နယ်က ဒေါ်လာ ၂၀,၀၀၀(ဗမာငွေကျပ် တစ်သိန်းခန့်) ပေးမည်ဟုလည်းကောင်း ကြေညာလေသည်။

တောင်ပိုင်းသားများတို့သည် စာတိုက်အတွင်းသို့ ချိုးဖျက်ဝင်ရောက်လာကာ ကျေးကျွန်စနစ်ဖျက်သိမ်းရေး သတင်းစာများ၊ စာစောင်များကို မီးရှို့ဖျက်ဆီးပစ်သည်။

mgyoe.com

mgyoe.com

ပြည်ထောင်စုအစိုးရကလည်း ထိထိရောက်ရောက် အရေးယူခြင်း မရှိခဲ့ချေ။ နီးဂရိုးများကို ကြင်နာသော လူဖြူအများအပြားကိုလည်း မြို့ပြင်သို့ မောင်းထုတ်ကြလေသည်။ အဓိကရုဏ်းကြီးများလည်း ဖြစ်ခဲ့လေသည်။ ရာပေါင်းများစွာသော နီးဂရိုးများ အသတ်ခံကြရသည်။ မြောက်ပိုင်းသားများနှင့် သိသိသာသာကြီး လမ်းကွဲလာကြသည်။ နီးဂရိုးပြဿနာများနှင့် ပတ်သက်ပြီး ဘုရားရှိခိုးကျောင်းများမှာပင် တောင်ပိုင်းကျောင်းနှင့် မြောက်ပိုင်းကျောင်းဟူ၍ နှစ်ပိုင်းကွဲလာကြတော့သည်။

❒

mgyoe.com

mgyoe.com

## အခန်း(၅)
# ပြည်တွင်းစစ်ကာလ

အမေရိကန်ပြည်တွင်းစစ်ကာလသည် အချိန်ကာလအားဖြင့် ရှည်ကြာသည်။ ပြည်တွင်းမငြိမ်သက်မှုများ ဖြစ်ပွားလာသည်မှာ ၁၇၇၆ ခုနှစ်ခန့်မှ စတင်ခဲ့သည်။ တစ်ဆက်တည်းပင် ၁၇၈၃ ခုနှစ်မှ ၁၈၆၅ ခုနှစ်အထိ ပြည်တွင်းစစ်များ ဆက်တိုက် ဖြစ်ပွားသည်။ ၁၈၆၅ ခုနှစ်မှ ၁၈၇၇ ခုနှစ် အထိသော ကာလများသည် တစ်တိုင်း တစ်ပြည်လုံး ချွတ်ခြုံကျသော နှစ်ကာလများပင် ဖြစ်၏။

ပြည်တွင်းစစ်ကာလသည် ရှည်ကြာရုံမျှသာမက အသွင်သဏ္ဍာန်အားဖြင့် လည်း ရှုပ်ထွေးလွန်းလှ၏။

တောင်ပိုင်းပြည်နယ်များက တော်လှန်ပုန်ကန်သောကြောင့် ပြည်တွင်းစစ်ဖြစ် ပွားရခြင်း မဟုတ်။ တောင်ပိုင်းသားများက ဆူပူသောင်းကျန်းကြသဖြင့် ဖြစ်ပွားရသည် ဟု သမ္မတအေဘရာဟင်လင်ကွန်းက ပြောသည်။

ပြည်တွင်းစစ်များဖြစ်ပွားရသည့် အကြောင်းရင်းမှာ ငွေရှင်ကြေးရှင်လုပ်ငန်းရှင် ကြီးများ အချင်းချင်း စီးပွားရေးစားကျက်လုကြရာမှ စတင်ဖြစ်ပွားလာသည်။ တောင် ပိုင်းသား အရင်းရှင်ကြီးများနှင့် မြောက်ပိုင်းသားအရင်းရှင်ကြီးများ နယ်မြေလုပွဲ၊ အာဏာလုပွဲ၊ စီးပွားရေးစားကျက်လုပွဲ၊ အားပြိုင်ပွဲများကြောင့် ဖြစ်ပွားရသည်။

တောင်ပိုင်းသား ခနရှင်ကြီးများသည် ကျေးကျွန်စနစ်ကို မဖျက်သိမ်းလိုကြ။

၁၇၈၃ ခုနှစ်မှစပြီး အမေရိကန်တောင်ပိုင်း နယ်မြေများတွင် စီးပွားပျက်ကပ်

mgyoe.com

mgyoe.com


ဆိုက်ရောက်ခဲ့သည်။ ထိုစီးပွားပျက်ကပ်ကြီးကို နီးဂရိုးကျေးကျွန်များ၏ အင်အားဖြင့် ပြန်လည်ထူထောင်နိုင်ရန် ကြိုးစားကြသည်။ ထို့ကြောင့် ကျေးကျွန်စနစ်ကို မဖျက်သိမ်းလိုပေ။

မြောက်ပိုင်းသားများက ကျေးကျွန်စနစ်ကို ဖျက်သိမ်းပြီး နီးဂရိုးများကို အလုပ်သမားအဖြစ် ခိုင်းစေလိုကြသည်။ ကျေးကျွန်စနစ်ဖျက်သိမ်းသော လွတ်မြောက်သည့် နယ်မြေများကို တည်ထောင်လိုကြသည်။ မိမိဘက်သို့ပါလာသော နီးဂရိုးကျေးကျွန်များ၏ အင်အားဖြင့် တောင်ပိုင်းဒေသများရှိ စီးပွားရေးအခြေအမြစ်များကို လက်ဝါးကြီးအုပ်ယူနိုင်ရန် ဖြစ်သည်။

သို့ဖြစ်၍ပင် စီးပွားရေးပဋိပက္ခသည် တစ်စတစ်စဖြင့် စစ်ရေးပဋိပက္ခအသွင်သို့ ကူးပြောင်းလာ၏။

၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် လွတ်လပ်ရေးကြေညာစာတမ်းကို အတည်ပြုပြီး အမေရိကန်ပြည်ထောင်စုမှာ ကိုလိုနီလက်အောက်ခံဘဝမှ လွတ်မြောက်ခဲ့၏။

ထိုအချိန်ကစပြီး နီးဂရိုးကျေးကျွန်များ၏ ဘဝလွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲများသည် တစ်စတစ်စ ပြင်းထန်လာသည်။ စီးပွားရေးပဋိပက္ခများ ဖြစ်လာသောအခါတွင် နီးဂရိုးတို့၏ ကျွန်ဘဝလွတ်မြောက်ရေးတိုက်ပွဲမှာ ပို၍ပြင်းထန်လာတော့၏။

တောင်ပိုင်းခနရှင်ကြီးများနှင့် မြောက်ပိုင်းခနရှင်ကြီးများ၏ တိုက်ပွဲတွင် နီးဂရိုးများက မြောက်ပိုင်းခနရှင်ကြီးများနှင့် ပူးပေါင်းခဲ့သည်။ တောင်ပိုင်းခနရှင်ကြီးများကို ခုခံတိုက်ခိုက်ကြသည်။

တောင်ပိုင်းသားများက မိမိတို့ကို ကျွန်အဖြစ် ဆက်လက်အသုံးချလို၏။ ကျွန်ဦးရေများ ပို၍ပို၍ များပြားလာအောင် ပြုလုပ်လို၏။ ထိုအချိန်မှာပင် မြောက်ပိုင်းသားများက ကျွန်စနစ်ကို ဖျက်သိမ်းလိုသည်။ မိမိတို့ကို လွတ်လပ်ခွင့်ပေးကာ နယ်မြေသစ်များ ထူထောင်မည်။ မိမိတို့၏အင်အား၊ နယ်မြေသစ်များ၏ ခြေကုပ်ဖြင့် တောင်ပိုင်းသားများ၏လက်မှ စီးပွားရေးစားကျက်များကို ရယူနိုင်ရန် ကြိုးစားကြသည်။

သို့ဆိုလျှင် တောင်ပိုင်းသားတို့၏လက်အောက်တွင် လူ့အခွင့်အရေးများ အားလုံးဆုံးရှုံးနေသော နီးဂရိုးကျေးကျွန်များအနေဖြင့် ဘာလုပ်ကြမည်နည်း။

ကျွန်စနစ်ကိုဖျက်သိမ်းလိုသည့် မြောက်ပိုင်းသားများနှင့် ပူးပေါင်းကာ ကျွန်

mgyoe.com

mgyoe.com

စနစ်ကို ဆက်လက်ကျင့်သုံးလိုသည့် တောင်ပိုင်းသားများကို တိုက်ခိုက်ရန်မှတစ်ပါး အခြားလမ်း မရှိတော့ပါချေ။

သို့ဖြင့်ပင် တောင်ပိုင်းသားတို့နှင့် မြောက်ပိုင်းသားတို့၏ စီးပွားရေးပဋိပက္ခကြီးသည် စစ်ရေးပဋိပက္ခကြီးများ အဖြစ်သို့လည်းကောင်း ...

စစ်ရေးပဋိပက္ခကြီးမှသည် ပြည်တွင်းစစ်အသွင်သဏ္ဌာန် အဖြစ်သို့လည်းကောင်း ...

ပြည်တွင်းစစ် အသွင်သဏ္ဌာန်မှသည် ကျေးကျွန်စနစ်ဖျက်သိမ်းရေး စစ်ပွဲကြီးများ၊ နီးဂရိုးကျေးကျွန် တော်လှန်ရေးကြီးများအဖြစ်သို့ လည်းကောင်း အဆင့်ဆင့် အသွင်သဏ္ဌာန် ကူးပြောင်းလာခဲ့လေသည်။

ထို့ကြောင့် အမေရိကန်ပြည်တွင်းစစ်များကို ကြည့်လျှင် တောင်ပိုင်းနှင့်မြောက်ပိုင်း စီးပွားရေး စားကျက်လုပွဲများအဖြစ်နှင့် ထင်မှတ်ဖွယ်ရာရှိသော်လည်း တကယ့်အနှစ်သာရမှာမူ ကျေးကျွန်စနစ်ဖျက်သိမ်းရေး၊ နီးဂရိုးတော်လှန်ရေးများသာ ဖြစ်လေသည်။

နီးဂရိုးတို့သည် မိမိတို့ဘဝ လွတ်မြောက်ရေးတိုက်ပွဲများ ဖြစ်သည်နှင့်အညီ ယင်းပြည်တွင်းစစ်ပွဲတွင် ရှုပ်ရှုပ်ချွံချွံ တိုက်ကြသည်။ အလွန်တရာ ရဲရင့်သူများအဖြစ်နှင့်လည်း မှတ်တမ်းတင်ခြင်း ခံခဲ့ကြရသည်။

ပြည်တွင်းစစ်တွင် နီးဂရိုးစစ်ဗိုလ် စစ်သားပေါင်း ၃၇,၀၀၀ ကျော် ကျဆုံးခဲ့၏။ နီးဂရိုးတို့၏ အကျအဆုံးသည် လူဖြူတို့အကျအဆုံးထက် ၃၅ ရာခိုင်နှုန်း ပိုမိုများပြားခဲ့လေသည်။ လူဖြူအကျအဆုံးမှာ ၂၃,၀၀၀ ကျော်သာရှိသည်။

ပြည်တွင်းစစ်သည် လူသတ်ပွဲသက်သက်မျှသာ ဖြစ်လာ၏။ ကြမ်းတမ်း၏။ ရက်စက်၏။ မင်းမဲ့စိုးမဲ့ ဥပဒေမဲ့ ဖြစ်လာ၏။ စစ်ပြီးဆုံးသောကာလတွင် အဆိုးတွေသာ ကျန်ရစ်ခဲ့တော့၏။

တောင်ပိုင်းနှင့် မြောက်ပိုင်းသားတို့သည် မိမိတို့အချင်းချင်း စစ်ခင်းကြရလိမ့်မည်ဟူ၍ ၁၈၆၁ ခုနှစ်မတိုင်မီက မတွေးထင် မမှန်းဆမိခဲ့ကြ။ ထို့ကြောင့် စစ်အတွက် ပြင်ဆင်ခြင်း မရှိခဲ့ကြချေ။ အမျိုးသားတပ်မတော်သည်လည်း များစွာသေးငယ်လှသည်။ အင်အားနည်းပါးလှသည်။ လက်နက်ခဲယမ်းမီးကျောက် ပြည့်စုံစွာ တပ်ဆင်ထားခြင်းမရှိ။ စစ်ရေးအတွေ့အကြုံလည်း နည်းပါးလှ၏။

ယင်းကာလ တောင်ပိုင်းဒေသတွင် နီးဂရိုးကျေးကျွန်ပေါင်း ၃,၉၅၃,၇၆၀

mgyoe.com

mgyoe.com

ရှိပြီး ကျွန်ဘဝမှ လွတ်မြောက်နေသည့် နီးဂရိုးပေါင်း ၂၆၁,၉၁၈ ဦးသာ ရှိလေသည်။

တောင်ပိုင်းနှင့်မြောက်ပိုင်းတို့ စစ်ပွဲအစတွင် နီးဂရိုးများအနေဖြင့် မည်သည့်ဘက်မှ ပါဝင်တိုက်ခိုက်ကြရမည်ကို နားမလည်ချေ။ စောစောပိုင်းက နီးဂရိုးအမြောက်အမြားတို့သည် မိမိတို့၏အရှင်သခင် တောင်ပိုင်းသားများဘက်က ဝင်ရောက်ကူညီတိုက်ခိုက်ကြသည်များပင် ရှိ၏။

ယင်းသို့ဖြစ်ရသည်မှာလည်း အကြောင်းရှိလေသည်။ နီးဂရိုးတို့သည် စာမတတ်ကြ။ ဗဟုသုတအသိပညာ ခေါင်းပါးလွန်းကြ၏။ ထို့မျှသာမက ဓနရှင်ကြီးများ၏ စိုက်ပျိုးခင်းကြီးများအတွင်းမှာ သီးခြားနေထိုင်ကြရ၏။ ထို့ကြောင့်လည်း သူတို့ပတ်ဝန်းကျင်၌ ဘာဖြစ်နေသည်ကို သိသူနည်းပါးလှသည်။

တဖြည်းဖြည်း စစ်ပွဲအရှိန်ရလာသောအခါတွင်မှ မြောက်ပိုင်းသားများသည် မိမိတို့၏ဘဝ လွတ်မြောက်ရေးအတွက်၊ ကျေးကျွန်စနစ် ဖျက်သိမ်းရေးအတွက်ပါ တိုက်ခိုက်နေကြကြောင်း သိရှိနားလည်လာကြလေသည်။ ထိုအခါကျမှပင် မြောက်ပိုင်းသားများနှင့် ပူးပေါင်းတိုက်ခိုက်ကြသည်။

၁၈၆၀ ခုနှစ်တွင် ရီပတ်ဘလီကင်ပါတီခေါင်းဆောင် အေဗရာဟင်လင်ကွန်း သမ္မတအဖြစ် အရွေးခံရသည်။ လင်ကွန်းသည် ကျေးကျွန်စနစ်ကို ဖျက်သိမ်းပစ်လိုသူဖြစ်၏။ လူမှန်သမျှ ဖြူသည်ဖြစ်စေ၊ မည်းသည်ဖြစ်စေ လူ့အခွင့်အရေးများကို အပြည့်အဝ အညီအမျှရရှိသင့်သည်ဟု ယုံကြည်သူဖြစ်၏။

> 'ထို့ကြောင့် ၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး ကျေးကျွန်စနစ်ကို အပြီးတိုင် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းဖြင့် ၁၈၆၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့ တွင် သမ္မတလင်ကွန်းက ကြေညာလိုက်လေသည်'

သို့သော် ကျေးကျွန်စနစ်ဖျက်သိမ်းရေး ပြည်တွင်းစစ်များသည်ကား အရှိန်ပြင်းစွာဖြင့် ဆက်လက်ဖြစ်ပွားနေသေးဆဲပင် ရှိ၏။


ယင်း ၁၈၆၂ ခုနှစ်မှာပင် မစ္စစ်စပီပြည်နယ် အိုင်ဘီးရီးယားတွင် နီးဂရိုးများကို ဆားထုတ်လုပ်မှုလုပ်ငန်းတွင် အလုပ်သမားများအဖြစ် တာဝန်ပေးရေး၊ တပ်ဆပ်ပြည်နယ်စိုက်ပျိုးခင်းများ၌ အလုပ်သမားများအဖြစ် ခန့်ထားရေးများကို ဘုရင်ခံအား အခွင့်ပြုလိုက်သည်။ ကျေးကျွန်များဘဝမှ အလုပ်သမားဘဝသို့ ကူးပြောင်းပြီး အလုပ်သမားအခွင့်အရေးများကို အပြည့်အဝပေးရမည် ဖြစ်လေသည်။

ထိုသို့ကျေးကျွန်စနစ် ဖျက်သိမ်းရေးကြေညာချက် ထွက်ပေါ်လာသည့်ကာလ

mgyoe.com

မှာပင် ပြည်တွင်းစစ်ကလည်း ပြင်းထန်နေလေရာ ကျေးကျွန်စနစ်ဖျက်သိမ်းရေးသည် ထိရောက်လှသည်ဟု မဆိုနိုင်သေးချေ။

တောင်ပိုင်းနှင့်မြောက်ပိုင်းသားတို့၏ စစ်ပွဲတွင် နီးဂရိုးများကို သူ့ဘက်ပါရေး၊ ကိုယ့်ဘက်ပါရေးလည်း ဆွဲကြသည်။ သို့သော် မြောက်ပိုင်းသားများသည် စစ်ပွဲအစပိုင်းတွင် နီးဂရိုးများကို မဆွဲဆောင်သေးချေ။ လူဖြူချင်းဖြစ်ပွားနေသည့် စစ်ပွဲ၌ လူဖြူ



A poster advertising a slave sale in 1784

ပုံ (၁၁) ဤပုံမှာ "နီးဂရိုးများ ရောင်းရန်ရှိသည်"။ နီးဂရိုးအထီးရော၊ အမရော အလွန်တောင့်တင်းသည်။ တိကျသေသပ်စွာ အလုပ်လုပ်နိုင်သည်။ အဆင်သင့် အမြန်ဆုံးစေခိုင်းနိုင်သည်။ စည်းကမ်းချက်မှာ တန်ဖိုးတစ်ဝက်ကို လက်ငင်းပေးရမည်။တစ်ဝက်ကို နောက်နှစ်ဇန်နဝါရီတွင် ပေးချေရမည် စသဖြင့် ၁၇၈၄ ခုနှစ် မေလ ၁၉ ရက်နေ့က ဤသို့ ပိုစတာကြီးများဖြင့် ကြော်ငြာခဲ့လေသည်။

mgyoe.com

mgyoe.com


ချင်းသာလျှင် တိုက်ခိုက်ဖြေရှင်းကြမည်ဟု သဘောထားသည်။ တောင်ပိုင်းသားများကမူ မိမိတို့လက်ဝယ်ရှိသည့် ကျေးကျွန်များကို စစ်ရေးတွင် အသုံးချနိုင်ရန် ကြိုးစားကြသည်။

မည်သို့ပင်ဆိုစေ မြောက်ပိုင်းသားတို့တွင် ကျေးကျွန်စနစ် ဖျက်သိမ်းရေးသမားများ အမြောက်အမြားရှိနေကြောင်း နီးဂရိုးများသိသည်နှင့် တစ်ပြိုင်တည်း၊ တောင်ပိုင်းဒေသတစ်ခုလုံး စစ်မြေပြင်ဖြစ်လာသည်နှင့် တစ်ပြိုင်တည်း နီးဂရိုးတို့သည် မြောက်ပိုင်းဒေသများသို့ အလုံးအရင်းနှင့် ကူးပြောင်းဝင်ရောက်လာကြလေသည်။

ထိုမှစပြီး နီးဂရိုးများသည် ပြည်တွင်းစစ်အတွင်းသို့ အလုံးအရင်းနှင့် ပါဝင်လာကြသည်ဟု ဆိုနိုင်သည်။ ကျေးကျွန်စနစ်ကို တွယ်ကပ်ဆုပ်ကိုင်ထားသော တောင်ပိုင်းသားများကို ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်လာကြလေသည်။

တောင်ပိုင်းသားများကမူ မြောက်ပိုင်းသားများသည် ကျေးကျွန်စနစ် ဖျက်သိမ်းလိုသူများ မဟုတ်။ နီးဂရိုးကျေးကျွန်များကို တစ်ဖက်လှည့်နှင့်စည်းရုံးပြီး ကျေးကျွန်စနစ် ပိုမိုဆိုးရွားသည့် အနောက်ပိုင်း အင်းဒီးစ်နယ်မြေများသို့တစ်ဆင့် ရောင်းစားရန် ပရိယာယ်ဆင်နေကြခြင်းသာ ဖြစ်ကြောင်းဖြင့် လှုံ့ဆော်လာကြသည်။ သို့သော်လည်း တောင်ပိုင်းသားတို့၏ လှုံ့ဆော်စည်းရုံးမှုမှာ မအောင်မြင်ချေ။

ပြည်တွင်းစစ်နှင့်ပတ်သက်၍ ၁၈၆၅ ခုနှစ်တွင် ဘော့စတွန်မြို့၌ နီးဂရိုးခေါင်းဆောင် ဖရက်ဒရစ်ဒေါက်ဂလပ်စ်က–

> "တောင်ပိုင်းနှင့် မြောက်ပိုင်းသားတို့သည် ကျေးကျွန်များရရှိရေးအတွက်သာ စစ်ဆင်ကြခြင်းဖြစ်ကြောင်း၊ တောင်ပိုင်းသားတို့က ကျေးကျွန်များကို ပြည်ထောင်စုအတွင်းမှ ပထုတ်ယူရန် တိုက်ခြင်းဖြစ်ပြီး မြောက်ပိုင်းသားများကမူ ယင်းကျေးကျွန်များကိုပင် ပြည်ထောင်စုအတွင်း၌ ဆက်လက်ထိန်းသိမ်းထားလိုသည့်အတွက် တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း၊ တောင်ပိုင်းသားတို့က အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကန့်သတ်ချက် စည်းကမ်းဘောင်ကိုကျော်လွန်ပြီး ကျေးကျွန်များအား အသုံးချနိုင်ရန် ဖြစ်ကြောင်း၊ မြောက်ပိုင်းသားများကမူ မူလအာမခံချက်ဟောင်းများအတိုင်း ကျင့် သုံးရန် တိုက်ခြင်းဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေ တောင်ပိုင်းသားများရော မြောက်ပိုင်းသားများပါ နီးဂရိုးများကို စော်ကားမော်ကား ပြုနေကြခြင်းသာ ဖြစ်ကြောင်း" ဖြင့် ပြောလေသည်။

mgyoe.com

mgyoe.com

ပြည်တွင်းစစ်ဖြစ်ပွားရခြင်းမှာ ပြည်ထောင်စု စည်းလုံးညီညွတ်ရေးနှင့် ထိန်းသိမ်းရေးဖြစ်ကြောင်းဖြင့် အစိုးရကကြေညာပြီး တောင်ပိုင်းသားများကို ဆူပူသောင်းကျန်းသူများအဖြစ် သတ်မှတ်လိုက်သည်။ ပြည်ထောင်စုကို ပြိုကွဲအောင် ပြုလုပ်သူများအဖြစ် စွပ်စွဲလိုက်လေသည်။

တောင်ပိုင်းသားတို့လက်မှ ထွက်ပြေးလွတ်မြောက်လာသည့် နီးဂရိုးကျေးကျွန်များကို မြောက်ပိုင်းစစ်တပ်များက လက်ခံလိုက်သည်။ ဗာဂျီးနီးယားပြည်နယ်မြောက်ပိုင်းမှ ကျေးကျွန်အမြောက်အမြားသည် စစ်တပ်အတွင်းသို့ လည်းကောင်း၊ ဝါရှင်တန်မြို့တော်တွင်းသို့ လည်းကောင်း လိုမ့်ဝင်လာကြသည်။

ဖို့ထရက်စ်မွန်ရိုးကို မြောက်ပိုင်းတပ်များ သိမ်းလိုက်မိသောအခါတွင် ဗာဂျီးနီးယားနှင့် မြောက်ကာရိုလီနာမှ နီးဂရိုးတို့ စစ်တပ်တွင်းသို့ ရောက်လာကြသည်။ ပို့ရွိုင်ရယ်ဆိပ်ကမ်းမြို့ကို သိမ်းပိုက်မိသောအခါတွင်လည်း ကျေးပိုင်ကျွန်ပိုင်များသည် ကျေးကျွန်များကိုစွန့်ပစ်ခဲ့ကာ ထွက်ပြေးလွတ်မြောက် သွားကြလေသည်။ အောင်ပွဲခံနေသောစစ်တပ်သည် မစ္စစ်စပီတောင်ကြားအတွင်းသို့ ချီတက်လာခဲ့သည်။ တွေ့တွေ့သမျှသော ကျေးကျွန်များကို စုစည်းယူလိုက်သည်။ ထိုမှတစ်ဆက်တည်း နယူးအော်လင်းပြည်နယ်ကို သိမ်းပိုက်မိကာ နီးဂရိုးကျေးကျွန် အမြောက်အမြားကို ရရှိလေသည်။

ယင်းသို့ရရှိလာသည့် ကျေးကျွန်များကို မြောက်ပိုင်းစစ်တပ်များအတွက် အသုံးချနိုင်သည်။ အသုံးလည်း ချခဲ့ကြသည်။

**"ရန်သူလက်မှ ဖမ်းဆီးရမိသော နီးဂရိုးကျေးကျွန်များကို မိမိတို့တပ်မတော်အတွက် ရန်သူ့လက်မှရရှိသည့် လက်နက်များသဖွယ် အသုံးချရမည်ဖြစ်ကြောင်း"** ဖြင့် ဘဏ္ဍာရေးဝန်ကြီး ဆိုင်းမွန်းကင်မရွန်က ၁၈၆၁ ခုနှစ် ဒီဇင်ဘာလတွင် အမိန့်တစ်ရပ်ထုတ်ပြန်လိုက်သည်။

ယင်းအမိန့်ထွက်လာသောအခါ ဝန်ကြီးအဖွဲ့အဖို့ များစွာ စိတ်မချမ်းမသာဖြစ်ရသည်။ ဆိုင်းမွန်းကင်မရွန်သည် သမ္မတ၏ သဘောတူညီချက်ကိုယူပြီးမှ အမိန့်ထုတ်ခြင်းမဟုတ်ဘဲ မိမိသဘောနှင့် မိမိထုတ်သောအမိန့် ဖြစ်လေသည်။

ထို့ကြောင့် သမ္မတလင်ကွန်းသည် ရန်သူလက်မှ ဖမ်းမိသောကျေးကျွန်များကို ကျေးကျွန်များအဖြစ် ဆက်လက်အသုံးမချရ။ အလုပ်သမားများအဖြစ် ခန့်ထားရမည်။ ၎င်းတို့ သဘောဆန္ဒအရ စေတနာ့ဝန်ထမ်း အမှုထမ်းရွက်လာလျှင်လည်း အခွင့်အရေးအပြည့်အဝပေးကာ အမှုထမ်းဆောင်စေရမည်ဟူသော အမိန့်တစ်ရပ်

mgyoe.com

mgyoe.com


ထုတ်ပြန်လိုက်ရသည်။

ထိုကစပြီး နီးဂရိုးကျေးကျွန်များကို စစ်တပ်က စုစည်းသိမ်းသွင်းလာသည်။ သူတို့၏ဘဝ လွတ်မြောက်ရေးကို ရှေ့ဆောင်ပြလာနိုင်သည်။ လူသားများအနေဖြင့် ကောင်းစွာဆက်ဆံလာသည်။ တစ်စတစ်စဖြင့် စစ်တပ်အတွက် ကြီးမားလှသော အလုပ်သမားတပ်ဖွဲ့ကြီးတစ်ခုကို ရရှိလာတော့သည်။ နီးဂရိုးများသာ ပါဝင်ကြသည့် ယင်းအင်အားစုကြီးကို ကျေးကျွန်များအဖြစ်မှ လွတ်မြောက်စေကာ အလုပ်သမားများ၊ အခိုင်းအစေများ၊ သူလျှိုများအဖြစ်ဖြင့် အသုံးချလေသည်။

နီးဂရိုးသူလျှိုများသည် ရန်သူတို့၏ စစ်ရေးစစ်ရာသတင်းများကို ရယူလာနိုင်ကြသည်။ သူတို့ယူလာကြသည့် စစ်သတင်းများကိုအကြောင်းပြုပြီး အောင်ပွဲများ ခံနိုင်ခဲ့ကြလေသည်။ ထိုမှတစ်ဆင့်တက်ပြီး စစ်မှုထမ်းရန် ချီတက်လာကြသည့် လူဖြူစစ်သားများနေရာတွင် နီးဂရိုးများကို အစားထိုးလာ၏။ စစ်သားလည်း ဖြစ်လာပြီ။ ကျေးကျွန်ဘဝမှလည်း လွတ်မြောက်ပြီဖြစ်သော နီးဂရိုးများသည် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြ၏။ ရဲရဲရင့်ရင့် တိုက်ခိုက်ကြ၏။ စစ်ပွဲများတွင် နီးဂရိုးစစ်သားတို့၏ စွမ်းရည်သတ္တိမှာ များစွာ ကျော်ကြားလာလေသည်။

ဗာဂျီးနီးယားပြည်နယ်တွင် ကျေးကျွန်များကိုစုစည်းပြီး ကယ်ဆယ်ရေး၊ နေရာချထားရေးလုပ်ငန်းများ ပြုလုပ်သည်။ အစားအစာများပေးသည်။ နေထိုင်ရန် နေရာထိုင်ခင်းများ ပေးသည်။ အလုပ်များပေးသည်။ ထွန်ယက်စိုက်ပျိုးစားသောက်နိုင်ရန် မြေကွက်များပေးသည်။ ယင်းလုပ်ငန်းသည် များစွာ အောင်မြင်လာ၏။

ထွန်ယက်စိုက်ပျိုးရရှိသော အသီးအနှံများကို မြောက်ပိုင်းစစ်တပ်များသို့ ပေးသွင်းရောင်းချစေသည်။ ယင်းမှ သိမ်းပိုက်ပြီးနယ်မြေများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပြုလုပ်ခြင်းလည်း မည်ပေသည်။


မကြာမီကလေးက သိမ်းပိုက်ရယူခဲ့သည့် နယူးအော်လင်းမြို့သို့ ၁၈၆၂ ခု ဧပြီလအတွင်းက ဗိုလ်ချုပ်ကြီး ဘတ်တလာ အုပ်ချုပ်ရန်အတွက် ထွက်ခွာလာရာ မြို့တစ်ဝက်မှာ နီးဂရိုးများဖြင့်ပြည့်နေသည်ကို တွေ့ရလေသည်။ နီးဂရိုးများကလည်း ပြည်ထောင်စုဘက်တော်သားများနှင့် ပူးပေါင်းကြသည်ကို တွေ့ရပြန်ရာ နယူးအော်လင်းတွင် မည်သည့်ကျေးကျွန်ကိုမှ လက်မခံရန်နှင့် ကျေးကျွန်စနစ်ကို လုံးဝပယ်ဖျက်ပစ်ရန် ဘတ်တလာက အမိန့်ထုတ်လိုက်သည်။

ကျေးကျွန်ဘဝမှ လွတ်မြောက်လာကြသော နီးဂရိုးများကို ပြန်လည်နေရာ

mgyoe.com

mgyoe.com


ချထားပေးရေး၊ အလုပ်အကိုင် ရှာဖွေပေးရေးများအတွက် ဗိုလ်ချုပ်ကြီးဘတ်တလာ၏ ညီ ဗိုလ်မှူးကြီးသတ်တလာကို တာဝန်ပေးအပ်သည်။ ဗိုလ်မှူးကြီးဘတ်တလာသည် နီးဂရိုးများနှင့် ရောရောနှောနှောနေကာ နီးဂရိုးများဘဝကို အတွင်းကျကျလေ့လာ၏။ နီးဂရိုးတပ်ရင်းတစ်ခုကိုပင် ဖွဲ့စည်းပေးလေသည်။ ထိုတပ်ရင်းအရာရှိများအဖြစ် နီးဂရိုးများကိုပင် ခန့်ထား၏။ ထို့ကြောင့် နီးဂရိုးများအနေဖြင့် သူ့ကို မမေ့နိုင်တော့ပေ။



ဖရက်ဒရစ်ဒေါက်ဂလပ်စ် အာဖရိက အမေရိကန် ခေါင်းဆောင်ကြီး
(၁၈၁၇-၁၈၉၅)

၁၈၆၂ ခုနှစ်မှ ၁၈၆၅ ခုနှစ်အတွင်း နီးဂရိုးကျေးကျွန်များဘဝ လွတ်မြောက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့ကြသည်။ ဗိုလ်မှူးကြီးဘတ်တလာ၏ တာဝန်ဝတ္တရားများကို ဗိုလ်ချုပ်ဘင့်က နောက်ပိုင်းတွင် လွှဲပြောင်းယူသည်။ နီးဂရိုးများအတွက် ဆေးဝါးများ၊ အဝတ်အစားများ၊ ရာရှင်ပစ္စည်းများကို ခွဲဝေပေးသည်။

ဗိုလ်ချုပ်ဘင့် တာဝန်ယူသောအချိန်၌ နီးဂရိုးလူမျိုးတစ်သိန်းခွဲတို့တွင် ရောဂါဘယ ထူပြောနေသည်။ အသေအပျောက်များ ရှိနေသည်။ ထို့ကြောင့် နီးဂရိုးများသည် ပြည်သူ့လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြရန် အထောက်အပံ့မရရှိသည့် နီးဂရိုးတိုင်း အလုပ်မလုပ်မနေရအမိန့်ကို ၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့၌ ထုတ်ပြန်လိုက်သည်။

ယင်းသို့ နီးဂရိုးများကို စုစည်းပြီး စစ်စည်းကမ်းတစ်ဝက်ဖြင့် အုပ်ချုပ်ကာ စိုက်ပျိုးခင်းများ၊ ပြည်သူ့လုပ်ငန်းဌာနများတွင် လုပ်ကိုင်ကြရန် ဗိုလ်ချုပ်ဘင့်က ကြိုး

mgyoe.com

mgyoe.com


စားသည်။ သို့သော် မအောင်မြင်ချေ။ နီးဂရိုးတို့အနေဖြင့် အလုပ်မလုပ်လိုသောကြောင့် မဟုတ်။ အလုပ်နှင့်ပတ်သက်သည့် တိကျသောစည်းကမ်းများကြောင့် မအောင်မြင်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ဘင့်၏ အစီအစဉ်များကို ကန့်ကွက်လာကြသည်။ တစ်စတစ်စဖြင့် ကန့်ကွက်မှုများ ကြီးထွားလာသောအခါတွင် ဗိုလ်ချုပ်ဘင့်က နီးဂရိုးအချို့ကို ရွေးချယ်ကာ အကြောင်းရင်းကို ရှာဖွေစေသည်။ မည်သည့်အချက်များ လိုအပ်နေသည်ကို စုံစမ်းစေသည်။ နီးဂရိုးများကလည်း သစ္စာရှိစွာဖြင့် စုံစမ်းခဲ့ကြ၏။ အကြောင်းရင်း ဇာစ်မြစ်ကို သိသောအခါတွင် အစီအစဉ်အားလုံးမှာ ချောချောမောမော ဖြစ်သွားတော့သည်။

သို့ဖြင့် ပညာရေးဌာနကလေးတစ်ခုနှင့် တွဲဖက်ပြီး ကျေးရွာကလေးတစ်ခု တည်ထောင်သည်။ ယင်းကျေးရွာအတွက် ကိုယ်ပိုင်မြေယာကွက်၊ စုပေါင်းလုပ်ငန်းဌာနများနှင့် အသားတကျထားကာ တစ်ဖက်မှစာကိုပါ သင်ပေးသည်။ ထိုအခါတွင် ဗိုလ်ချုပ်ဘင့်၏ အစီအစဉ်များအားလုံး အောင်မြင်ကြလေတော့သည်။

ယင်းစနစ်သည် နီးစပ်ရာနယ်မြေများသို့ တစ်စတစ်စ ပျံ့နှံ့သွားပြီး အောင်မြင်လာလေတော့သည်။

ဗိုလ်ချုပ်ဘတ်တလာကလည်း ဗာဂျီးနီးယားနှင့် မြောက်ပိုင်းကာရိုလီနာသို့ ပြန်လာပြီး နီးဂရိုးရေးရာဌာနတစ်ခုကို ဖွဲ့စည်းဖွင့်လှစ်သည်။ ယင်းဌာနက နီးဂရိုးများ



အမေရိကန်ပြည်တွင်းစစ်တွင် ပြည်ထောင်စုစစ်တပ်များနှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့ကြသည့် အမေရိကန်နီးဂရိုးများ…

mgyoe.com

mgyoe.com

အတွက် ခရိုင်များကို ဖွဲ့စည်းပေးသည်။ အုပ်ချုပ်ရေးမှူးများ၊ လက်ထောက်အုပ်ချုပ်ရေးမှူးများ ခန့်ထားကာ စနစ်တကျ အုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်သည်။

နီးဂရိုးများကို မြေယာကွက်များ ဝယ်ယူလာအောင် တိုက်တွန်းသည်။ အိမ်ရာများ ကျေးရွာများ ဆောက်လုပ်စေသည်။ ပညာရေးစနစ်များကိုလည်း ထူထောင်ပေးသည်။ ထိုကဲ့သို့ စနစ်တကျ နယ်မြေများဖွဲ့စည်းပေးခြင်း၊ ကျေးရွာမြို့ပြများ ထူထောင်ပေးခြင်း၊ ပညာသင်ကြားပေးခြင်း၊ လုပ်ငန်းကိုင်ငန်းများ ရှာဖွေနေရာချထားပေးခြင်းများဖြင့် လွတ်မြောက်သော နီးဂရိုးနယ်မြေသစ်များကို ပေါ်ပေါက်လာစေတော့သည်။

အီတန်၏အစီရင်ခံစာအရ ၁၈၆၄ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့အထိ စစ်တပ်အတွင်း၌ စစ်သားများ၊ အဝတ်လျှော်သူများ၊ ထမင်းချက်သူများ၊ အရာရှိတို့၏ အစေခံများ၊ အထွေထွေအလုပ်သမားများအဖြစ် နီးဂရိုးပေါင်း ၄၁,၁၅၀၊ မြို့ပြများ၊ စိုက်ပျိုးရေးလုပ်ငန်းဌာနများနှင့် ကျေးရွာများတွင် နီးဂရိုးပေါင်း ၇၂,၅၀၀၊ စက်မှုလက်မှုလုပ်ငန်းဌာနများ၌ ဝင်ရောက်လုပ်ကိုင်နေကြသော နီးဂရိုးပေါင်း ၆၂,၃၀၀ စသည်ဖြင့် နီးဂရိုးများ အခြေအနေကျနေကြပြီဖြစ်ကြောင်း ဖော်ပြထားလေသည်။

ဘော့စတွန်မြို့၌ ပညာရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းသည်။ နောက်ပိုင်းတွင် နယူးအင်္ဂလန်လွတ်မြောက်သူများ ကူညီရေးအသင်းအဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်သည်။ တောင်ပိုင်းဒေသပြည်နယ်များတွင် နီးဂရိုးများ၏ဘဝ ပြန်လည်တည်ဆောက်ရေး၊ နေရာချထားရေး၊ ပညာသင်ကြားရေး လုပ်ငန်းများကို လုပ်ကိုင်သည်။

၁၈၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ အမျိုးသားလွတ်မြောက်သူများကယ်ဆယ်ရေးအဖွဲ့ကြီးကို နယူးယောက်မြို့၌ ဖွဲ့စည်းတည်ထောင်လိုက်လေသည်။ ထိုအဖွဲ့ကြီးသည် ပြည်နယ်များ၊ မြို့ရွာများအသီးသီးသို့ ပျံ့နှံ့သွားပြီး အဖွဲ့ခွဲများ၊ ပြည်နယ်အဖွဲ့များ ဖွဲ့စည်းကြလေသည်။ ခရစ်ယာန်အဖွဲ့အစည်းများကလည်း နီးဂရိုးများ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများအတွက် လုပ်ကိုင်လာကြလေသည်။ ဗြိတိန်နိုင်ငံမန်ချက်စတာနှင့် လန်ဒန်မြို့များတွင်လည်း လွတ်မြောက်သူများကူညီရေးအဖွဲ့များ ပေါ်ပေါက်လာကာ ရန်ပုံငွေများ စုဆောင်းသည်။ ပြင်သစ်နှင့် အိုင်ယာလန်နိုင်ငံများမှ ရန်ပုံငွေအမြောက်အမြားကို ကောက်ခံရရှိသည်။

မစ္စစ်စပီတောင်ကြားဒေသတွင် နီးဂရိုးများ အခြေကောင်းစွာကျနေပြီဟု ဆိုနိုင်သည်။ ကျေးကျွန်အဖြစ်မှ လွတ်မြောက်လာကြသူများအတွက် တရားမျှတမှုရှိရေး၊ ဆေးရုံများတည်ဆောက်ရေး၊ ကလေးသူငယ်များအတွက် အိမ်ရာများဆောက်

mgyoe.com

mgyoe.com


လုပ်ပေးရေး၊ မသင်မနေရ စာသင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ရေးတို့ကို အစဉ်တစိုက်ပြုလုပ်လာရာ များစွာအောင်မြင်သည်ဟု ဆိုနိုင်သည်။

ကိုလံဘီယာတွင် နီးဂရိုးပေါင်း နှစ်သောင်း၊ ဗာဂျီးနီးယားတွင် တစ်သိန်း၊ မြောက်ကာရိုလီနာတွင် ငါးသောင်း၊ တောင်ကာရိုလီနာ၊ ဂျော်ဂျီယာနှင့် လူစီယာနာတွင် ငါးသောင်းစသည်ဖြင့် နီးဂရိုးများ အခြေချနေထိုင်ကြသည်။ မစ္စစ်စပီတောင်ကြား၌ ကျေးကျွန်ဟောင်း ငါးသိန်းအပါအဝင် နီးဂရိုးပေါင်း သုံးသန်းခွဲအထိ ရှိလာသည်။

အဆိုပါ နီးဂရိုးတို့သည် သူတို့၏လွတ်မြောက်မှုကို အာမခံချက်ပြုရန်နှင့် မြောက်ပိုင်းစစ်တပ်များအတွင်းသို့ ဝင်ခွင့်ရရန်သာ အလိုရှိနေကြသည်။ စစ်တပ်များအတွင်းသို့လည်း အလုံးအရင်းနှင့် ဝင်လာကြသည်။ ကြီးမားလှသည့် ယင်းအင်အားကြီးကို အသုံးပြုကာ တောင်ပိုင်းပြည်နယ်များ ပြည်ထောင်စုအတွင်းမှ ခွဲထွက်မသွားရေးကို ထိန်းချုပ်ထားနိုင်ခဲ့လေသည်။ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွာမြွာ မကွဲရေးအတွက် နီးဂရိုးတို့သည် အရေးကြီးသောအစိတ်အပိုင်းမှ ပါဝင်လာသူများ ဖြစ်လာသည်။ အရေးကြီးသော အင်အားကြီးတစ်ခုဖြစ်လာသည်။ အဆုံးအဖြတ်ပေးနိုင်သော အင်အားကြီးတစ်ခု ဖြစ်လာသည်။

ထိုသို့သော အကြောင်းများကြောင့် အမေရိကန်ပြည်တွင်းစစ်သည် ရှုပ်ထွေးနေလေ၏။ နယ်မြေ၊ အာဏာ၊ စီးပွားရေးစားကျက်လုရာမှ ကျေးကျွန်လွတ်မြောက်ရေးစစ်ပွဲကြီး ဖြစ်လာသည်။ ကျေးကျွန်လွတ်မြောက်ရေး စစ်ပွဲကြီးမှ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ တောင်ပိုင်းပြည်နယ်များ ပြည်ထောင်စုအတွင်းမှ ခွဲထွက်မသွားရေးစစ်ပွဲကြီးများ ဖြစ်ပွားလာသည်။

**ယင်းပြည်တွင်းစစ်ကြီးသည် ၁၈၆၅ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် လုံးဝ ပြီးဆုံးသွားလေသည်။**

သို့သော် ကျေးကျွန်စနစ်ကို ဖျက်သိမ်းခဲ့ပြီး ပြည်တွင်းစစ်ကိုလည်း အဆုံးသတ်နိုင်ခဲ့သည့် သမ္မတအေဘရာဟင်လင်ကွန်းသည်ကား ၁၈၆၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့မှာပင် မသမာသူ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။ ဧပြီလ ၁၅ ရက်နေ့တွင် လူမှုရေးတိုက်ပွဲများ မပြီးဆုံးသေးမီမှာပင် ကွယ်လွန်သွားတော့သည်။

သမ္မတလင်ကွန်းကို လုပ်ကြံသူမှာ ချန်ဝိုက်ဘုသ်ဆိုသူ ဖြစ်သည်။ ၎င်းသည် စိုက်ပျိုးခင်းပိုင်ရှင်ကြီးများ၏ ဘက်တော်သားဖြစ်သည်။ သမ္မတလင်ကွန်းက ကျေးကျွန်စနစ်ဖျက်သိမ်းရေးကို ဥပဒေပြဋ္ဌာန်းခဲ့သဖြင့် ကျေးကျွန်များကို လုပ်ခမပေး

mgyoe.com

mgyoe.com

ဘဲ အသုံးချပြီးစီးပွားဖြစ်နေသည့် တောင်ပိုင်းဒေသ စိုက်ပျိုးခင်းပိုင်ရှင်ကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ ငွေရှင်ကြေးရှင် ဓနရှင်ကြီးများအတွက် များစွာအကျိုးထိခိုက်စေခဲ့သည်။

ယင်းလို အဖိနှိပ်ခံကျေးကျွန်များ၏ ဘဝလွတ်မြောက်ရေးကို ဖန်တီးပေးခဲ့သော်လည်း အရင်းရှင်ကြီးများ၏အကျိုးကို ထိခိုက်စေသည့် သမ္မတလင်ကွန်းလို ပုဂ္ဂိုလ်မျိုး လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်မှာ ဘာမှအံ့သြစရာ မရှိတော့ပါချေ။

❒

mgyoe.com

mgyoe.com

## အခန်း(၆)

# ပြည်တွင်းစစ်ပြီးကာလ

၁၈၆၅ ခုနှစ် ဧပြီလအတွင်း၌ အမေရိကန်ပြည်တွင်းစစ်ကြီး ပြီးဆုံးခဲ့၏။

နီးဂရိုးကျေးကျွန်စနစ်သည်လည်း ၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ သမ္မတလင်ကွန်းက ပြဋ္ဌာန်းအတည်ပြုလိုက်သည့် ဥပဒေအရ ပျက်ပြယ်သွားပြီဖြစ်၏။

ကျေးကျွန်စနစ် ပျက်ပြီးသွားပြီးသည့်နောက်ပိုင်းတွင် နီးဂရိုးတို့၏အခြေအနေသည် ပိုမိုကောင်းမွန်လာရမည့်အစား တစ်နည်းတစ်ဖုံ ဆိုးရွားနေဆဲပင် ဖြစ်လေသည်။

နီးဂရိုးသည် ငွေဝယ်ကျွန်ကား မဟုတ်တော့။ လူ့အခွင့်အရေးများ ရုပ်သိမ်းခြင်းခံရသော ကျေးကျွန်များကား မဟုတ်တော့။

သို့သော် လူဖြစ်ပါလျက်နှင့် လူရာသွင်းခြင်းမခံရသော၊ လူဖြူများနှင့် တန်းတူအခွင့်အရေးများ မရသေးသော၊ လူဖြူအသိုင်းအဝန်း၊ လူဖြူအဖွဲ့အစည်းတွင်းမှ ဝိုင်းပယ်ခြင်းခံရသော၊ လူဖြူတိုင်း၏ နှာခေါင်းရှုံ့ခြင်း၊ ရွံရှာမုန်းတီး စက်ဆုပ်ခြင်းကိုခံရသော အပယ်ခံဘဝမှာပင် ရှိနေခဲ့လေသည်။

လူဖြူတို့သည် လူမျိုးကြီးဝါဒကို လက်ကိုင်ပြုလာကြ၏။ လူမျိုးရေးမုန်းတီးမှုများကို ပြုလုပ်လာကြ၏။ နီးဂရိုးများသည် ကျေးကျွန်ဟောင်းများ ဖြစ်သည်။ မိမိတို့ထက် အစစအရာရာတွင် နိမ့်ကျသည်။ မိမိတို့နှင့် တန်းတူမဆက်ဆံသင့်၊ တန်းတူအခွင့်အရေးမပေးသင့်ဟု အော်ဟစ်လာကြသည်။

mgyoe.com

လူသားတို့ ရခွင့်ရထိုက်ရှိသော လူ့အခွင့်အရေးများအားလုံးကို နည်းမျိုးစုံဖြင့် ရုပ်သိမ်းလာကြလေသည်။ နေရာတကာတွင် လူမျိုးချင်းခွဲခြားမှု၊ အသားအရောင်ခွဲခြားမှုများ ပေါ်ပေါက်လာသည်။

ပြည်တွင်းစစ်ကြီးပြီးဆုံးခဲ့သည်မှာ မှန်ပါ၏။ နီးဂရိုးများကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေခဲ့သည်မှာ မှန်ပါ၏။ ထိုနီးဂရိုးများ၏ ဘဝရပ်တည်ရေး၊ ပြန်လည်နေရာချထားရေး၊ စီးပွားရေးထူထောင်ရေးများကို ပြုလုပ်ပေးသည်မှာ မှန်ပါ၏။

သို့သော် ပြည်တွင်းစစ်ပြီးဆုံးသော်လည်း အေးချမ်းခြင်းကား မရှိ။ စစ်ပွဲများကို ပြီးဆုံးနိုင်ခဲ့သော်လည်း စစ်ပွဲများကို အနိုင်ယူနိုင်ခဲ့ကြသော်လည်း ငြိမ်းချမ်းရေးကိုကား သူတို့ ဆုံးရှုံးကြရလေသည်။

ကျွန်အဖြစ်မှ လွတ်မြောက်ခဲ့သော်လည်း နီးဂရိုးများ၏ဘဝ တိုးတက်မှုမှာ ဘာမှပြောပလောက်အောင် မရှိခဲ့ချေ။

သူတို့ဘဝ ရပ်တည်ရေး၊ ပြန်လည်နေရာချထားရေး၊ စီးပွားရေးပြန်လည်ထူထောင်ရေးများကို လုပ်သည်ဆိုသော်လည်း တစ်ပြည်လုံးအတိုင်းအတာနှင့် မဟုတ်ခဲ့။ နီးဂရိုးအားလုံးအတွက် မဟုတ်ခဲ့။ စိတ်ကောင်းရှိသော လူဖြူအနည်းငယ်က ဒေသအနည်းအကျဉ်းတွင်သာ ပြုလုပ်ခဲ့ခြင်းဖြစ်လေသည်။

ပြည်တွင်းစစ်ပြီးလျှင်ပြီးချင်း လုပ်ကြံခံရသည့် သမ္မတလင်ကွန်း၏နေရာသို့ တက်လာသည့် ဒုသမ္မတအင်ဒရူးဂျွန်ဆင်သည် ကျေးကျွန်စနစ်ကို မဖျက်သိမ်းလိုသူဟု မဆိုနိုင်သော်လည်း လူမျိုးခွဲခြားရေးကို လိုလားသူဖြစ်သည်။ နီးဂရိုးများအား လူဖြူများနှင့် တန်းတူအခွင့်အရေးများ မပေးလိုသူဖြစ်သည်။ နီးဂရိုးများကို နေရာတကာတွင် အခွင့်အရေးမျိုးစုံကို နှိမ်ထားလိုသူဖြစ်သည်။

ထို့ကြောင့်လည်း ပြည်တွင်းစစ်ပြာပုံအတွင်းမှ အားယူကာ ခေါင်းထောင်ထလာကြသည့် နီးဂရိုးတို့၏ဘဝသည် အကောင်းများနှင့် ရင်ဆိုင်ရခြင်း၊ ရယူနိုင်ခြင်း မရှိရှာကြချေ။

လေးသန်းကျော်မသော နီးဂရိုးကျေးကျွန်ဟောင်းများမှာ ပညာလည်း မတတ်ကြ။ နေစရာအိမ်လည်း မရှိ။ စိုက်ပျိုးလုပ်ကိုင်စားစရာ မြေယာကွက်လည်း မရှိ။ လက်မှုအတတ်ပညာ၊ ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာလည်း မရှိ။

တကယ်တမ်းဆိုလျှင် လွတ်မြောက်သောသူများအဖြစ်နှင့် မိမိတို့၏ ဘဝရပ်တည်ရေးအတွက် စီးပွားရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန် ဘာတစ်ခု

mgyoe.com

မှ ပြင်ဆင်နိုင်မှု မရှိကြ။

ဥပဒေအရ ကျွန်အဖြစ်ကလွတ်ပြီဆိုသည်နှင့် တစ်ပြိုင်တည်း အဝတ်မဲ့၊ အစားမဲ့၊ အလုပ်မဲ့၊ အကိုင်မဲ့၊ ပညာမဲ့၊ အိုးအိမ်မဲ့၊ မြေမဲ့ယာမဲ့ဘဝဖြင့် ကျေးပိုင်ကျွန်ပိုင်ရှင်များ၏ အရိပ်အာဝါသအတွင်းမှ ဖြုန်းဖြုန်းဒိုင်းဒိုင်း ထွက်ခွာလာခဲ့ကြရသည်။

ယင်းပြဿနာများသည် ၁၈၆၅ ခုနှစ်မှ ၁၈၇၇ ခုနှစ်အထိ များစွာဆိုးရွားသောပြဿနာများအဖြစ် ခေါင်းမီးတောက် နေလေတော့သည်။ လမ်းများပေါ်တွင် တွယ်ရာမဲ့၊ အားကိုးရာမဲ့ လျှောက်သွားနေရသော နီးဂရိုးများကိုကြည့်ပြီး လူဖြူတို့က များစွာရွံရှာမုန်းတီး စက်ဆုပ်လာတော့၏။ သို့ဖြင့်လည်း လူဖြူနှင့်လူမည်း၊ လူ့အဖွဲ့အစည်းချင်းနှင့် လူ့အခွင့်အရေးချင်းကို ခွဲခြားလာကြသည်။ ယင်းခွဲခြားလာမှုရောဂါသည် ယနေ့ထက်တိုင်အောင် ကူးစက်ကြီးထွား ပြန့်ပွားလျက် ရှိချေတော့သည်။

ပြည်တွင်းစစ်ပြီးဆုံးသောအခါ၌ နီးဂရိုးများကို မည်ကဲ့သို့သော သဘောထားမည်နည်းဟု စောစောပိုင်းကတည်းက ဆွေးနွေးခဲ့ကြသည်။

ကျေးကျွန်ဘဝမှ လွတ်မြောက်လာမည်ဖြစ်သော နီးဂရိုးများကို အမေရိကန်လူမှုအဖွဲ့အစည်းအတွင်း၌ တန်းတူအခွင့်အရေးများပေးကာ ပြည်ထောင်စုသားများအဖြစ် လက်ခံထားရေးကိုထောက်ခံသည့် လူဖြူမှာ လူနည်းစုမျှသာဖြစ်၏။ နီးဂရိုးများကို တန်းတူအခွင့်အရေး မပေးရေးအုပ်စုက လူများစုဖြစ်ခဲ့လေသည်။

သမ္မတလင်ကွန်း လုပ်ကြံခံရပြီး ဒုသမ္မတမှ သမ္မတဖြစ်လာသော အင်ဒရူးဂျွန်ဆင်သည် တောင်ပိုင်းသားများကို များစွာပစားပေးသူ ဖြစ်သည်။ တောင်ပိုင်းသားများကို များစွာသက်ညှာသူ ဖြစ်သည်။ သို့ဖြင့်ပင် ၁၈၆၆ ခုနှစ်၌ တောင်ပိုင်းပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရရှိသွားကြတော့၏။ သူတို့ပြည်နယ်များအတွင်း၌ နီးဂရိုးပေါင်း မြောက်မြားစွာတို့လည်း ရှိနေလေသည်။

တောင်ပိုင်းပြည်နယ်များရှိ နီးဂရိုးတို့သည် လမ်းမများပေါ်တွင် ခြေသလုံးအိမ်တိုင် လျှောက်နေကြရ၏။ ခိုးခြောက်မှုများ၊ ဒဏ်ငွေရိုက်မှုများနှင့်အတူ ဖွတ်အစမ္မအလုပ်လုပ်ခိုင်းခြင်းကို ခံကြရ၏။ မြောက်မြားစွာသော နီးဂရိုးများကို အကြောင်းအမျိုးမျိုးပြကာ ထောင်သွင်းအကျဉ်းချထားကြ၏။

နေဝင်မီးငြိမ်းအမိန့်၊ ညမထွက်ရအမိန့် စသည့် သောင်းခြောက်ထောင်သောအမိန့်များကို ချိုးဖျက်ကျူးလွန်သည်ဟူသော အကြောင်းပြချက်ဖြင့် လည်းကောင်း၊ လက်နက်ကိုင်ဆောင်မှုဖြင့် လည်းကောင်း ထောင်ပေါင်းများစွာသော နီးဂရိုးများကို

mgyoe.com

 mgyoe.com 

ဖမ်းဆီးထောင်ချပစ်လေသည်။

ထို့ပြင် ယောဟန်သည် နီးဂရိုးများ မဲပေးပိုင်ခွင့်ကိုလည်း တောင်ပိုင်းပြည်နယ်များက ငြင်းဆန်နေကြလေသည်။ နီးဂရိုးပေါင်း မြောက်မြားစွာကိုလည်း ကျေးကျွန်များဘဝသို့ ပြန်လည်ပို့ဆောင်နေသည်။

ဤသို့ ဖြစ်ချင်တိုင်းဖြစ်နေသော်လည်း သမ္မတ အင်ဒရူးဂျွန်ဆင်သည် ဘာတစ်ခုမှ အရေးယူခြင်းမပြု။ သူကိုယ်တိုင်က တောင်ပိုင်းသားများကို မျက်နှာသာ ပေးနေသူ ဖြစ်သည်။ သူကိုယ်တိုင်က နီးဂရိုးများကို မနှစ်မြို့သူ၊ တန်းတူအခွင့်အရေး မပေးလိုသူ၊ အသားအရောင် ခွဲခြားလိုသူဖြစ်သည်။ တောင်ပိုင်းဒေသ၌ နီးဂရိုးများ အဖိနှိပ်ခံနေရသည်ကို ကျေကျေနပ်နပ်ကြီး လက်ပိုက်ကြည့်နေသူ ဖြစ်လေသည်။ သမ္မတကိုယ်တိုင်က အကူအညီပေးခြင်း၊ မျက်နှာသာပေးခြင်းကို ခံရသောအခါတွင် တောင်ပိုင်းပြည်နယ်များရှိ လူဖြူများကလည်း တဖြည်းဖြည်း ရောင့်တက် ရဲတင်းလာကြတော့၏။

ပစ္စည်းမဲ့ခေါင်းဆောင်ကြီးများ ဖြစ်ကြသော ကားလ်မာ့က္စ်နှင့် အိန်ဂျယ်လ်စ်တို့ နှစ်ဦးက အမေရိကန်ပြည်တွင် ပြည်တွင်းစစ်များ ဖြစ်ပွားရခြင်း၊ နီးဂရိုးကျေးကျွန်များ လှုပ်ရှားလာခြင်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း မြင်ကြလေသည်။

"ကျေးကျွန်စနစ်ကြောင့် အမေရိကန်ပြည်ထောင်စုအတွင်း၌ စစ်ပွဲများဖြစ်ပွားလာရသည်။ ကျေးပိုင်ကျွန်ပိုင်များ၏ ကျူးကျော်စော်ကားမှု၊ မောက်မာရမ်းကားမှု၊ လူမဆန်စွာ ကျင့်ကြံမှုများကြောင့် ပြည်တွင်းစစ်ဖြစ်ပွားရလေသည်" ဟူ၍လည်းကောင်း၊

ကျေးကျွန်စနစ်မဖျက်သိမ်းလိုသူ သမ္မတအင်ဒရူးဂျွန်ဆင်နှင့် ပတ်သက်၍လည်း ကားလ်မာ့က္စ်က ၁၈၆၅ ခုနှစ် ဖွန်လတွင် အိန်ဂျယ်လ်စ်ထံသို့ စာတစ်စောင်ရေးသားပေးပို့ရာတွင် အောက်ပါအတိုင်း ထုတ်ဖော်ရေးသားလိုက်တော့သည်။

'သမ္မတ အင်ဒရူးဂျွန်ဆင် လက်ခံကျင့်သုံးနေတဲ့ ပေါ်လစီဟာ ကျွန်တော့်ကို များစွာ စိတ်မချမ်းမသာ ဖြစ်စေပါတယ်။များစွာထိခိုက်စေပါတယ်။ ဂျွန်ဆင်ဟာ လူသားတွေရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို မေ့ကုန်ပါပြီ။ တရားမျှတမှု ရှိတယ်၊ မရှိဘူးဆိုတာကို မကြည့်တော့ဘဲ သူ့စိတ်ထဲမှာ ဖြစ်စေချင်တာတွေကို ထင်တိုင်းကြံ လုပ်နေတော့တာပဲ။ နီးဂရိုးတွေဟာ လူ့အခွင့်အရေးများ အရုပ်သိမ်းခံနေရတယ်' စသည်ဖြင့် ဖော်ပြပါရှိလေသည်။

mgyoe.com

mgyoe.com


အဆိုပါ ကားလ်မာ့က္စ်၏ စာကို အိန်ဂျဲလ်စ်က စာတစ်စောင်ပြန်လည်ရေးသားပေးပို့ရာတွင် သမ္မတအင်ဒရူးဂျွန်ဆင်၏ အကြောင်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ထည့်သွင်းရေးသားလိုက်၏။

'ကျွန်တော်လည်းပဲ သမ္မတဂျွန်ဆင်ကျင့်သုံးနေတဲ့ ပေါ်လစီကို တဖြည်းဖြည်း စိတ်ပျက်သည်ထက် စိတ်ပျက်လာပါတယ်။ ဘယ်လိုမှ မကြိုက်နိုင်တော့အောင်၊ လက်မခံနိုင်တော့အောင် ဖြစ်လာပါတယ်။ နီးဂရိုးတွေအပေါ်မှာ ရွံရှာမုန်းတီးစက်ဆုပ်တဲ့ ဂျွန်ဆင်ရဲ့အတွင်းသဘောဟာ တစ်နေ့တခြား ပေါ်လွင်ထင်ရှားလာပါတယ်။ တစ်နေ့တခြား ဖုံးမနိုင်ဖိမရနဲ့ ပွင့်အံထွက်ကျလာပါတယ်။ တောင်ပိုင်းဒေသက မြေပိုင်ရှင်ကြီးတွေကို သူ့လက်ထဲက အာဏာတွေ အိတ်သွန်ဖာမှောက်ပေးနေတာပဲ။ နီးဂရိုးတွေကို နိုင်ငံသားအဖြစ် အခွင့်အရေးတွေ မပေးသမျှတော့ ဘာတစ်ခုမှလုပ်လို့ရမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျေးကျွန်ဘဝက လွတ်မြောက်လာစ ပူပူနွေးနွေး နီးဂရိုးတွေရဲ့ အဆိုးအကောင်းကံကြမ္မာကို ဖန်တီးခွင့်အားလုံး ကျေးပိုင်ကျွန်ပိုင်ဟောင်းတွေရဲ့ လက်ထဲကို သမ္မတဂျွန်ဆင်က ထိုးထည့်ထားလိုက်ပါတယ်။ ဒါကိုကြည့်ရင် ကျွန်ပိုင်ရှင်ဟောင်းတွေက မိမိပိုင်ခဲ့တဲ့ ကျွန်ဟောင်းတွေအပေါ်မှာ ဘယ်လိုသဘောထားမလဲဆိုတာ ထင်ရှားပါတယ်။ သမ္မတ ဂျွန်ဆင်ဟာ ဘာသဘောနဲ့ ဘာကိုရည်ရွယ်ပြီး ဘာဖြစ်စေချင်လို့ ဒီလိုလုပ်လိုက်တယ်ဆိုတာလည်း လူတိုင်း နားလည်နိုင်ပါတယ်" စသည်ဖြင့် ထည့်သွင်းရေးသားလိုက်သည်။

၁၈၆၅ ခုနှစ်တွင် ရီပတ်ဘလီကင်ပါတီဝင်များ ဦးဆောင်သော ကွန်ဂရက်လွှတ်တော်အစည်းအဝေးကို ကျင်းပပြီး ကျေးကျွန်စနစ်ဖျက်သိမ်းရေး သမားများ၏ အထောက်အကူဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။ တောင်ပိုင်းဒေသပြည်နယ်များတွင် အုပ်ချုပ်ရေးလုပ်ငန်းများထက် တရားဥပဒေများ အတိအကျပြဋ္ဌာန်းပေးကာ အုပ်ချုပ်သွားစေရန် ဖြစ်လေသည်။

ယင်းကွန်ဂရက်က နီးဂရိုးများအတွက် အရေးကြီးသော ဥပဒေကြမ်း နှစ်ခုကို အတည်ပြုလိုက်ကြလေသည်။ ဥပဒေကြမ်းတစ်ခုသည် နီးဂရိုးများကို အကူအညီပေးရေးအတွက် ကျေးကျွန်အဖြစ်မှ လွတ်မြောက်လာသူများ ဗျူရိုတစ်ခုကို ဖွဲ့စည်းတည်ထောင်ပေးရန် ဖြစ်သည်။ ကျန်ဥပဒေကြမ်းတစ်ခုကမူ နီးဂရိုးတိုင်းကို ပြည်သူ့

mgyoe.com

mgyoe.com

အခွင့်အရေးများ အပြည့်အဝပေးရန် ဖြစ်လေသည်။

ယင်းဥပဒေကြမ်းနှစ်ရပ်ကို နီးဂရိုးများအား ထောက်ထားညှာတာသည့် ရီပတ်ဘလီကင်ပါတီဝင်များက ဆွေးနွေးအတည်ပြုကြသောအခါ၌ နီးဂရိုးမုန်းတီးရေးသမား၊ အသားအရောင် ခွဲခြားရေးသမား၊ ကျေးကျွန်စနစ်ကို နှစ်သက်သဘောကျနေသေးသော သမ္မတအင်ဒရူးဂျွန်ဆင်က ဥပဒေကြမ်း နှစ်ခုစလုံးကို သမ္မတအာဏာသုံးပြီး ပယ်ချလိုက်သည်။

ထိုမျှသာမက ကျေးကျွန်စနစ်ကို အပြီးတိုင် ဖျက်သိမ်းသည့်အပြင် ပြင်ဆင်ချက် နည်းဥပဒေအမှတ် ၁၄ ကိုပါ ကန့်ကွက်ကြောင်းထုတ်ဖော်ခဲ့၏။

မည်သို့ပင်ဆိုစေ ကွန်ဂရက်လွှတ်တော်က ပြင်ဆင်ချက်နည်းဥပဒေအမှတ် ၁၄ ကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့လေသည်။

တောင်ပိုင်းဒေသပြည်နယ်များကမူ သမ္မတ၏အထောက်အကူဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်ကို ကန့်ကွက်ကြသည်။ နီးဂရိုးများအား လွတ်လပ်သူများအဖြစ်မှ လျှော့ချရန်၊ ကျေးကျွန်အဖြစ် ပြန်လည်ပြုလုပ်ရန် ပြင်ဆင်ကြသည်။ ပြည်ထောင်စုအစိုးရက ချမှတ်ပေးသည့် နည်းဥပဒေများကို ငြင်းဆန်ကြကာ သူတို့အကြိုက် ပြုလုပ်ကြရန်ဖြစ်သည်။ သမ္မတဂျွန်ဆင် ကိုယ်တိုင်ကလည်း သူတို့ဘက်တော်သား ဖြစ်နေသည်။

ထို့ကြောင့် ကွန်ဂရက်လွှတ်တော်က တောင်ပိုင်းဒေသပြည်နယ်များကို အကျပ်ကိုင်လာရတော့သည်။ စစ်ခရိုင် ၅ ခုအဖြစ် ခွဲခြားဖွဲ့စည်းလိုက်သည်။ ထိုစစ်ခရိုင်များအားလုံးကို စစ်အုပ်ချုပ်ရေးအောက်မှာ ထားရှိသည်။ နီးဂရိုးများကို မဲပေးပိုင်ခွင့်ပေးကာ ယခင်သောင်းကျန်းသူဟောင်း၊ ပြည်ထောင်စုအစိုးရကို ပုန်ကန်ခဲ့ကြသောလူဖြူများ မဲပေးခွင့် ရုပ်သိမ်းပစ်လိုက်သည်။

ပြည်နယ်တိုင်း ပြည်နယ်တိုင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ လွှတ်တော်အစည်းအဝေးများ ပြန်လည်ကျင်းပကြရမည်။ ပြည်ထောင်စုအစိုးရအနေဖြင့် လက်ခံနိုင်မည့် အခြေခံဥပဒေများကို အတည်ပြုပြဋ္ဌာန်းကြရမည်။ ယင်းကဲ့သို့ ပြဋ္ဌာန်းပြီးသောအခါတွင်မှ ပြည်ထောင်စုအတွင်း၌ ပြည်နယ်တစ်ခုအနေဖြင့် ပါဝင်ခွင့်ပေးမည်။ ထိုမျှသာမက ပြင်ဆင်ချက်နည်း ဥပဒေအမှတ် ၁၄ ကို လက်မခံသေးသမျှ ကာလပတ်လုံး မည်သည့်ပြည်နယ်ကိုမှ ပြည်ထောင်စုအတွင်း ပြန်လည်ဝင်ရောက်ခွင့် ပေးမည်မဟုတ်ကြောင်းဖြင့် ဆုံးဖြတ်လိုက်ကြလေသည်။

mgyoe.com

နီးဂရိုးတို့ အမျိုးသားရေး ပြန်လည်တည်ဆောက်မှု ပြုလုပ်နိုင်ရန် လူဖြူ အချင်းချင်း အပြင်းအထန် တိုက်ပွဲဝင်ခဲ့ကြလေသည်။

ဘာသာရေးသမားများကမူ နီးဂရိုးများ လွတ်မြောက်ရေးတစ်ခုတည်း အတွက်သာ ပြင်းပြင်းထန်ထန် အာရုံစော လှုပ်ရှားနေကြသည်မဟုတ်။ နီးဂရိုးများ အတွက် တိကျခိုင်မာသော ပညာသင်ကြားရေးစနစ်တစ်ခုကို ထူထောင်ပေးရေး၊ အမေ ရိကန် လူ့အဖွဲ့အစည်းတွင် နိုင်ငံသားများအဖြစ် တန်းတူရည်တူ အခွင့်အရေးများ အပြည့်အဝရစေရေး စသည်များအတွက်ပါ လှုပ်ရှားဆောင်ရွက်နေကြသည်။

တောင်ပိုင်းပြည်နယ်များ၌ ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သော ကျေးကျွန် ဘဝမှ လွတ်မြောက်လာသူများ ဗျူရိုတွင် ပြည်ထောင်စုကိုယ်စားလှယ်များကို ပါဝင် စေသည်။ နီးဂရိုးများကို ဆေးဝါးများ ထောက်ပံ့သည်။ စာသင်ကျောင်းများ တည် ထောင်ဖွင့်လှစ်ပေးသည်။ နီးဂရိုးအလုပ်သမားများနှင့် လူဖြူအလုပ်ရှင်များကြားတွင် ပေါ်ပေါက်လာသည့် အလုပ်သမားအလုပ်ရှင် ပဋိပက္ခများကို ပါဝင်ဖြေရှင်းပေးသည်။ သို့ရာတွင် ဒေသဆိုင်ရာတရားရုံးပေါင်း မြောက်မြားစွာတွင်လည်းကောင်း၊ ဗျူရိုမှ ကမကထ ပြုလုပ်ပြီး ဖွဲ့စည်းပေးထားသည့် ဝါဏိဇ္ဇ ပဋိပက္ခခုံရုံးများတွင်လည်းကောင်း နီးဂရိုးများအဖို့ တရားမျှတစွာ ဆုံးဖြတ်ခြင်း၊ စီရင်ခြင်းကို မခံကြရဘဲ ဖိနှိပ်နေသည်များ ကို ဗျူရိုအနေဖြင့် မြင်တွေ့နေရလေသည်။

နီးဂရိုးများ ပညာသင်ကြားရေးအတွက် စာသင်ကျောင်းများ တည်ထောင် ဖွင့်လှစ်ပေးသည့် လုပ်ငန်းစဉ်တွင် ဗျူရိုအနေဖြင့် များစွာ အောင်မြင်လေသည်။ ထိုနှစ် များအတွင်းက ဗျူရို၏အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သော နီးဂရိုးအမျိုး သားတို့အတွက် ကောလိပ်ကျောင်းပေါင်း မြောက်မြားစွာ ပေါ်ပေါက်လာခဲ့သည်။ ယင်း ကောလိပ်ကျောင်းများက လွတ်မြောက်ရေးတိုက်ပွဲဝင်သူများ၊ လူ့အခွင့်အရေး တိုက်ပွဲဝင်သူများ အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခဲ့လေသည်။

ဟောင်းဝတ်တက္ကသိုလ်၊ ဟင့်တန်သိပ္ပံ၊ ဖစ်တက္ကသိုလ်၊ ဂျွန်ဆင်စီစမစ် တက္က သိုလ် အစရှိသော တက္ကသိုလ်များကိုလည်း ဆက်လက်ဖွင့်လှစ်ကာ ယနေ့ နီးဂရိုး တော်လှန်ရေးတွင် လျှမ်းလျှမ်းတောက် ပြတ်ပြတ်သားသား တိုက်ပွဲဝင်နေသူများကို မွေးထုတ်ပေးနိုင်ခဲ့သည်။

ကျေးကျွန်ဘဝမှ လွတ်မြောက်လာသူများ ဗျူရိုသည် တောင်ပိုင်းပြည်နယ် များ၌ နီးဂရိုးများဘဝ ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နေကြရင်းဖြင့် တစ်ပါ

mgyo.com

 mgyoe.com


တည်းမှာပင် ရီပတ်ဘလီကင်ပါတီကိုလည်း ပိုမိုကြီးထွားလာစေသည်။ ထောင်ပေါင်းများစွာသော နီးဂရိုးများကို ပါတီတွင်းသို့ စုစည်းသိမ်းသွင်းနိုင်ခဲ့သည်။ ထိုသို့ ရီပတ်ဘလီကင်ပါတီ အင်အားကြီးထွားလာသည်နှင့် တစ်ပြိုင်တည်း စက်မှုလက်မှု လုပ်ငန်းရှင်ကြီးများ ကြီးစိုးနေသည့် မြောက်ပိုင်းရီပတ်ဘလီကင်ပါတီအဖို့ တောင်ပိုင်းဒေသစီးပွားရေးစားကျက်များအတွင်းသို့ ထိုဖောက်ဝင်ရောက်ရန် အခွင့်သာလာ၏။ တောင်ပိုင်းသားများအပေါ် ခေါင်းပုံဖြတ်ရန်၊ စီးပွားရေးအရ အလဲထိုးရန် လမ်းဖြောင့်လာ၏။

ပြည်ထောင်စုအစိုးရ လက်ခံနိုင်လောက်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ ရေးဆွဲရေး ညီလာခံများတွင် နီးဂရိုးအမျိုးသားကိုယ်စားလှယ်များ ပါဝင်လာကြ၏။ သူတို့တာဝန်ကို သူတို့ ကျေပွန်စွာ ထမ်းရွက်ကြ၏။

ပြည်နယ်များတွင်လည်းကောင်း၊ အမျိုးသားရေးရာ ဥပဒေလွှတ်တော်များတွင် လည်းကောင်း အရေးကြီးသော အခန်းကဏ္ဍများ၌ နီးဂရိုးများ ပါဝင်ဆောင်ရွက်လာကြသည်။ သို့သော် တစ်စုံတစ်ရာသောပြည်နယ်မှ နီးဂရိုးတို့၏ အုပ်ချုပ်မှုလက်အောက်သို့ ရောက်မလာချေ။ လူဖြူများ၏ လက်တွင်းမှာသာ ရှိနေ၏။ နီးဂရိုးများအနေဖြင့် အရေးပါအရာရောက်သော အပိုင်းအဆင့်များ၌ ပါဝင်ဆောင်ရွက်ခွင့် ရနေသော အဆင့်မျှသာ ရှိသေးသည်။

ပြည်ထောင်စုတပ်များသည် တောင်ပိုင်းပြည်နယ်များတွင် တပ်စွဲကာ အုပ်ချုပ်နေ၏။ ပြည်ထောင်စုအစိုးရက လူသားဆန်သော ကိုယ်ချင်းစာတရား အပြည့်အဝပါသော ဥပဒေများကို အတည်ပြုပေးနေ၏။

သို့သော် တောင်ပိုင်းသားတို့ကား နီးဂရိုးဆန့်ကျင်ရေး၊ အသားအရောင်ခွဲခြားရေး၊ အဆင့်အတန်း ခွဲခြားရေးများကို လုံးဝစွန့်လွှတ်ခြင်းမရှိ။ မြဲမြဲမြံမြံ စွဲကိုင်ကာ ခုခံနေဆဲ၊ တင်းမာနေဆဲပင် ရှိသည်။

ထိုနှစ်များမှာပင် အယူသည်း တောင်ပိုင်းသားလူဖြူများက ကူကလပ်ကလန် အသင်းကို လျှို့ဝှက်စွာ ဖွဲ့စည်းလိုက်ကြသည်။ ယင်း ကူကလပ်ကလန် (ကေသုံးလုံး) အသင်းသည် အကြမ်းဖက်ရေးလုပ်ငန်းများကိုသာ ဖောက်ချလုပ်ကြ၏။ နီးဂရိုးများကိုလည်းကောင်း၊ မြောက်ပိုင်းသားလူဖြူများကို လည်းကောင်း နည်းမျိုးစုံဖြင့် အကြမ်းဖက် တိုက်ခိုက်ကြလေသည်။ သတ်ဖြတ်ကြသည်။ လုယက်ကြသည်။ ခြိမ်းခြောက်ကြသည်။ နီးဂရိုးအမျိုးသမီးများကို မုဒိမ်းကျင့်ကြသည်။

ထိုနည်းဖြင့် တောင်ပိုင်းသားများ တစ်စတစ်စ အင်အားပြန်ကောင်းလာမြန်

mgyoe.com

mgyoe.com


၏။ ဒီမိုကရက်တစ်ပါတီ အင်အားပြန်ကြီးထွားလာပြန်၏။ ရီပတ်ဘလီကင်ပါတီဝင်များမှာ နည်းမျိုးစုံဖြင့် အကြမ်းဖက် နှောင့်ယှက်ခြင်းကို ခံနေကြရပြန်၏။

၁၈၇၀ ခုနှစ်သို့ ရောက်သောအခါတွင် ဗာဂျီးနီးယားပြည်နယ်နှင့် မြောက်ပိုင်းကာရိုလီနာတို့သည် ဒီမိုကရက်တစ်များလက်တွင်းသို့ ကျရောက်သွားတော့သည်။ နီးဂရိုးများကို မဲရုံအနီးများမှ မောင်းထုတ်ပစ်ကြသည်။ နီးဂရိုးများကို မဲပေးခွင့်မပေးဘဲ ထားလိုက်ကြသည်။ တစ်ဆက်တည်းမှာပင် တောင်ပိုင်းဒေသ တစ်ပါတီစနစ်ကို ထူထောင်ကြလေတော့သည်။ ထိုမျှသာမက ၁၈၇၀ ပြည့်နှစ် မတ်လတွင် အတည်ပြုလိုက်သည့် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်၏ နည်းဥပဒေပြင်ဆင်ချက် အမှတ် ၁၅ သည်လည်း နီးဂရိုးများအား မဲပေးပိုင်ခွင့်ကို မပေးစွမ်းနိုင်တော့ချေ။

တောင်ပိုင်းဒေသတွင် တာဝန်ယူလာကြသည့် ရီပတ်ဘလီကင် ခေါင်းဆောင်သစ်များကလည်း နီးဂရိုးများပြဿနာထက် စက်မှုလက်မှုလုပ်ငန်းများကိုသာ စိတ်ဝင်စားနေကြတော့သည်။ သူတို့၏ အကျိုးကျေးဇူးရှိရေးကိုသာ အာရုံစူးစိုက်နေကြတော့သည်။

ယင်းပြဿနာများသည် ၁၈၇၆ ခုနှစ် သမ္မတရွေးကောက်ပွဲသို့ ရောက်သောအခါ ခေါင်းမီးတောက်လာတော့သည်။

လူမျိုးစု ပြန်လည်တည်ဆောက်မှု လုပ်ငန်းကြီးကို ရပ်ဆိုင်းပစ်မည်ဟု ဒီမိုကရက်တစ်များက ကြွေးကြော်ပြီး ရွေးကောက်ပွဲ မဲဆွယ်ကြသည်။

ရီပတ်ဘလီကင် ပါတီဝင်များမှာ နှစ်ခြမ်းကွဲနေကြ၏။ တစ်ခြမ်းက တောင်ပိုင်းဒေသပြည်နယ်များတွင် တပ်စွဲထားသော ပြည်ထောင်စုစစ်တပ်များကို ပြန်လည်ရုပ်သိမ်းပစ်ချင်သည်။ နောက်တစ်ခြမ်းကမူ တစ်ချိန်က ဆူပူသောင်းကျန်းခဲ့သည့် ပြည်နယ်များကို ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးလက်အောက်မှာပင် ထားရှိလိုသည်။

ရုသာဖို့ဟေးကို သမ္မတလောင်းအဖြစ် ရွေးချယ်ရေးအတွက်ပင် ရီပတ်ဘလင်ကင်ပါတီတွင်း၌ အငြင်းပွားခဲ့ကြရ၏။ နောက်ဆုံးတွင် ရွေးကောက်ပွဲကော်မရှင်၏ ဖြေရှင်းပေးချက်အရ ဟေးကိုပင် ရီပတ်ဘလီကင်ပါတီ သမ္မတလောင်းအဖြစ် လက်ခံလိုက်ကြရသည်။

ရွေးကောက်ပွဲ ပြုလုပ်သောအခါတွင်လည်း ဟေးသည်ပင်လျှင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရလေသည်။ တောင်ပိုင်းဒေသပြည်နယ်များတွင် တပ်စွဲနေသည့် ပြည်ထောင်စုစစ်တပ်များကို ပြန်လည်ရုပ်သိမ်းပေးမည်ဟု ဟေးက ကတိ

mgyoe.com

ပြုသည်။ ထို့ကြောင့် တောင်ပိုင်းဒေသဒီမိုကရက်တစ် ပါတီဝင်များက ဟေးကို ထောက်ခံလိုက်ကြလေသည်။ ဟေးကလည်း ၎င်း ကတိပေးခဲ့သည့်အတိုင်း စစ်တပ်များကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

သို့ဖြင့်ပင် အခြေခံပြန်လည်တည်ဆောက်ရေး လုပ်ငန်းကြီးမှာလည်း အဆုံးသတ်ခဲ့ရလေတော့၏။ နီးဂရိုးများ၏ ဘဝမှာလည်း ဆိုးရွားခဲ့ရလေတော့၏။

နီးဂရိုးများ မဲမထည့်တတ်အောင်၊ မဲပေးနည်းကို နည်းမျိုးစုံဖြင့် ရှုပ်ထွေးအောင် လုပ်၍ ကလိမ်ကျခဲ့သည်။ ၁၈၈၂ ခုနှစ် ရွေးကောက်ပွဲသို့ ရောက်သောအခါ ရှုပ်ထွေးလှသော ယင်းစနစ်ကို အသုံးပြုသဖြင့် နီးဂရိုးတို့ မဲပေးခွင့် ဆုံးရှုံးကြရပြန်သည်။ နီးဂရိုးများသည် စာဖတ်တတ်သူများ မဟုတ်ကြ။ ထို့ကြောင့် မဲရုံအတွင်း ရောက်သောအခါ မည်သည့်ပုံးက မည်သူ့အတွက်ဟု ပြောပြခဲ့ရသည်။ ယခု စနစ်အရ မဲရုံအတွင်းသို့ မဲထည့်ရန်ဝင်သွားသောသူကို မည်သူမှ စကားပြောခွင့်မရတော့ချေ။ ထို့ကြောင့် နီးဂရိုးတို့၏ နိုင်ငံရေးအင်အားမှာ ကျဆင်းသွားရ၏။

သို့သော် နီးဂရိုးများ မဲပေးခွင့်ကို ပြန်လည်ရရှိလာသည်။ တောင်ပိုင်းသားလူဖြူတို့သည် နီးဂရိုးတို့၏ဘဝနှင့် အခွင့်အရေးများကို ဖျက်ဆီးရင်းဖြင့် သူတို့ပါ ပျက်စီးလာတော့၏။

၁၈၇၀ ခုနှစ်မှစပြီး စီးပွားပျက်ကပ်တစ်ခု ဆိုက်ရောက်ပြန်လေရာ ဆင်းရဲသောလူဖြူများနှင့် မြေယာနှင့်လုပ်ငန်းကိုင်ငန်း အနည်းငယ်မျှသာ ပိုင်ဆိုင်ကြသည့် လူဖြူလုပ်ငန်းရှင်ကလေးများကို များစွာ အကျပ်ရိုက်စေသည်။ စီးပွားပျက်ကပ်အတွင်း၌ လူဖြူခနရှင်ကြီးများ၊ လုပ်ငန်းရှင်ကြီးများအဖို့ မထောင်းတာလှသော်လည်း ဆင်းရဲသော၊ မပြည့်စုံသော၊ လူဖြူလုပ်ငန်းရှင်ကလေးများ အတွက်မူ များစွာ ထိခိုက်စေသည်။

၁၈၇၃ ခုနှစ်သို့ ရောက်လာသောအခါ ဆင်းရဲသော လူဖြူ ထောင်ပေါင်းများစွာတို့သည် ၎င်းတို့၏လက်ဝယ်ရှိ မြေယာကလေးများ ဆုံးရှုံးကုန်ရလေတော့သည်။ မြေကွက်ကလေးများအားလုံး အရင်းရှင်ကြီးများလက်သို့ ထိုးအပ်ရသည့်အခြေသို့ ဆိုက်ရောက်လာလေသည်။ ထိုကစပြီး ချမ်းသာသော မြေပိုင်ရှင်၊ စက်မှုလုပ်ငန်းရှင်၊ ခနရှင်ကြီးများနှင့် ဆင်းရဲသောလူဖြူများ၏ကြားတွင် ကြီးမားသည့် စီးပွားရေးပဋိပက္ခကြီး ပေါ်ပေါက်ခဲ့လေတော့သည်။

စီးပွားရေးအခြေသာလာသည်နှင့် တစ်ပြိုင်တည်း နိုင်ငံရေးတွင်လည်း အပေါ်
mgyoe.com

mgyoe.com


စီးရလာကြ၏။ ဒီမိုကရက်တစ်ပါတီတွင် ဓနရှင်ကြီးများ ဦးစီးလာသည်။ ပါတီ၏ အရေးပါအရာရောက်သည့် နေရာများအားလုံး ဓနရှင်ကြီးများလက်တွင်းသို့ ကျရောက်သွားသည်။ စီးပွားရေးအပိုင်းတွင် လည်းကောင်း၊ နိုင်ငံရေးအပိုင်းတွင် လည်းကောင်း သူတို့စိတ်တိုင်းကျ ခြယ်လှယ်နိုင်ကြလေတော့သည်။ စီးပွားပျက်ကပ်ကြောင့် ဆားကျပ်နံကျပ်ဖြစ်နေသော လူဖြူဆင်းရဲသားများအပေါ်တွင် ထင်တိုင်းကျင့်လာသည်။

ယင်းသို့သောအခါတွင် ထောင်ပေါင်းများစွာသော လူဖြူတောင်ယာသမားများကို ဒီမိုကရက်တစ်ပါတီတွင်းသို့ ဆွဲသွင်းပြီး နီးဂရိုးများနှင့် မဟာမိတ်ပြုလုပ်ကာ ဓနရှင်ကြီးများအား တိုက်ထုတ်ပစ်ရန် အကြောင်းပေါ်လာလေသည်။ ထိုသို့ ဆင်းရဲသူများ စည်းလုံးညီညွတ်ရေးရခြင်းဖြင့် ဓနရှင်ကြီးများကို ပါတီတွင်းမှ မောင်းထုတ်နိုင်မည်။ စီးပွာရေးနယ်ပယ်တွင် ထိန်းချုပ်ထားနိုင်မည်ဟု ခန့်မှန်းကြသည်။

သို့ဖြင့်ပင် လူဖြူဆင်းရဲသားများက အခြေခံတောင်သူလယ်သမားများ အဖွဲ့အစည်းများကို ဖွဲ့စည်းကြလေသည်။ ယင်းအဖွဲ့အစည်းများသို့ နီးဂရိုးများကို ဝင်ခွင့်မပေးချေ။ သို့သော်လည်း အလားတူအဖွဲ့အစည်းများကို နီးဂရိုးများချည်းသက်သက် ဖွဲ့စည်းရန် အားပေးလေသည်။ နီးဂရိုးတောင်သူလယ်သမားများ မဟာမိတ်အဖွဲ့ကို နီးဂရိုးတို့က ဖွဲ့စည်းကြရသည်။ လူဖြူအခြေခံ တောင်သူလယ်သမားအဖွဲ့နှင့် နီးဂရိုးတောင်သူလယ်သမား မဟာမိတ်အဖွဲ့တို့ ပူးပေါင်းပြီး မြေပိုင်ရှင်ကြီးများ၊ ဓနရှင်ကြီးများကို ဆန့်ကျင်ကြသည်။ နိုင်ငံရေးအာဏာများကို ဓနရှင်ကြီးများဘက်မှ ပြန်လည်ရယူနိုင်ရန် ကြိုးစားကြသည်။

ထိုကစပြီး ၁၈၉၂ ခုနှစ် ရွေးကောက်ပွဲ၌ နီးဂရိုးများမဲပေးပိုင်ခွင့်ကို ပြန်လည်ရရှိလာသည်ဟုဆိုရချေမည်။ နီးဂရိုးတို့၏ မဲအင်အားကိုအခြေခံပြီး အာဏာလက်ရှိသူများအား ဖြုတ်ချရန် ကြိုးစားလာကြသည်။ ယခင်က နီးဂရိုးများကို မဲပေးခွင့်မပြုသည့် နယ်များ၊ မဲပေးခွင့်ပြုသော်လည်း မဲမပေးနိုင်အောင် နည်းမျိုးစုံဖြင့် ဟန့်တားထားခဲ့သည့် နယ်မြေများမှာပင်လျှင် နီးဂရိုးများကို မဲပေးခွင့်ပြုလာလေသည်။

ဒီမိုကရက်တစ်ပါတီဝင်တို့သည် နီးဂရိုးများ မဲပေးနိုင်ခွင့်ကို ယခင်က တစ်စဉ်တစ်စိုက်တည် ငြင်းခဲ့ကြ၏။ ယခု ၁၈၉၂ ခုနှစ် ရွေးကောက်ပွဲသို့ ရောက်သောအခါတွင် သူတို့ပင်လျှင် အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး နီးဂရိုးများကို ချဉ်းကပ် မျက်နှာချိုသွေးသည်။ မဲရုံရှိရာသို့ နီးဂရိုးများကို ယာဉ်မျိုးစုံဖြင့်ခေါ်ဆောင်သွားပြီး ၎င်းတို့အား ထောက်ခံမဲပေးစေသည်။

mgyoe.com

 mgyoe.com 

ဒီမိုကရက်တစ်မဲများကို ကိုင်ဆောင်ပြီး ဒီမိုကရက်တစ်များအား မဲပေးရန် နီးဂရိုးတို့က ငြင်းဆန်သောအခါတွင် ဒီမိုကရက်တစ်ပါတီဝင်တို့က ရန်းရင်းဆန်ခတ်မှုများ၊ အကြမ်းဖက်မှုများကို ဖန်တီးပြန်သည်။ ၁၈၇၂ ခုနှစ် ရွေးကောက်ပွဲတွင် ဂျော်ဂျီယာပြည်နယ်တစ်ခုတည်းမှာပင် နီးဂရိုးပေါင်း ၁၅ဦး အသတ်ခံလိုက်ရသည်။

ထိုမှတစ်ဆင့် နယ်မြေအများအပြားသို့ ပျံ့နှံ့သွားပြီး ဗာဂျီးနီးယားနှင့် မြောက်ကာရိုလီနားနယ်များ၌ လူမျိုးရေးအဓိကရုဏ်းကြီးများ ဖြစ်ပွားရသည်။

၁၈၇၂ ခုနှစ်မှ ၁၈၇၅ ခုနှစ်အထိ တိုတောင်းသည့် အချိန်ကာလအတွင်းမှာပင် တောင်သူလယ်သမား တော်လှန်ရေးသည် နိုင်ငံရေးအာဏာအချို့ကို ပြန်လည်ရရှိစေခဲ့သည်။ နီးဂရိုးများအနေဖြင့်လည်း တောင်ပိုင်းဒေသပြည်နယ်အများအပြားတွင် နိုင်ငံရေးအခြေခိုင်မှုများကို ရရှိလာသည်။

"တောင်ပိုင်းဒေသတွင် လူဖြူလူမည်းနှစ်အုပ်စုတို့သည် ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမှ လက်ပွန်းတတီး ပူးပူးကပ်ကပ် မရှိခဲ့ကြ။ ပူးတွဲဆောင်ရွက်မှု မရှိခဲ့ကြ။ ယခု လူဖြူနှင့်လူမည်းတို့ အတူတကွ နီးနီးကပ်ကပ် ပူးတွဲဆောင်ရွက်လျက် ရှိကြချေပြီ" ဟု အမေရိကန်သမိုင်းပညာရှင် ပါမောက္ခဝုဒ်ဝဒ်က ပြောသည်။

မည်သို့ပင်ဆိုစေ၊ လူဖြူလူမည်း ညီညွတ်ပူးပေါင်းမှုသည်ကား ကာလမရှည်ကြာပါ။ အရင်းရှင်ကြီးများကို ပူးပေါင်းတော်လှန်ကြသည့် တော်လှန်ရေးသည်ကား တာရှည်ညီညွတ်ရေးကို ရမနေပါ။

၁၈၉၄ ခုနှစ်မှာပင် လူဖြူလူမည်း တောင်သူလယ်သမားတို့၏ ပူးပေါင်းတော်လှန်ရေးကြီး ပြိုကွဲရတော့သည်။

နိုင်ငံရေးအာဏာ အချို့အဝက်နှင့် လယ်ယာမြေအတော်အသင့် ပြန်ရလာကာ စီးပွားရေးအတန်ငယ် ချောင်လည်လာပြီဖြစ်သည့် လူဖြူများသည်၊ နီးဂရိုးများကို ပယ်ထုတ်လာကြပြန်သည်။ အသားအရောင်တူသော လူဖြူများနှင့် ပြန်ပေါင်းထုတ်လာကြသည်။ နီးဂရိုးများကို လူမျိုးခွဲခြားမှုအခြေခံ၊ အသားအရောင်ခွဲခြားမှု အခြေခံ၊ ကျေးကျွန်ဟောင်းတည်းဟူသော အဆင့်အတန်းခွဲခြားမှု အခြေခံများဖြင့် စွန့်ပယ်လာသည်။

ထို့ကြောင့်လည်း လူဖြူလူမည်း တောင်သူလယ်သမား တော်လှန်ရေးကြီးသည် ၁၈၉၄ ခုနှစ်မှာပင် ပြိုကွဲသွား၏။

လူဖြူတောင်သူလယ်သမားများသည် ၎င်းတို့အခြေအနေ မကောင်းချိုက်

mgyoe.com

mgyoe.com


မှာပင် နီးဂရိုးများကို ယာယီမဟာမိတ် ပြုလုပ်ကြ၏။ ခုတုံးသဖွယ် သဘောထားကြ၏။ အခြေအနေ အတန်ငယ်ကောင်းလာသည်နှင့် တစ်ပြိုင်တည်း နီးဂရိုးများကို ကျောခိုင်းကာ လူဖြူအရင်းရှင်ကြီးများ၊ စက်မှုလုပ်ငန်းရှင်ကြီးများနှင့် ပြန်လည်ပူးပေါင်းသွားကြခြင်း ဖြစ်လေသည်။

နီးဂရိုးများကို ပေးအပ်ရမည်ဖြစ်သော လူမှုအခွင့်အရေးများ တန်းတူရည်တူ ဆက်ဆံရေးများ ငြင်းဆန်လာကြသည်။ ယုတ်ညံ့သူများ၊ ပညာမတတ်သူများ၊ အဆင့်အတန်းနိမ့်သူများအဖြစ် ရှုတ်ချကာ အသိုက်အဝန်းချင်း ခွဲခြားလာသည်။ အခွင့်အရေးချင်း ခွဲခြားလာသည်။ အတူမနေရေး၊ အတူမစားရေး၊ အတူအလုပ်မလုပ်ရေးများ ပြုလုပ်လာကြသည်။ နီးဂရိုးများနှင့် သီးခြားပြုလုပ်လာကြသည်။

ထိုအခါမှစပြီး အသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုများသည် အမေရိကန်ပြည် တောင်ပိုင်းဒေသပြည်နယ်များတွင် ပျံ့နှံ့ကာ အခြေခိုင် ကြီးထွားလာတော့၏။

၁၈၉၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က "သီးခြားဖြစ်သော်လည်း တန်းတူရည်တူရေး" ကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းခဲ့ရသည်။

နီးဂရိုးများနှင့် လူဖြူတို့သည် လူမှုအဆောက်အအုံချင်းအရ တသီးတခြားစီ ဖြစ်နေကြပါ၏။ သို့သော် နီးဂရိုးများသည်လည်း အမေရိကန်ပြည်ထောင်စုသားများပင် ဖြစ်လေရာ၊ လူဖြူတို့နှင့်အတူ နေရာတကာတွင် တန်းတူရည်တူ အခွင့်အရေးရရှိစေရမည်ဟု ဆိုလိုသည်။ နီးဂရိုးတို့၏ လူမှုအခွင့်အရေးများကို အသိအမှတ်ပြုကာ အပြည့်အဝပေးနိုင်ရေးအတွက် ပြဋ္ဌာန်းသော ဥပဒေပင်ဖြစ်သည်။

သို့သော် ဥပဒေအနေဖြင့် "သီးခြားဖြစ်သော်လည်း တန်းတူရည်တူရေး" ကို အတိအလင်း ပြဋ္ဌာန်းပေးလင့်ကစား လက်တွေ့အမှန်တကယ် ဖြစ်ပေါ်နေသည့် အခြေအနေကား "သီးခြားဖြစ်နေရုံမျှမက တန်းမတူ ရည်မတူရေး" သာလျှင် ဖြစ်လေသည်။

နေရာတကာတွင် နီးဂရိုးတို့၏ လူမှုအခွင့်အရေးများ ဆုံးရှုံးလျက်ရှိနေချေပြီကော။

□

mgyoe.com

mgyoe.com

အခန်း(၇)

## ကျွန်ဘဝသို့ ပြန်ပို့ခြင်း

တောင်ပိုင်းဒေသများတွင် ပြည်တွင်းစစ် ပြီးဆုံးသောကာလမှ စပြီး နီးဂရိုးများ၏ဘဝသည် တစ်မျိုးတစ်ဖုံ ပိုမိုဆိုးရွားလာရပြန်၏။ အစိုးရက တရားဥပဒေများ ပြုလုပ်ကာ နီးဂရိုးများ၏ အခွင့်အရေးများကို အသိအမှတ်ပြု၏။ နီးဂရိုးတို့၏ဘဝ လုံခြုံရေးကို ဖန်တီး၏။

သို့လင့်ကစား ကျေးကားကျေး၏မဝ၊ ပေးကားပေး၏မရ ဟူသကဲ့သို့ လူဖြူများက နီးဂရိုး လူမှုအခွင့်အရေးများကို ငြင်းဆန်နေကြသောကြောင့် နီးဂရိုးတို့၏ဘဝသည် မျောက်လောင်းဘဝမှ တိုးတက်လာသည်ဟူ၍ မရှိပေ။

ပြည်တွင်းစစ်သည် ၁၈၆၅ ခုနှစ် ဧပြီလအတွင်းမှာပင် ပြီးဆုံးသွားပြီဟု ဆိုသည်။ တကယ်တမ်းဆိုလျှင်ကား ပြည်တွင်းစစ် မပြီးဆုံးသေးဟု အခိုင်အမာဆိုနိုင်သည်။

တောင်ပိုင်းသားနှင့် မြောက်ပိုင်းသားတို့ဆင်နွှဲကြသည့် ပြည်တွင်းစစ်၊ တောင်ပိုင်းပြည်နယ်များနှင့် ပြည်ထောင်စုအစိုးရတို့ ဆင်နွှဲကြသည့် ပြည်တွင်းစစ်၊ တောင်ပိုင်းသား ကျေးပိုင်ကျွန်ပိုင်များနှင့် နီးဂရိုးကျေးကျွန်တို့ ဆင်နွှဲကြသော ကျေးကျွန်ဘဝ

mgyoe.com

mgyoe.com


လွတ်မြောက်ရေး ပြည်တွင်းစစ်စသည့် အသွင်သဏ္ဌာန်များပြားလှစွာသော ပြည်တွင်းစစ်များ ၁၈၆၅ ခုနှစ်တွင် ပြီးဆုံးခဲ့သည်ဟု ဆိုနိုင်ပါ၏။

သို့သော် အသားအရောင်ခွဲခြားသော လူကို လူ့အခွင့်အရေး မပေးလိုသော လူဖြူများနှင့် လူသားအဖြစ် ရသင့်ရထိုက်သည့် လောကပါလတရားများ၊ လူ့အခွင့်အရေးများကို တောင်းဆိုနေကြသည့် နီးဂရိုးများ ဆင်နွှဲကြသည့် စစ်ပွဲကား မပြီးဆုံးသေးချေ။ ယနေ့ထက်တိုင်အောင်လည်း ပြီးဆုံးခြင်း မရှိသေးချေ။

ကျေးကျွန်စနစ်သည် ၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တရားဥပဒေအရ ပပျောက်သွားပြီဟု ဆိုနိုင်၏။

တကယ်တမ်း လက်တွေ့ဘဝတွင်မူ နီးဂရိုးတို့အား ကျွန်ပြုသောစနစ်ကြီးသည် ပျောက်ကွယ်၍ မသွားသေးချေ။ အသွင်သဏ္ဌာန်နည်းမျိုးစုံဖြင့် ကြွင်းကျန်လျက်ပင် ရှိသေးသည်။ ထို့ကြောင့် မပြီးဆုံးနိုင်သေးသော ပြည်တွင်းစစ်ပွဲများကို တောင်ပိုင်းပြည်နယ်များတွင် ဆက်လက်ဆင်နွှဲနေရသေးဆဲပင် ရှိသည်။ ကျေးကျွန်ဘဝမှ လွတ်မြောက်လာကြသည့် နီးဂရိုးများကို ကျေးကျွန်များဘဝသို့ ပြန်လည်သွတ်သွင်း ပို့ဆောင်လျက်ပင် ရှိသေးသည်။

ပြည်တွင်းစစ်ဖြစ်ပွားသည်မှစပြီး တောင်ပိုင်းပြည်နယ်များ၌ တရားလက်လွတ်ပြုလုပ်မှုများ တစ်စဉ်တစ်စိုက်တည်း ပေါ်လာခဲ့သည်။ တရားဥပဒေချိုးဖောက်မှုများ ထာဝရတည်ရှိနေခဲ့သည်။ ထိုသို့ တရားဥပဒေမဲ့မှုများ ပေါ်ပေါက်လာသည်မှစကာ နီးဂရိုးများအပေါ်တွင်လည်း ထင်တိုင်းခြယ်လှယ်နိုင်ခဲ့သည်။

နီးဂရိုးတို့သည် တရားဥပဒေပြဋ္ဌာန်းချက်အရ ကျေးကျွန်များအဖြစ်မှ လွတ်မြောက်လာကြလင့်ကစား အလုပ်မဲ့အကိုင်မဲ့ ပညာမဲ့ဖြင့် ဒုက္ခပင်လယ်ဝေခဲ့ရသည်။ ယင်းနီးဂရိုးများကို အလုပ်သမားများအသွင်သဏ္ဌာန်ဖြင့် မဝရေစာလုပ်ခကိုပေးကာ စေခိုင်းသည့် အရင်းရှင်များပေါ်လာသည်။ နီးဂရိုးများအပေါ်၌ ရက်ရက်စက်စက် လူလူချင်း ခေါင်းပုံဖြတ်သည့် အရင်းရှင်လူတန်းစားသစ်တစ်ခု ပေါ်လာသည်။

ဆင်းရဲသော လူဖြူများ၊ စားရမဲ့သောက်ရမဲ့ လူဖြူများနှင့် နီးဂရိုးများမှာ အလုပ်လက်မဲ့ပြဿနာနှင့် ရင်ဆိုင်ကြရသည်။ အလုပ်လက်မဲ့ဖြစ်နေကြသည့် နီးဂရိုးနှင့် လူဖြူများ အလုပ်ရရှိရေး ကြိုးပမ်းကြရာမှ အလုပ်လုမှုများ၊ အကြမ်းဖက်မှုများ၊ အဓိကရုဏ်းများ၊ လူမျိုးရေးခွဲခြားမှုများ၊ အသားအရောင်ခွဲခြားမှုများ ဆက်တိုက်ပေါ်ပေါက်လာသည်။

mgyoe.com

mgyoe.com

လူဖြူမြေပိုင်ရှင်ကြီးများနှင့် အရင်းရှင်ကြီးများက လူဖြူဆင်းရဲသားများနှင့် ပူးပေါင်းကာ နီးဂရိုးများကို နည်းမျိုးစုံဖြင့် ထိုးနှက်လာသည်။ လျှို့ဝှက်အကြမ်းဖက် အဖွဲ့များနှင့် အကြမ်းဖက်လာသည်။ လူမျိုးရေးမုန်းတီးမှုကြီးကို ဖန်တီးတည်ဆောက် လာကြသည်။ နီးဂရိုးများကို မိမိတို့၏လုပ်ငန်းခွင်များတွင် မတရားခြိမ်းခြောက်ကာ မသေရုံထမင်းကျွေးပြီး ခိုင်းစေမှုများ ပေါ်ပေါက်လာသည်။

ထိုအခါမှာပင် ပြည်တွင်းစစ်ကာအတွင်းက ဖွဲ့စည်းခဲ့သောလူဖြူတို့၏ ကူကလပ်ကလန် အကြမ်းဖက်ရေးလျှို့ဝှက်အဖွဲ့သည် ခေါင်းထောင်ထလာပြန်၏။ နီးဂရိုးများကို တွေ့ရာသင်္ချိုင်း စားမဆိုင်းဘဲ အကြမ်းဖက် သတ်ဖြတ်လာကြ၏။ အနိုင်ကျင့်လာကြ၏။ ဆိုးရွားနေသော အခြေအနေများကို ထိန်းသိမ်းရန် ခက်ခဲခဲ့ သည်။ ရှုပ်ထွေးနေသည့် အဖြစ်အပျက်များကို ဖြေရှင်းရန်ခက်ခဲခဲ့သည်။

စစ်တစ်ခုကို ရပ်စဲရန်မှာ များစွာခက်လှသည်။ ပြည်တွင်းစစ်တစ်ခုကို ရပ်စဲရန် မှာမူ သာမန်စစ်တစ်ခုကို ရပ်စဲရသည်ထက် နှစ်ဆမက ပိုမိုခက်ခဲလေသည်။

လူတို့သည် ဥပဒေကို ကျောခိုင်းသောအကျင့်၊ အကြမ်းဖက်သောအကျင့်၊ လူသတ်သောအကျင့်၊ ရာဇဝတ်မှုများ ကျူးလွန်သောအကျင့်၊ လူနေမှုအဆောက်အအုံ ကြီးကို ဖျက်ဆီးသောအကျင့် စသည်ဖြင့် အကျင့်ဆိုးပေါင်း သောင်းခြောက်ထောင်ကို ရှည်လျားသည့် ပြည်တွင်းစစ်ကာလ၌ ရရှိခဲ့ကြ၏။ လေ့ကျင့်ခဲ့ကြ၏။ အကျင့်ဆိုးများ ပြုလုပ်ရသည်မှာ အသားကျနေကြ၏။

ထိုအကျင့်ဆိုးများကို ဖျောက်ဖျက်ပစ်ရန်မှာ မလွယ်ကူလှချေ။ ကောင်းသော အကျင့်ကို ဖျောက်ဖျက်ပစ်ရန် လွယ်ကူသလောက် ဆိုးသောအကျင့်ကို ဖျောက်ဖျက် ပစ်ရန် များစွာခက်ခဲလှသည်မှာ လောကနိယာမတရားပင် ဖြစ်လေသည်။ ယင်းသို့ အကျင့်ဆိုးများနှင့် နှစ်ကာလကြာရှည်လေးမြင့်စွာ အသားကျနေကြသည့် လူများကြား တွင် ပြည်တွင်းစစ်တစ်ခုကို ရပ်စဲပြီး ငြိမ်းချမ်းရေး တည်ဆောက်ရန်ဟူသည်မှာ များစွာ ခက်ခဲလှချေသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖြစ်ပွားကြသည့်စစ်ကို လည်းကောင်း၊ ကမ္ဘာနှင့်ချီ၍ ဖြစ်ပွားကြသည့် ကမ္ဘာစစ်ကိုလည်းကောင်း ရပ်စဲရသည်မှာ လွယ်ကူဖွယ်ရာ အကြောင်း ရှိသေး၏။

နိုင်ငံတစ်နိုင်ငံအတွင်း၌ အချင်းချင်း ခင်းကြသည့်စစ်ကို ရပ်စဲရန်မှာ ခက်ခဲ လွန်းလှပါသည်။ ငြိမ်းချမ်းရေးရရှိပြီးသောအခါ ပြည်တွင်းစစ် ဆင်နွှဲခဲ့ကြသည့် နှစ်ပက္ခ

mgyoe.com

mgyoe.com

တို့သည် တစ်နည်းမဟုတ်တစ်နည်းဖြင့် မျက်နှာချင်းဆိုင်နေကြရမည်သာ ဖြစ်သည်။ ထိုအခါတွင် တစ်ချိန်က ငြိုးသူရန်ဘက်များဖြစ်ကြလေရာ အာဃာတတရားများကို သင်ပုန်းချေနိုင်ကြဖို့ များစွာခက်ခဲလှလေသည်။ သို့ဖြင့်ပင် အကြမ်းဖက်မှုများသော်လည်းကောင်း၊ အငြင်းပွားမှုများသော် လည်းကောင်း ပြန်လည်ပေါ်ပေါက်လာကာ နောက်ထပ်ပြည်တွင်းစစ်တစ်ရပ်ကို ထပ်မံဆင်နွှဲမိလျက်သား ရှိနေတတ်ကြချေသည်။

ယခုလည်း အမေရိကန်တောင်ပိုင်း ပြည်နယ်များတွင် အလားတူအဖြစ်အပျက်မျိုးနှင့် ရင်ဆိုင်နေရချေသည်။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းအဆိုင်ခက်ရာမှ၊ အာဃာတတရားများကို သင်ပုန်းမချေနိုင်ကြရာမှ မငြိမ်သက်မှုများ၊ အကြမ်းဖက်မှုများသည် တစ်စဉ်တစ်စိုက်တည်း ဆက်လက်ဖြစ်ပွားနေကြရလေသည်။

အဆိုးဆုံးမှာ ကူကလပ်ကလန်အသင်းပင် ဖြစ်လေသည်။ ယင်းအသင်းဝင်တို့သည် နီးဂရိုးများအပေါ်တွင် မကျေနိုင်အောင် မုန်းတီးရွံ့ရှာနေကြ၏။ တန်းတူရည်တူအခွင့်အရေးမပေးနိုင်အောင် ကဲကဲဆတ် ဖြစ်နေကြ၏။ လူ့အခွင့်အရေးမှန်သမျှ ရုပ်သိမ်းပစ်ရန် ဦးမလေးသူများ ဖြစ်နေကြ၏။

ထို့ကြောင့်လည်း စီးပွားပျက်ကပ်၏ ဒဏ်ရာဒဏ်ချက်များ၊ လွတ်လပ်သောလူ့အဖွဲ့အစည်းကို တည်ထောင်ရန် မပြင်ဆင်ရသေးမီ ကျေးကျွန်ဘဝမှ လွတ်မြောက်လာသောကြောင့် ဘဝအာမခံချက် မရှိမှုများ၊ အလုပ်မဲ့၊ အကိုင်မဲ့၊ စားရမဲ့၊ သောက်ရမဲ့၊ မြေမဲ့၊ ယာမဲ့ဖြစ်နေမှုများအပေါ်တွင် ကူကလပ်ကလန်အသင်းဝင်များက အခွင့်ကောင်းယူကြလေတော့သည်။

ထိုကာလ အဖြစ်အပျက်များနှင့်ပတ်သက်၍ ၃၉ ကြိမ်မြောက် ကွန်ဂရက်လွှတ်တော် ပထမအစည်းအဝေးသို့ တင်သွင်းသော၊ ဆိနိတ်အမတ်ကားလ်ရှတ်ဇ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကောက်နုတ်ချက်ကိုကြည့်လျှင် မည်မျှဆိုးရွားကြောင်း သိသာနိုင်လေသည်။

> "စိုက်ပျိုးခင်းပိုင်ရှင်ကြီးအချို့သည် ၎င်းတို့၏ နီးဂရိုးကျေးကျွန်ဟောင်းများကို စိုက်ပျိုးခင်းများသို့ ပြန်လာရန် ဆွဲဆောင်ကြသည်။ သို့သော်ဆွဲဆောင်ပုံဆွဲဆောင်နည်းမှာ ညင်ညင်သာသာ မဟုတ်။ ယုတ်မာကြမ်းတမ်းလှသည်။ အတင်းအဓမ္မ ခြိမ်းခြောက်ပြီး ဆွဲဆောင်ခြင်းဖြစ်သည်။ အကြမ်းဖက်သတ်ဖြတ်ပြီး ဆွဲဆောင်ခြင်း ဖြစ်သည်။
>
> "လက်နက်အပြည့်အစုံ ကိုင်ဆွဲထားကြသည့် လူဖြူတို့သည်

mgyoe.com

မြို့ပတ်ဝန်းကျင် ရွာနီးချုပ်စပ်များသို့ ဟိုမှသည်မှ သွားလာလှုပ်ရှားကြ၏။ လှည့်လည်ကြ၏။ လမ်းများပေါ်တွင် ဦးတည်ရာမရှိ၊ ခြေဦးတည့်ရာ လျှောက်သွားနေကြသော နီးဂရိုးများကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်ကာ လူဖြူတို့၏ စိုက်ပျိုးခင်းကြီးများသို့ ပြန်မောင်းပို့ပေးသည်။ ကျွဲအုပ်နွားအုပ်များကို မောင်းသကဲ့သို့ မောင်းသွားခြင်းဖြစ်သည်။ ငြင်းဆန်သော နီးဂရိုးများကို နေရာမှာပင် ပစ်သတ်လိုက်သည်။

"အသတ်ခံရသည့် နီးဂရိုးတို့၏ အလောင်းပေါင်း မြောက်မြားစွာကို လမ်းကြီး လမ်းငယ်အသွယ်သွယ်တို့ဘေးတွင် ထာဝစဉ် မြင်တွေ့နိုင်ပါသည်။ ကျီးတရုန်းရုန်း၊ လင်းတ တဝုန်းဝုန်းဖြင့် မြင်မကောင်းရှုမကောင်းအောင် အလောင်း တောင်လိုပုံလျက်ရှိပါသည်။

"ဆေးရုံများတွင်လည်း ကြေကွဲဖွယ်ကောင်းသည့် မြင်ကွင်းများကို မြင်တွေ့နိုင်ပါသည်။ နီးဂရိုးယောကျ်ားမိန်းမ လူနာပေါင်းများစွာတို့ကို မြင်တွေ့နိုင်သည်။ ၎င်းတို့သည် နားရွက်အဖြတ်ခံထားရသူများ၊ နှာခေါင်းအဖြတ်ခံထားရသူများ၊ ခြေများ၊ လက်များ၊ အရိုးများ ရိုက်ချိုးခြင်းခံရထားရသူများ၊ တစ်ကိုယ်လုံး ဓားနှင့်အမွှန်းခံထားရသူများ စသည်ဖြင့် ရင်နာဖွယ်မြင်ကွင်း ဖြစ်ပါသည်။ ယင်းနီးဂရိုးများကို လူဖြူများက နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းထားခြင်း ဖြစ်ပါသည်။

"သို့ကလို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းများ၊ လူမဆန်သော အပြုအမူများကို တောင်ပိုင်းဒေသ အမြောက်အမြားတွင် တွေ့ရှိနိုင်ပါသည်"

အစရှိသည်ဖြင့် ဆီနိတ်လွှတ်တော်အမတ် ကားလ်ရှတ်ဇ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူဖြူတို့သည် အသင်းအဖွဲ့များအနေဖြင့် လည်းကောင်း၊ အစုအဝေးများအနေဖြင့်လည်းကောင်း၊ ဖွဲ့စည်းစုဝေးကြကာ နီးဂရိုးများကို စိတ်တိုင်းကျ ညှဉ်းပန်းနှိပ်စက်နေကြသည်။ လမ်းမပေါ်မှာတွေ့သော နီးဂရိုးကိုသတ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဖြတ်သည်။ လူစဉ်မမီအောင် လုပ်သည်။ မသေမရှင် ထားသည်။

နီးဂရိုးတို့ဖြစ်သလို နေကြရသည့်အိမ်များ၊ အဆောက်အဦများ၊ နီးဂရိုးပိုင်ပစ္စည်းပစ္စယများကိုတွေ့လျှင် မီးတင်ရှို့သည်။ ဖျက်ဆီးသည်။

နီးဂရိုးတို့၏ စီးပွားရေးလုပ်ငန်းကလေးများ၊ အသက်မွေးဝမ်းကျောင်း

mgyoe.com

mgyoe.com

လုပ်ငန်းကလေးများကိုတွေ့လျှင် လုံးဝသုံးမရတော့အောင် ဖျက်ဆီးပစ်သည်။

ထို့ထက်ပို၍ ဆိုးရွားသည်မှာကား နီးဂရိုးအမျိုးသမီးများကိုတွေ့လျှင် ပျိုသည် အိုသည်မဟူ၊ ကြီးသည်ငယ်သည်မဟူ လှလားမြောက်သည် မမြောက်သည်မဟူ၊ ကိုယ်ဝန်အရင့်အမာရှိသည် မရှိသည်မဟူ၊ လူစုလူဝေးနှင့်ဝိုင်း၍ လူမဆန်စွာ သားမယားကျင့်လိုက်ကြခြင်း ဖြစ်လေသည်။

လင်ရှိသော နီးဂရိုးအမျိုးသမီးကို လင်ယောကျ်ား၏ ရှေ့မှောက်မှာပင် ပြုကျင့်ကြ၏။

မောင်ဖွားရှိသော နီးဂရိုးအမျိုးသမီးကို မောင်ဖွားတို့၏ရှေ့မှောက်မှာပင် ပြုကျင့်ကြ၏။

အဖေရှိသော နီးဂရိုးအမျိုးသမီးကို အဖေ၏ရှေ့မှောက်မှာပင် ပြုကျင့်ကြ၏။

အရွယ်ရောက်စ လူဖြူကလေးများကို နီးဂရိုးအမျိုးသမီးများနှင့် ဖိုမဆက်ဆံရေး လက်တွေ့သင်တန်း ဆင်းစေ၏။

နီးဂရိုးအမျိုးသမီးများအား ဖမ်းယူပြီး ဖိုမဆက်ဆံရေးနည်းမျိုးစုံကို လက်တွေ့စမ်းသပ်ကြ၏။

နီးဂရိုးဟူသည်မှာ လူဖြစ်လာရသော်လည်း ဘာတန်ဖိုးမှ မရှိတော့။ တိရစ္ဆာန်တစ်ကောင်မျှပင် တန်ဖိုးမရှိတော့ကြောင်းကို တောင်ပိုင်းဒေသသူ လူဖြူအမျိုးသမီး မစ္စစ်ဆမီဒီတင်သွင်းသည့် ပြန်လည်တည်ဆောက်ရေး အစီရင်ခံစာအရ ထင်ရှားလေသည်။ ယင်းအစီရင်ခံစာတွင် ...

> "အလာဘားမားပြည်နယ်၊ မစ္စစ်စပီပြည်နယ်နှင့် လူဝီစီယာနာပြည်နယ်များရှိ နီးဂရိုးတစ်ယောက်၏ဘဝသည် ဘာမျှတန်ဖိုး မရှိတော့ကြောင်း ကျွန်မကိုယ်တိုင် မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုက ထင်ရှားပါသည်။ နီးဂရိုးတစ်ယောက်သည် မြင်းတစ်ကောင်ကိုစီးပြီး ရောက်လာသည်။ လူဖြူ တစ်ယောက်က လက်ထဲမှသေနတ်ဖြင့် မြင်းစီးလာသော နီးဂရိုး၏ ခြေထောက်ကို ပစ်ချိုးလိုက်သည်။ မြင်းကိုမောင်းထုတ်လျှင် ခက်ခဲနေဦးမည်။ မြင်းစီးလာသော နီးဂရိုးကိုမောင်းထုတ်ခြင်းက ပို၍လွယ်ကူပါသည်ဟု သေနတ်နှင့်ပစ်သူက ပြောသည်။
>
> "အလာဘားမား၊ မစ္စစ်စပီနှင့် လူဝီစီယာနာ ပြည်နယ်များတွင် ထိုကဲ့သို့ ပြုလုပ်တတ်သူများ၊ ထိုစိတ်သဘောထားမျိုးရှိသူများ မြောက်မြားစွာ

mgyoe.com